

သိမ်နှုတ်၊ သိမ်သမုတ်အတွက် အထူးစီစဉ်ရေးသားအပ်သော

# သီမာဝိနိစ္ဆယာဒီကျမ်း

## ဘဒ္ဒန္တ ကောဝိဒ

(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)

ပျော်ဘွယ် – ရေလယ်ဆရာတော်

အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

စီစဉ်ပူဇော်သည်

သိမ်နှုတ်၊ သိမ်သမုတ်အတွက် အထူးစီစဉ်ရေးသားအပ်သော

# သီမာဝိနိစ္ဆယာဒိကျမ်း

ဘဒ္ဒန္တကောဝိဒ
(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)
ပျော်ဘွယ်ရေလယ်ဆရာတော်

# သိမာဝိနိစ္ဆယာဒီကျမ်း


၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

အဖုံးဒီဇိုင်း – **စိုးစိုး** (Star Colour)

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၅၄၄၀၅၀၆ နှင့်

အဖုံးခွင့်ပြုချက်အမှတ် – ၄၀၀၅၇၁၀၅၀၇

တို့အရ **ရွှေမီးအိမ်ကွန်ပျူတာ**တွင်

စာရေးဆရာ **ချာန်ရဲထက်**က စာစီ၍

အတွင်းဖလင်များကို **ဦးမျိုးညွန့်**က ပြုလုပ်ကာ

မျက်နှာဖုံးနှင့် အတွင်းစာသားများကို

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၂၅ လမ်း၊

**ဟင်္သာပုံနှိပ်တိုက်** ဦးတင်လှိုင်က ရိုက်နှိပ်ပြီး

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်

**ရွှေမီးအိမ်စာပေနှင့် အကျိုးဆောင်လုပ်ငန်း** မှ

ထုတ်ဝေဖြန့်ချိသည်။



ဘဒ္ဒန္တ ကောဝိဒ

(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ) ပျော်ဘွယ် - ရေလယ်ဆရာတော်



သိမာဝိနိစ္ဆယာဒီကျမ်းဖြစ်မြောက်ရေးအတွက် နဝကမ္မဝတ္ထုငွေ သုံးသိန်းကျပ်ကို ရက်ရက်ရောရော စွန့်ကြဲ လှူဒါန်းခဲ့ကြသည့်

ကျောင်းဒါယကာကြီး ဦးရွှေဘော် + ကျောင်းဒါယိကာမကြီး ဒေါ်စောမှီ

## မာတိကာ


| | | |
|---|---|---|
| ၁။ | သိမ်အကြောင်း သိကောင်းစရာများ | ၁ |
| ၂။ | သိမ်မည်ပုံ | ၁ |
| ၃။ | သိမ်အမျိုးအစား အပြား ၂–ပါး | ၂ |
| ၄။ | ဗဒ္ဓ၊ အဗဒ္ဓသိမ်အပြား | ၃ |
| ၅။ | သိမ်အပြား ၈–ပါး | ၄ |
| ၆။ | ကြိုတင်ပြုလုပ်ရမည့် ပုဗ္ဗကိစ္စ ၄–ချက် | ၅ |
| ၇။ | ဗဒ္ဓသိမ်အပြား | ၅ |
| ၈။ | ခဏ္ဍသိမ်၊ မဟာသိမ်ပမာဏ | ၆ |
| ၉။ | ကံတစ်ခုကို ကံတစ်ခုက မဖျက်နိုင်ခြင်း | ၆ |
| ၁၀။ | အဗဒ္ဓသိမ်အပြား | ၇ |
| ၁၁။ | ကံတစ်ခုက ကံတစ်ခုကို မဖျက်နိုင်ခြင်း | ၈ |
| ၁၂။ | ဝိသုံဂါမအဆုံးအဖြတ် | ၉ |
| ၁၃။ | ဝိသုံဂါမဝိဂ္ဂဟ | ၁၁ |
| ၁၄။ | ဦးမြတ်သာဦး ဝိသုံဂါမခံယူပုံ | ၁၂ |
| ၁၅။ | မင်းတုံးမင်းက ပေးပုံအမိန့်စာ | ၁၃ |

၁၆။ ဝိသုံဂါမ အင်္ဂါ ၄–ပါး ၁၃

၁၇။ ဝိသုံဂါမ ၂–မျိုး ၁၅

၁၈။ နိဂမ၊ နဂရ၊ ဂါမတို့အထူး ၁၇

၁၉။ ဇနပဒနှင့် ရဋ္ဌအထူး ၁၇

၂၀။ သတ္တဗ္ဘန္တရသိမ် မှတ်ဖွယ်များ ၁၇

၂၁။ တံငါသည်များ နေ့ချင်းလူးလာ––နိုင်ရာ၌ ဆိုမှတ်ဖွယ် ၁၉

၂၂။ သတ္တဗ္ဘန္တရသိမ် ၂–မျိုး ၂၀

၂၃။ သတ္တဗ္ဘန္တရသိမ် ၂–မျိုး ထူးခြားပုံ ၂၀

၂၄။ ဥဒကုက္ခေပသိမ် မှတ်ဖွယ်များ ၂၁

၂၅။ ဇာတဿရအိုင် ဥဒကုက္ခေပသိမ်ဖြစ်ပုံ ၂၂

၂၆။ ဥဒကုက္ခေပသိမ် ပမာဏ ၂၃

၂၇။ အဗဒ္ဓသိမ်အမျိုးအစားမှ ဗဒ္ဓသိမ်အမျိုးအစားသို့ ရောက်ရှိစေရန် ကြိုတင်ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စလုပ်ငန်းစဉ်များ ၂၄

၂၈။ မဟာသုမထေရ်ဝါဒကို အလေးမပြုပုံ ၂၇

၂၉။ မဟာပဒုမထေရ်ဝါဒ၏ကို အလေးပြုပုံ ၂၇

၃၀။ နယ်သိမ်းသိမ်သမုတ်ရန် အချက် ၄–ချက် ၂၈

၃၁။ ခဏ္ဍသိမ်သမုတ်နည်း နည်းလမ်း ၂–သွယ် ၂၉

၃၂။ ဂါမခေတ်တစ်ခုတည်း၌ သိမ်သမုတ်ပုံ ၂၉

၃၃။ ဆန္ဒပေးပုံ ၃၁

၃၄။ ဆန္ဒလျှောက်ပုံ ၃၁

၃၅။ သမ္မုတ္တိ ၃–ပါး ၃၂

၃၆။ ပရိသတ်၏ ပြည့်စုံခြင်း ၃၂

၃၇။ ကမ္ဘဝါစာ၏ ပြည့်စုံခြင်း ၃၂
၃၈။ နိမိတ်၏ ပြည့်စုံခြင်း ၃၃
၃၉။ တောင်နိမိတ် မှတ်သားဖွယ် ၃၃
၄၀။ တောင် ၃–မျိုး ၃၄
၄၁။ ကျောက်နိမိတ် ၃၅
၄၂။ တောနိမိတ် ၃၇
၄၃။ သစ်ပင်နိမိတ် ၃၈
၄၄။ လမ်းနိမိတ် ၃၉
၄၅။ တောင်ပို့နိမိတ် ၄၀
၄၆။ မြစ်နိမိတ် ၄၀
၄၇။ ရေနိမိတ် ၄၁
၄၈။ သိမ်နှုတ်၊ သိမ်မှတ် အစီအစဉ်များ ၄၃
၄၉။ အကြိမ်ကြိမ် နှုတ်ရပုံ ၄၇
၅၀။ တိုးချဲ့၍ နှုတ်သင့်ပုံ ၄၇
၅၁။ သိမ်သမုတ်ရန် ၄၉
၅၂။ နယ်သိမ်းခဏ္ဍသိမ် သမုတ်ရန် အချက် ၄–ချက် ၄၉
၅၃။ နယ်သိမ်းရာ၌ အစောင့်ထားရခြင်း ၅၀
၅၄။ နိမိတ်တွင်း ပျံ့နှံ့၍တည်ပုံ ၅၁
၅၅။ သိမ်နိမိတ်ကြားခြင်း ၅၃
၅၆။ အနီးနိမိတ်ကြားပုံ ၅၃
၅၇။ နိမိတ် ၈–မျိုးမည်ပုံ ၅၃
၅၈။ သီလသမ္မုတိဧယျမင်္ဂလာ ကောင်းချီးသြဘာစာ ၅၈

၅၉။ သိမ်မြေနှုတ် ဇယားကွက်များ ၆၇
၆၀။ သိမ်နှုတ် သိမ်သမုတ်ကံ အစီအစဉ် ၇၃
၆၁။ သိမ်နှုတ်ရခြင်းအကျိုး ၇၄
၆၂။ သိမ်နှုတ်နည်း ၂–မျိုး ၇၄
၆၃။ သိမ်နှုတ်ရန် ကံအစီအစဉ် ၇၅
၆၄။ သိမ်သမုတ်ပုံ ၂–မျိုး ၈၀
၆၅။ ဆန္ဒပေးပုံ ပြန်ကြားလျှောက်ထားပုံ ၈၂
၆၆။ နိမိတ်ကြားနည်း ၃–မျိုး ၈၃
၆၇။ နိမိတ် မေး+ဖြေကြားနည်း ၃–မျိုး ၈၄
၆၈။ ဒီဃာယုကကျောင်း သိမ်သမုတ်စဉ်က ညောင်စောင်းကွက်များ ၈၇
၆၉။ သိမ်နမိတ်ကြားပုံ အကျဉ်းချုပ် ၉၃
၇၀။ သာသနရက္ခိတသိမ်သမုတ်ပွဲ အခမ်းအနား အစီအစဉ် ၉၇

# အမှာစာ

## အရေးအပါဆုံးကျမ်းစာ

"သဒ္ဒါမှာ လိင်၊ ဝိနည်းမှာ သိမ်..." ဟူသော ရှေးပညာရှိတို့၏ မိန့်မှာချက်အရ သဒ္ဒါကျမ်းအရာ၌ လိင်အဆုံးအဖြတ်သည် အရေးကြီးလှသည်။ ထို့အတူ ဝိနည်းအရာ၌ သိမ်သည် အရေးကြီးလှသည်။ မှန်ပါသည်– အောင်မြင်စွာ သမုတ်ထားသော သိမ်ဖြစ်မှသာ ရဟန်းတော်များ၏ ကံကြီး ကံငယ်ကိစ္စများ အောင်မြင်နိုင်သည်။ ထို့အပြင် ရဟန်းအဖြစ် သွတ်သွင်း ချီးမြှင့်ရာ၌ အောင်မြင်နိုင်သည်။ သိမ်မအောင်မြင်၍ ရဟန်းအဖြစ် မအောင်မြင်လျှင် သာသနာမျိုးဆက် ပြတ်တောက် သွားနိုင်ပေသည်။

## ပညာရှင်များ အလေးထား

သိမ်သည် သာသနာတော်အတွက် အရေးကြီးလှသဖြင့် ကျမ်းဂန်တတ် အကျော် ဆရာတော်အဆက်ဆက်တို့သည် သိမ်နှုတ်၊ သိမ်သမုတ်ကိစ္စများကို အလေးဂရုပြု ဆောင်ရွက်တော်မူခဲ့ကြသည်။ ဝိနည်းကို လေးစားကြ၊ အလိုလည်း နည်းပါးကြသော ဆရာတော်ကြီး အချို့တို့သည် အခြားသာရေး၊ နာရေး ကိစ္စများကို မလိုက်ပါဘဲ လျစ်လျူရှုခဲ့ကြသော်လည်း သိမ်နှုတ်၊

သိမ်သမုတ် ကိစ္စများကိုမူ လေးလေးစားစား လိုက်ပါဆောင်ရွက်တော်မူလျက် ရှိကြရာ သိမ်၏ သာသနာတော်အတွက် အသက်သွေးကြောပမာ အရေးကြီးလှ သည်မှာ အထူးပြောစရာမလိုပေ။

## သိမ်နှင့်ဆိုင်သော ကျမ်းစာများ

သိမ်သည် သာသနာတော်အတွက် အရေးကြီးသည့်အလျောက် ကျမ်းဂန် တတ် **အကျော်** ဆရာတော်များသည် သိမ်နုတ်၊ သိမ်သမုတ်နှင့်ပတ်သက်၍ အလွတ်ညွှန်ကြားနိုင်ခဲ့ကြသည်။ သို့သော်လည်း သိမ်အကြောင်းကို အဋ္ဌကထာ၊ ဋီကာများကို ရှာဖွေမွှေနှောက်ကြည့်လျှင် အင်မတန် ခက်ခဲနက်နဲလှကြောင်း၊ တော်ရုံတန်ရုံ ကျမ်းဂန် တတ်ရုံမျှဖြင့် သဘောမပေါက်နိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ကျမ်းဂန်တတ်ကျော် ဆရာတော်အချို့တို့က တပည့်အစဉ်အဆက် သိမ်သမုတ်ရာ၌ အလွယ်တကူ လေ့လာနိုင်စေလိုသောစေတနာဖြင့် ကျမ်းစာ ပေါင်းများစွာကို ရှုထောင့် အသီးသီးမှနေ၍ ရေးသားပြုစုတော် မူခဲ့ကြသည်။ ယင်းသို့ ပြုစုသော ကျမ်းစာများ အနက် မိုင်းခိုင်ဆရာတော်ရေးသားပြုစုသော **ဆန်းပုံ သိမ်ပုံ ကျမ်း**၊ တပ်ကုန်းမြို့နယ် ညောင်လွန့်တောရတိုက် ရဟန္တာဟု ကျော်ကြားတော်မူသော ဆရာတော် **ဦးမေဓာဝီ**နှင့် ဆရာတော်ဦးနာယကတို့ ရေးသားသော **သိမ်ပုံဝိနိစ္ဆယကျမ်း**၊ မန္တလေးမြို့ အဘယာရာမ ရွှေဂူတိုက် ဆရာတော် ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသ ရေးသားအပ်သော **သိမ်သင်တန်း**၊ ရေနီမြို့ ဦးရိပ်သာဆရာတော် ညောင်လွန့်အရှင်သောဘိတာစာရ ရေးသား အပ်သော **သိမ်မျိုးစုံ ဘာသာဋီကာ** စသောကျမ်းစာများသည် အထူးထင်ရှား လှပေသည်။

## သီမာဝိနိစ္ဆယာဒိကျမ်း ပေါ်ထွက်

အထက်ပါကျမ်းစာများ ရှိနေကြသော်လည်း ခေတ်၏ လိုအပ်ချက်အရလည်းကောင်း၊ သိမ်အကြောင်းမှာ ခက်ခဲနက်နဲလွန်းသောကြောင့်လည်းကောင်း သိမ်အကြောင်း ရေးသားထားသော အခြားကျမ်းစာများ လိုအပ်နေဦးမည်သာ။ ထို့ကြောင့် ၎င်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ဤသီမာဝိနိစ္ဆယာဒိကျမ်း ပေါ်ထွက်ခဲ့ခြင်းဖြစ်ပေရာ သုတလိုလား အရှင်မြတ်များအနေဖြင့် မနောမယပတ္တမြားကြီး ရသည့်အလား ကြည်နူးဝမ်းမြောက်ကြမည်မှာ မလွဲကေန်ပင်။

## ကျမ်းပြုဆရာ၏ ဂုဏ်ရည်

ဤကျမ်းကို ပြုစုသူမှာ မန္တလေးတိုင်း ပျော်ဘွယ်မြို့၊ ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ မထေရ်မြတ်ကြီး ဖြစ်သည်။ ဆရာတော်သည် အစိုးရဓမ္မာစရိယဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် များကို ရရှိထားသည်။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ စသော နိုင်ငံတော်ရှိ ကြီးမားသောသာသနာ့တာဝန်ကြီးများကို ထိပ်တန်းမှ ထမ်းဆောင်နေပြီး ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက်ကြီးကို နှစ်ပေါင်းများစွာ အုပ်ချုပ်လျက် စာပေပို့ချခြင်းတာဝန်များကိုပါ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည်။ ထိုမှတဖန် ရမည်းသင်းခရိုင်ဝန်းကျင်၌ သိမ်ပေါင်းများစွာကို ဦးဆောင် ဦးရွက်ပြု၍ သမုတ်ခဲ့သည်။ ထို့ကြောင့် စာရှုသူတို့အနေဖြင့် ကျမ်းပြုဆရာ၏ ဂုဏ်ရည်ကိုထောက်ဆ၍ ဤကျမ်း၏ အရည်အသွေးကို အပွေးမြင် အပင်သိလောက်မည် ဖြစ်ပေသည်။

## ကျမ်းပြုဆို အိုမှ

စာပေလောက၌ "သမားဆို အိုမှ၊ စာချဆို ပျိုမှ" ဟူသော ဆိုရိုးစကားရှိသည်။ အဓိပ္ပာယ်မှာ ဆေးကုသော ဆေးသမားမှာ အသက်အရွယ်အိုမင်းမှ ဗဟုသုတအတွေ့အကြုံ ပြည့်ဝသဖြင့် ပို၍တော်ကြောင်း၊ ပို၍ကောင်းကြောင်း ဆိုလိုသည်။ စာချသူမှာ အသက်အရွယ်နုပျိုမှ အားပါးတရ စာပေပို့ချနိုင်သဖြင့် စာချသူမှာ နုပျိုမှ ပို၍ကောင်းသည်ဟု ဆိုလိုသည်။

ကျမ်းစာပြုစုသူမှာ အတွေ့အကြုံရင့်သန်မှ ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ် ပိုမိုကောင်းမွန်သော ကျမ်းကြီးကျမ်းခိုင်ဖြစ်အောင် ပြုစုရေးသားနိုင်သဖြင့် ကျမ်းပြုဆို အိုမှဟု ဆိုချင်ပါသည်။ ဤကျမ်းစာမှာ ကျမ်းပြုမထေရ်မြတ်ကြီး သက်တော် ၈၀ ကျော်မှ ရေးသားပြုစုထားသဖြင့် ဤကျမ်းစာအဘယ်မျှ ခိုင်ခန့်တည်ကြည် လေးနက်မည်ကို မှန်းဆ ကြည့်သိနိုင်လိမ့်မည်ထင်ပေသည်။

**အရှင်စန္ဒောဘာသ**

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

အာဂုံဆောင်ကျမ်းများကျမ်းပြု

အောင်သိဒ္ဓိကျောင်း ပရိယတ္တိစာသင်တိုက်

ဓမ္မသုခကျောင်းတိုက် ကြားတောရလမ်း

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၁-၂-၂၀၀၇။

နမော ဗုဒ္ဓဿ

# သိမ်နှုတ် - သိမ်သမုတ်

# သိမာဝိနိစ္ဆယာဒိကျမ်း

## သိမ်အကြောင်း သိကောင်းစရာများ

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မျှတရှင်ပျော် သီတင်းသုံး နေထိုင်တော်မူစဉ်ကာလ ရဟန်းတော်များကို ကံကြီး၊ ကံငယ် ဆောင်ရွက်နိုင်ရန်အလို့ငှာ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ" ဟု သိမ်ကို ခွင့်ပြုတော်မူသည်။

## သိမ်မည်ပုံ

(က) သိမာယတေ သမဂ္ဂေန သံဃေန ကမ္မဝါစာယ ဗန္ဓိယတေတိ သီမာ- ဟူသော ဝစနတ္ထနှင့်အညီ ညီညွတ်သော သံဃာသည် ဉာတ်ကမ္မဝါစာဖြင့် ဖွဲ့သမုတ်အပ်သော ကျေးရွာအုပ်စု၊ ရပ်ကွက်အပိုင်းအခြားသည် သိမ် မည်၏။

(ခ) နိသီယတေ ရာဇာဒီဟိ အယံ အသုကဿ မရိယာဒီဟိ ပရိစ္ဆိန္နိတွာ ဗန္ဓိယတေတိ သီမာ- ဟူသော ဝစနတ္ထနှင့်အညီ မင်းအစရှိသည်တို့သည် "ဤမည်သော ရပ်ကွက်အပိုင်းအခြားသည် ဤမည်သော ရွာ၏အပိုင် အခြားတည်း"ဟု ပိုင်းခြားကန့်သတ် ဖွဲ့ထားအပ်သော ကျေးရွာအုပ်စု၊ ရပ်ကွက်အပိုင်းအခြားသည် သိမ်မည်၏။

**မှတ်ချက်။** ။ သိမ်ဟူသည် အပိုင်းအခြား တစ်ခုဖြစ်၏။ ထိုအပိုင်းအခြားသည် လောက၌ ရွာအပိုင်းအခြား၊ မြို့အပိုင်းအခြား၊ နိုင်ငံအပိုင်းအခြားများကို သတ်မှတ်ရာ၌ အကျိုးရှိသကဲ့သို့ မြတ်စွာဘုရားသာသနာတော်တွင်လည်း ဥပုသ်၊ ပဝါရဏာ၊ ကံကြီး၊ ကံငယ်ဆောင်ခြင်းဟူသော သံဃာတို့၏ ပြုဖွယ်ကိစ္စအရပ်ရပ်ကို ပြုလုပ်ရာ၌ အကျိုးရှိပေသည်။

## သိမ်အမျိုးအစား အပြား ၂-ပါး

ထိုသိမ်သည် ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ် ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်-

(က) ဝိပ္ပတ္တိသိမ် တစ်ဆယ့်တစ်လုံးကိုကျော်လွန်၍ သမ္ပတ္တိသုံးပါးနှင့် ပြည့်စုံစေလျက် နိမိတ်အချင်းချင်း စပ်အောင်ကြား၍ ဝိနည်း၌ လိမ္မာသော ဗျတ္တပဋိဗလနှင့် ပြည့်စုံသော စတုဝဂ်သံဃာတော်တို့သည် ဉတ်၊ ကမ္မဝါစာတို့ဖြင့် ဖွဲ့သမုတ်အပ်သော သိမ်သည် **ဗဒ္ဓသိမ်** မည်၏။

(ခ) ဉတ်၊ ကမ္မဝါစာတို့ဖြင့် မဖွဲ့၊ မသမုတ်အပ်မူ၍ သူ့အလိုအလျောက်ဖြစ်သော သိမ်သည် **အဗဒ္ဓသိမ်** မည်၏။

**သာဓက။** ။ သီမာတိ နာမေသာ ဗဒ္ဓသီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ။ ဧဝံ ကောဒသ ဝိပ္ပတ္တိသီမာယော အတိက္ကမိတွာ တိဝိဓသမ္ပတ္တိံ ယုတ္တာ နိမိတ္တေန နိမိတ္တံ သမ္ဗန္ဓိတွာ သမ္မတာ သီမာ **"ဗဒ္ဓသီမာ"**တိ ဝေဒိတဗ္ဗာ။ **(ကင်္ခါ-၄၊ ၈၇-၉၀)**

**မှတ်ချက်။** ။ ဝိပ္ပတ္တိသိမ် ၁၁-လုံးနှင့် သမ္ပတ္တိသိမ် ၃-ပါးတို့ကို နောက်မှ ပြဆိုပါမည်။

## ဗဒ္ဓ၊ အဗဒ္ဓသိမ်အပြား

(က) ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်၊ သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ် ဟူ၍ သုံးမျိုး။

(ခ) အဗဒ္ဓသိမ်သည်လည်း ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ် ဟူ၍ သုံးမျိုး ပြားကြသည်။

**သာဓက** – (က) ခဏ္ဍသီမာ၊ သမာနသံဝါသသီမာ၊ အဝိပ္ပဝါသသီမာတိ တဿာယေဝ၊ (ဗဒ္ဓသီမာယေဝ) ပဘေဒေါ။

(ခ) အဗဒ္ဓသီမာ ပန ဂါမသီမာ သတ္တဗ္ဘန္တရသီမာ ဥဒကုက္ခေပ သီမာတိ တိဝိဓာ။

(က) ၁။ နိမိတ်ပိုင်းခြားသောကြောင့် **ခဏ္ဍသိမ်** မည်၏။

၂။ ဥပုသ်, ပဝါရဏာ စသော ကံကို တကွနက်ပြုခြင်းငှာ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ခြင်းသည် **သမာနသံဝါသသိမ်** မည်၏။

၃။ တိစီဝရိတ်ဆောင် ရဟန်းတော်တို့သည် သင်္ကန်းနှင့် မကင်းစေခြင်းငှာ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ခြင်းသည် **အဝိပ္ပဝါသ**သိမ် မည်၏။

**တစ်နည်း။** ။ သံဃာသိမ်းဆည်းလွယ်ကူစေခြင်းငှာ ကျောင်းတိုက်၏ တစိတ်–တစ်ဝက်၊ ဂါမခေတ်၏ တစိတ်–တစ်ဝက် စသည်ဖြင့် ပိုင်းဖြတ်၍ သမုတ်အပ်သော သိမ်သည် **ခဏ္ဍသိမ်** မည်၏။

(ခ) ၁။ အကြင်မျှလောက် တစ်ခုသော ဂါမခေတ်သည် **ဂါမသိမ်** မည်၏။

ရေမြေကို အစိုးရသောမင်းသည် တစ်စုံတစ်ယောက်သော သူအား ရွာစားပေး၏။ ထိုရွာစား များသည် အခွန်အတုတ် ရရာဖြစ်သောအရပ်သည် ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ ထိုအရပ်သည် ဂါမဟူသော အရေအတွက် သို့ရောက်၏။ (ဝါ) **ဂါမသိမ်** မည်၏။

၂။ ရွာမဟုတ်သောတော၏ ထက်ဝန်းကျင်မှ (၇) အဗ္ဘန္တရရှိသော အရပ်သည် **သတ္တဗ္ဘန္တရသိမ်** မည်၏။

၃။ မြစ်၌လည်းကောင်း၊ သမုဒ္ဒရာ၌ လည်းကောင်း၊ အလိုလို ဖြစ်သော ဇာတဿရအိုင်၌လည်းကောင်း "အားအလယ် အလပ်ရှိသော ယောကျ်ားသည် ထက်ဝန်းကျင်မှ ရေ-သဲကို ကြဲချ၏၊ ထို ရေတစ်ကျ၊ သဲတစ်ကျ ကျရာအရပ်၌ (အတူ ပေါင်းဖော်ခြင်းရှိသဖြင့် တကွနက် ဥပုသ်ပြုခြင်းငှာ အပ်၏ ဟုဆိုသောကြောင့်) ထိုအရပ်သည် **ဥဒကုက္ခေပသိမ်** မည်၏။

## သိမ်အပြား ၈-ပါး

**သိမ်သည်-** ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ်၊ ခဏ္ဍသိမ်၊ သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ်၊ ဂါမသိမ်၊ သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပ သိမ် ဟူ၍ ၈-မျိုး ပြားသည်။

**သာဓက-** (ခ) ၁။ ယာဝတာ ဧကံ ဂါမခေတ္တံ၊ အယံ **ဂါမသီမာ** နာမ။

**(ကင်္ခါအဋ္ဌကထာ)**

ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ။
**(ကင်္ခါဋီကာ)**

[ရွာကို ယူဆသဖြင့် ဤအရာ၌ မြို့ကိုလည်း ယူအပ်၏။]

ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဂါ ဗလိံ လဗ္ဘန္တိ၊ သော ပဒေသော အပ္ပေါ ဟောတု-မဟန္တော ဝါ ဟောတု **ဂါမသီမ**တွေဝ သင်္ချံ ဂစ္ဆတိ။
**(ကင်္ခါဋီကာ)**

[နဂရ နိဂမသီမာသုပိ ဧသေဝ နယော]

[မြို့နှင့် ရွာ, နိဂုံးတို့ကိုလည်း ဤနည်းအတူပင် ယူရမည်။]

(ခ) ၂။ အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ **သတ္တဗ္ဘန္တရ သီမာ** နာမ။ **(ကင်္ခါအဋ္ဌကထာ-၉၀)**

(ခ) ၃။ နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပေါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာတိ။

(ဝိ၊ ၃၊ ၁၅၀)

## ကြိုတင်ပြုလုပ်ရမည့် ပုဗ္ဗကိစ္စ ၄–ချက်

၁။ အခွန်လွတ် သာသနာ့မြေ ဖြစ်ပြီးဖြစ်ခြင်း၊

၂။ အခွန်လွတ် သာသနာ့မြေအနက်မှ ဗဒ္ဓသိမ်သမုတ်လိုသော မြေကွက်ကို သက်ဆိုင်ရာအရာမ်ပိုင် ပုဂ္ဂိုလ်တို့က "ဂါမဘောဇကေ" (ရွာစား)အဖြစ် ဆောင်ရွက်ရန် (သိမ်မိန့်ရရန်) လျှောက်ထားသူတစ်ဦးတည်းသော သိမ်ဒါယကာအား သဘောတူခွင့်ပြုခြင်း။

၃။ ဗဒ္ဓသိမ် သမုတ်လိုသော မြေကွက်ကို သက်ဆိုင်ရာပုဂ္ဂိုလ်က နိုင်ငံတော်သို့ ပြန်လည်ပေးအပ်ပြီးဖြစ်ခြင်း။

၄။ "ပြည်ပိုင်မင်းသည် တစ်ဦးတစ်ယောက်အား ပိုင်းခြား၍ ပေး၏"ဟူသော ဝိနည်းဒေသနာတော်အရ "ရာဇ"အရာဌ်တည်သော ရေမြေ ကို ပိုင်စိုးသော အာဏာပိုင်ပုဂ္ဂိုလ်များက "ဝိသုံဂါမ" (သီးခြားရွာ) အဖြစ် သတ်မှတ်ခွင့်ပြုခြင်း။

ဟူသော ရှေးဦးစွာ ကြိုတင်ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စ ၄–ချက်ကိုလည်း စီစဉ်ဆောင်ရွက်ရပါမည်။

## ဗဒ္ဓသိမ်အပြား

ဗဒ္ဓသိမ်သည်လည်း သမာနသံဝါသသိမ်၊ အဝိပ္ပဝါသသိမ် ဟူ၍ နှစ်မျိုးပြားသည်။ ခဏ္ဍသိမ်၊ မဟာသိမ် ဟူ၍လည်း နှစ်မျိုးရှိသေး၏။ ထိုနှစ်မျိုးတို့တွင် သမာနသံဝါသသိမ်နှင့် ခဏ္ဍသိမ် အတူတူပင်ဖြစ်၏။ အဝိပ္ပဝါသသိမ်နှင့် မဟာသိမ် အတူတူပင်ဖြစ်၏ဟု မှတ်အပ်၏။

ခဏ္ဍာသိမ်၌ အဝိပ္ပဝါသ ရှိသော်လည်း စီဝရပရိဟာရ ကျေးဇူးမများ၊ မဟာသိမ်၌သာ အဝိပ္ပဝါသ ဝေါဟာရဖြင့် အဋ္ဌကထာ အသုံးပြုတော်မူပါသည်။

## ခဏ္ဍာသိမ်၊ မဟာသိမ် ပမာဏ

(က) ခဏ္ဍာသိမ်၏ ပမာဏမှာ အယုတ်ညံ့ဆုံးအားဖြင့် နှစ်ကျိပ်တစ်ပါး (၂၁-ပါး) ဆံ့လောက်သည်ကစ၍ ရဟန်းတော် တစ်ထောင် တိုင်အောင် ဆံ့လောက်သော ပမာဏရှိသော ဗဒ္ဓသိမ်သည် ခဏ္ဍာသိမ် မည်၏။

(ခ) ရဟန်းတော် တစ်ထောင်ကျော် ဆံ့လောက်သည်မှစ၍ သုံးယူဇနာတိုင် အောင် ပမာဏရှိသော ဗဒ္ဓသိမ်သည် မဟာသိမ် မည်၏ဟု အဋ္ဌကထာ ဆရာ ပြတော်မူ၏။

**သာဓကပါဠိ** – (က) သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏှာတိ၊ ဝဋ္ဋတိ၊ တတော ပရံ န ဝဋ္ဋတိ၊ ပရံ ဘိက္ခူ သဟဿံ ဂဏှန္တီ ဝဋ္ဋတိ။

(ခ) "အနုဇာနာမိ ဘိက္ခဝေ တိယောဇနပရမံ သီမံ သမ္မန္နိတုန္တိ" **(ဝိ၊၃၊ ၁၄၅)**

**မှတ်ချက်။** ။ ဤနေရာ၌ ဥပနိဓာ ပညတ်ဖြစ်၍ ကျဉ်းငယ်သောသိမ်ကို ထောက်၍ ကြီးကျယ်သောသိမ်၊ ကြီးကျယ်သောသိမ်ကို ထောက်၍ သေးငယ်သောသိမ်ဟု ခေါ်ဆိုပညတ်ခြင်းဖြစ်သည်။

## ကံတစ်ခုကို ကံတစ်ခုက မဖျက်နိုင်ခြင်း

ဤကဲ့သို့ပြဆိုခဲ့ပြီးသော မဟာသိမ်, ခဏ္ဍာသိမ်တို့သည် နာနာသီမဖြစ်၍ ခဏ္ဍာသိမ်၌ ပြုအပ်သောကံကိုလည်း မဟာသိမ်တွင်းရှိ ရဟန်းတော်များက ဝဂ္ဂဒေါသဖြင့် မဖျက်ဆီးနိုင်၊ မဟာသိမ်တွင်း၌ ပြုအပ်သောကံကိုလည်း ခဏ္ဍာသိမ် တွင်းရှိ ရဟန်းတော်များက ဝဂ္ဂဒေါသဖြင့် မဖျက်ဆီးနိုင်၊ ဤအရာမျိုးကို သတိပြု မှတ်ထားရပါမည်။

# အဗဒ္ဓသိမ်အပြား

(၄) အဗဒ္ဓသိမ်သည် ဂါမသိမ်+သတ္တဗ္ဘန္တရသိမ်+ဥဒကုက္ခေပသိမ် ဟူ၍ ၃–မျိုးရှိရာတွင်–

(က) ရဟန်းတို့ ဗဒ္ဓသိမ်ကို ကမ္မဝါစာဖြင့် မသမုတ်သေးမီ၊ ကမ္မဝါစာဖြင့် မဖတ်သေးမီ ရဟန်းသည် အကြင်ရွာကိုဖြစ်စေ၊ အကြင်နိဂုံးကိုဖြစ်စေ အမှီပြု၍နေဪအံ့၊ ထိုရွာ၏ ဂါမသိမ်သည်လည်းကောင်း၊ ထိုနိဂုံး၏ သိမ်သည်လည်းကောင်း ရှိ၏၊ ထိုရွာနိဂုံး၌ရှိသော ဂါမ နိဂမသိမ်တည်း ဟူသော ပေါင်းဖော်ခြင်း၊ တူသောဥပုသ်ပြုခြင်း ရှိ၏။ **(ပါဠိတော်)**

(၅)(ခ) ဂါမ၊ နိဂမသဒ္ဒါနှစ်မျိုးတို့တွင် ဂါမသဒ္ဒါဖြင့် မြို့ကိုလည်း ယူပြီးဖြစ်၏။ ဂါမ၊ နိဂမရပ်ကွက်တို့တွင် အကြင်ရပ်ကွက်၌ အခွန်ကို ကောက်ခံ၏၊ ထိုအရပ်သည် ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ ဂါမသိမ်ဟူ၍ ခေါ်ဆိုအပ်၏။ မြို့, နိဂုံးတို့ကိုလည်း ဤနည်းအတူပင်တည်း။

**မှတ်ချက်။** ။ ဂါမဘောဇကဖြစ်သော ရွာသူကြီးတို့၏ အခွန်အတုတ် ရယူရာ၊ မရသော်လည်း ထိုနယ်ပယ် အပါအဝင် သုသာန်မြေ၊ တစ်ဖက် ဆည်ကန်စသော ရပ်ကွက်ဒေသဟု ဆိုအပ်သော ပကတိဂါမ သိမ်သည် လည်းကောင်း၊

၆။ (ဂ) တစ်ခုသော ဂါမခေတ်၌ "ဤမည်သော ရပ်ကွက်သည်လည်း ပကတိဂါမမှ (ဝိသုံဂါမ) သီးခြားရွာတစ်ခုဖြစ်စေ" ဟု မင်းသည် ပိုင်းခြား ကန့်သတ်၍ ပကတိရွာသူကြီးမှတစ်ပါး တစ်စုံတစ်ယောက် သောသူအား ပေးအပ်သော ရပ်ကွက်အပိုင်းအခြားဟု ဆိုအပ်သော ဝိသုံဂါမသိမ်သည်လည်းကောင်း **အဗဒ္ဓသိမ်** မည်၏။

**သာဓကပါဠိ–** (က) အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ၊ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။

(ဝိ–မဟာဝါ ပါဠိတော်)

(ခ) တတ္ထ **အဋ္ဌပိတာယာ**တိ အပရိစ္ဆိန္နာယ၊ ဂါမင္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ၊ တတ္ထ ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ၊ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရ နိဂမသီမာသုပိ ဧသေဝ နယော။ **(ဝိ၊ ၃၊ ၃၃၃)**

(ဂ) ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယမ္ပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။

**(ဝိ၊မဟာဝါ အဋ္ဌကထာ)**

## ကံတစ်ခုက ကံတစ်ခုကို မဖျက်နိုင်ခြင်း

(ဃ) ဝိသုံဂါမသိမ်၊ ပကတိဂါမ၊ နဂရ၊ နိဂမသိမ်တို့သည် ဗဒ္ဓသိမ်နှင့် တူသောကြောင့် ပကတိဂါမသိမ်တစ်ခု၌ ပြုအပ်သော ကံကို တစ်ပါးသော ပကတိဂါမခေတ်၌ ရှိသော ရဟန်း၊ ဝိသုံဂါမသိမ်တွင်း၌ တည်ရှိသော ရဟန်းတို့က ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်၊ မဖျက်နိုင်ကုန်၊ ဝိသုံဂါမသိမ်တွင်း၌ ပြုအပ်သော ကံကိုလည်း ပကတိဂါမသိမ်တွင်းရှိ ရဟန်းတို့က ဝဂ္ဂဒေါသဖြင့် မပျက်စေနိုင်ကုန်၊ အဘယ့်ကြောင့်ဆိုသော်– နာနာ သီမ၌ တည်သည်အဖြစ်ကြောင့် မပျက်စေနိုင်ကုန်ဟု အမြဲမုချ မှတ်ယူအပ်၏။

(ဃ) တသ္မာ သာ စ ဣတရာ စ ပကတိ ဂါမ နဂရ နိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ။ **(ဝိ၊ ဋ၊ ၃၊ ၃၃၃)**

**မှတ်ချက် သတိပြုရန်။** ။ ပြဆိုခဲ့ပြီးသည့်အတိုင်း နာနာသီမ၌ တည်ရှိကုန်သော ရဟန်းတို့က နာနာသီမ၌ ပြုအပ်သောကံကို ဝဂ္ဂဒေါသဖြင့် မဖျက်နိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ခဏ္ဍသိမ်, မဟာ

သိမ်ဟု ဆိုအပ်သော ဗဒ္ဓသိမ်၏မှီရာ နိဿယ ဂါမသိမ် ဖြစ်သည်ကိုလည်းကောင်း၊ ဥဒကုက္ခေပသိမ်၏ မှီရာ နိဿယ–မြစ်–သမုဒ္ဒရာ–ဇာတဿရအိုင် ဖြစ်သည်ကို လည်းကောင်း၊ သတ္တဗ္ဘန္တရသိမ်၏ မှီရာနိဿယ–အဂါမက–အရညသိမ် ဖြစ်သည် ကိုလည်းကောင်း၊ ဧကဂါမကဖြစ်စေ၊ နာနာဂါမဖြစ်စေ ဗဒ္ဓသိမ်၏မှီရာ နိဿယ ချည်းသာဖြစ်၍ သမာနသံဝါသက ကမ္မဝါစာ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် နိမိတ်အတွင်း ပထဝီ သန္ဓာရက ရေသို့ချဉ်းအောင် ဗဒ္ဓသိမ် သက်ရောက် စူးရှ နိုင်သည် အဖြစ်ကိုလည်းကောင်း သေသေချာချာ သတိပြုဆင်ခြင် နှိုင်းဆနိုင်သော ပညာရှိသူတော်ကောင်းတို့သည် ပြဆိုအပ်ပြီးသော ဧကဂါမ ခေတ္တကဒေသ သမ္မုတသိမ်နှင့် အညဂါမခေတ္တက ဒေသ သမ္မုတသိမ်ကို လေးလေးနက်နက် ထောက်ခံကြပါလိမ့်မည်။

## ဝိသုံဂါမ အဆုံးအဖြတ်

ဝိသုံဂါမ ဟူသည် အသီးအခြားဖြစ်သောရွာ၊ သီးခြားရွာဟု ဆိုလိုသည်။ **(ဝိ၊ ၄၊ ၃၊ ၃၃၃)** တစ်ခုသော ဂါမခေတ်အတွင်း၌ တစ်စိတ် တစ်ဒေသသော အရပ်ဒေသကို "ဤအရပ်၌ ဝိသုံဂါမ သီးခြားရွာဖြစ်စေ"ဟု မင်းသည် တစ်စုံ တစ်ယောက်သောသူအား ပေး၏။ ထိုပေးအပ်သောအရပ်သည် ဝိသုံဂါမ မည်၏။ နဒီ–သမုဒ္ဒ–ဇာတဿရအိုင်တို့သည် ဂါမခေတ်၌ အကျုံး မဝင်၊ မပါဝင်ပါ။ **(ဝိမတိဋီကာ–၁၅၇)** ဂါမခေတ်၌သာ မင်းက ပိုင်းခြား၍ ပေးအပ်သော် ဝိသုံ ဂါမ မြောက်၏။ ဂါမခေတ်၌ မပါဝင်သော နဒီ၊ သမုဒ္ဒ၊ ဇာတဿရအိုင်တို့၌ မင်းက ပိုင်းခြား၍ ပေးသော်လည်း ဝိသုံဂါမ မမြောက်။ အထူးမှာ– ဝိသုံဂါမကို ဂါမခေတ်၌သာ ပြုလုပ်ရသည်။ နဒီ–သမုဒ္ဒ–ဇာတဿရ အိုင်တို့၌ ပြုလုပ်၍ မရနိုင်။

"ဝိသုံဂါမ ဖြစ်စေ"ဟူသော ဝေါဟာရစကား မပါဘဲ ကျောင်း မြေဖြစ်စေ၊ ဘုရားမြေဖြစ်စေ၊ သိမ်သမုတ်ရန်ဖြစ်စေ စသည်ဖြင့် ရေမြေကို အစိုးရသော မင်းတို့က ပေးမှု ဝိသုံဂါမ မမြောက်ဟု မှတ်။

ဘုရားမြေ၊ ကျောင်းမြေများသည် ဂါမခေတ်အတွင်း၌ တည်ရှိ၍ ထိုမြေ၌ ကံပြုလျှင် ဂါမခေတ် တစ်ခေတ်လုံးရှိ သံဃာများကို သိမ်း၍ ကံပြုရမည်။ မသိမ်းဘဲ ကံပြုလျှင် ဝဂ်ဖြစ်၍ ကံပျက်သည်။

"ဤနေရာ၌ သိမ်သမုတ်နိုင်သည်၊ သိမ်သမုတ်ပါ" စသည်ဖြင့် ပေးခြင်းများလည်း [အယံ ဝိသုံဂါမော ဟောတိ] ဟူသော ဝိသေသ ပရိစ္ဆိန္နာကာရ များ မဟုတ်သဖြင့် ဝိသုံဂါမ မမြောက်ပါ။ မင်းတို့က ဝိသုံဂါမပေးရာ၌ သိမ်သမုတ်ရန် ဟူသော စကားဝါကျကား လိုရင်း မဟုတ်။ "သီးခြားရွာ, ဖြစ်စေ" ဟူသော စကားဝါကျသည်သာ ပဓာနလိုရင်း ဖြစ်သည်။

**အထူးမှာ–** ရေမြေကို အစိုးရသောမင်းက လည်းကောင်း၊ နယ်မြေသတ်မှတ် ၍ ပေးပိုင်ခွင့်အာဏာရှိသော အမတ်ကြီး စသောသူတို့က လည်းကောင်း ပေးမှသာ ဝိသုံဂါမ မြောက်သည်။ ပေးပိုင်ခွင့် အာဏာမရှိသော၊ အုပ်ချုပ်ခွင့်အာဏာမျှသာ ရှိသော သူတို့က ပေးမူ ဝိသုံဂါမ မမြောက်ဟု မှတ်ပါ။

မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင် ဤ(၃)ဌာနမှတပါး ဂါမအတွင်းရှိ ဘုရားမြေ၊ ကျောင်းမြေ၊ သုဿန်မြေပါမကျန် မြေဟူသမျှတို့၌ ဝိသုံဂါမ ခံ၍ မသမုတ်ကောင်းဟူသော လွဲမှားသော အယူဝါဒကို စင်ကြယ်သွားပါသည်။

**သာဓကပါဠိ** –(က) တတ္ထ **အဋ္ဌပိတာယာ**တိ အပရိစ္ဆိန္နာယ၊ ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ၊ တတ္ထ ယတ္တကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ၊ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ၊ နဂရနိဂမသီမာသုပိ ဧသေဝ နယော။ **(ဝိ၊ ၃၊ ၃၃၃)**

(ခ) ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယမ္ပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမော ဟောတိယေဝ။

**(ဝိ၊ ဋ္ဌ၊ ၃၊ ၃၃၃)**

(ဂ) ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သဗ္ဗော ဝ ထပေတွာ နဒီလောဏိဇာတဿရေ သီမာတိ ဝေဒိတဗ္ဗော။

**(ဝိမတိဋီကာ–၁၅၇)**

(ဃ) တသ္မာ သာ စ ဣတရာ စ ပကတိဂါမ နဂရ နိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ။ ကေဝလံ ပန တိစီဝရဝိပ္ပဝါသပရိဟာရံ န လဗ္ဘန္တိ။ **(ဝိ–၄၊ ၃၊ ၃၃၃)**

## ဝိသုံဂါမ ဝိဂ္ဂဟ

"ပေါရာဏာက ပကတိ ဂါမ နိဂမ နဂရသီမာတော ပဋိပစ္စကော ဂါမောတိ ဝိသုံဂါမော"=အာဏာပိုင် အစိုးရမင်းသည် "ဤနယ်မြေရပ်ကွက်သည် ရှေးပကတိ ဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်ဟောင်းမှ အသီးအခြား တစ်ပါးသော ရွာဖြစ်စေ" ဟူ၍ ဆိုပြီးလျှင် တစ်စုံတစ်ယောက်သောသူအား ပိုင်းခြားမှတ်သား၍ ရွာစားသူကြီး၏အဖြစ်ဖြင့် ခန့်အပ်၍ ပေးအပ်သော နယ်မြေအရပ်သည် **ဝိသုံဂါမ** မည်၏။

ပြဆိုခဲ့ပြီးသော ပကတိဂါမသိမ်၊ နဂရသိမ် မြေအရပ်၏အတွင်း၌ တစ်ခုသော အရပ်ကို နယ်လေးရပ် သတ်မှတ်ပိုင်းခြား၍ "ဤမြေအရပ်သည် ရှေ့ပကတိ ဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်မှ အသီးအခြား တစ်ပါးသော ရွာသီးခြားဖြစ်စေ" ဟူ၍ ဆိုပြီးလျှင် ရေမြေကို အစိုးရသော အာဏာပိုင်မင်းက တစ်စုံတစ်ယောက်သော သူအား ရွာစားပေး၏။ [ရွာသူကြီးခန့်၏] ထိုမင်းသည် "တစ်ခုသော ရွာသီးခြား ဖြစ်စေ"ဟူ၍ ဆိုပြီးလျှင် သူကြီး ရွာစားအား ရွာစားပေးရာ ဖြစ်သော နယ်မြေ အရပ်သည်လည်း **ဝိသုံဂါမ** မည်၏။

ထိုဝိသုံဂါမ သိမ်သည်လည်းကောင်း၊ ရှေ့၌ပြခဲ့ပြီးသော ပကတိဂါမ, နိဂမ, နဂရသိမ်သည်လည်းကောင်း၊ ဗဒ္ဓသိမ်နှင့် တူသည်သာဖြစ်၍ ၎င်းသိမ်တို့၌ ဥပုသ်၊ ပဝါရဏာ အစရှိသော သံဃာ့ကံကို ပြုခြင်းငှာ အပ်၏။

[အဋ္ဌကထာသာဓက–ခ+ဂ ပါဠိတော်ပါ]

**မှတ်ချက်။** ။ ဤဝိသုံဂါမပေးရာ၌ မြေကို အပိုင်ရခြင်းသည် ပမာဏမဟုတ်။ **(အဌကထာ၌ ဝိသုံဂါမော ဟောတုတိ)**ဟူ၍ ပေးပုံ အာကာရကို သေချာစွာ မိန့်ဆိုထားခြင်းကြောင့် ရွာသီးခြား၊ နယ်သီးခြား ဖြစ်အောင် ပေးခြင်းသာ ပမာဏ ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကာလ၌ လူအများအားလုံးအား ပေးနေကျ လယ်မြေဂရမ် ပေးခြင်းကဲ့သို့ ဝိသုံဂါမ အသံကိုမှ မကြားရဘဲ သိမ်သမုတ်လိုသောသူက သိမ်ဂရမ်မြေကိုသာ ပဓာနပြုလုပ်၍ ပေးခြင်းသည် ဝိသုံဂါမ ဖြစ်ဖို့ရန် အလွန်ခဲယဉ်းသည်။ ၎င်းပိုင် ဂရမ်ကို ပဓာနပြုလုပ်၍ ပေးအပ်သော ရပ်ကွက်သည် ဝိသုံဂါမ မဖြစ်နိုင်ဟု ရဲရဲကြီး ဆုံးဖြတ်ချက် ချမှတ်ပါလေ။

ဤဝိသုံဂါမခံ၍ သိမ်သမုတ်ရာ၌ ရှေးသူဟောင်းကြီးမှတစ်ပါး အခြားသော သူက ခံ၍ သိမ်သမုတ်မှသာလျှင် ဝိသုံဂါမမြောက်၍ သိမ်မြောက်သည်၊ ရှေးသူကြီးဟောင်းက ဝိသုံဂါမခံ၍ သိမ်သမုတ်ရာ၌ ၎င်းဝိသုံဂါမအတိုင်းကိုသာ သံဃာစည်းဝေး၍ ရွာဟောင်းရှိသော သံဃာကို မသိမ်းဘဲ သိမ်သမုတ်လျှင် ဝိသုံဂါမ မမြောက်၍ သိမ်လည်း မမြောက်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဝိသုံသဒ္ဒါကို အသီးအခြား တစ်ပါးဟူသည် ရှေးဝတ္ထုဟောင်းမှတစ်ပါး အခြားကိုသာ ဆိုသည် ဖြစ်၍ သူကြီးဟောင်းကို နောက်၌ ထပ်၍ ပေးအပ်သော ရပ်ကွက်ဒေသသည် ရှေးရွာဟောင်းမှ သီးသန့်၍ ရွာသီး၊ ရွာခြား တစ်ပါး မဖြစ်နိုင်သောကြောင့်တည်း။

## မိတ္ထီလာမြို့နယ်၊ ကျွဲတလင်း ကျောက်တိုင်ရွာနေ ဦးမြတ်သာဦး ဝိသုံဂါမ ခံယူပုံ

မိတ္ထီလာမြို့ ကန့်ထက် ကျွဲတလင်းကျောက်တိုင်ရွာနေ ငမြတ်သာဦး ရွှေဖဝါးတော်အောက်က ရိုသေလေးမြတ်စွာ ရွှေနားတော်ကြား ရှိခိုး နားတော်ခံ လျှောက်ထားဝံ့ပါသည်၊ ရေမြေသနင်း ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် ဧကရာဇ် မင်းမြတ် အရှင်ဘုရား . . . ဘုရားကျွန်တော်မျိုးတို့၏နေရာ ကျောက်တိုင်ရွာ၏အနီး၊

ကျောက်တိုင်ဘုန်းကြီး၏ ကျောင်းဝိုင်း၏အတွင်းဝယ် စတုရန်း အတောင်နှစ်ဆယ်ခန့် သတ်မှတ်ထားအပ်သော ကွက်ရပ်၏အတွင်း၌ သိမ်သမုတ်ရန်လိုပါ၍ ၎င်းကွက်ရပ်ကို ဘုရားကျွန်တော်မျိုး ငမြတ်သာဦးအား ဝိသုံဂါမ မြေစား ပေးသနားတော်မူပါမည့်အကြောင်း ရှိခိုးနားတော်လျှောက်ထားပါသည် အရှင်ဘုရား။

## မင်းတုံးမင်းဘုရားမှ ပေးပုံ အမိန့်စာ

ရေမြေကို အစိုးရတော်မူသော ဘုရင်ဧကရာဇ်မင်းမြတ် အမိန့်တော်ရှိလိုက်သည် . . . မိတ္ထီလာမြို့ ကန့်ထက် ကျွဲတလင်း ကျောက်တိုင် ရွာနေ ငမြတ်သာဦး၊ မောင်မင်း လျှောက်ထားအပ်သည့်အတိုင်း ကျောက်တိုင်ရွာ၏အနီး ကျောက်တိုင်ဘုန်းတော်ကြီး၏ ကျောင်းဝိုင်း၏အတွင်းဝယ် စတုရန်း အတောင် နှစ်ဆယ်ခန့်မျှ ပိုင်းခြား၍ မှတ်သားအပ်သော အကွက်ရပ်ကို မောင်မင်းအား "ဝိသုံဂါမမြေစား ပေးသနားတော်မူသည်" မောင်မင်း သည် ၎င်းလျှောက်ထား၍ တောင်းအပ်သော အကွက်ရပ်၌ "ရွာစားသူကြီး ဖြစ်စေ"၊ ၎င်းကွက်ရပ်သည်လည်း ရှေးကျွဲတလင်းတိုင်မှ "သီသန့်၍ ဝိသုံဂါမ ရွာသီး နယ်သီးဖြစ်စေ"။

ရှေးအခါ မြန်မာမင်းတို့သည် ပေးရိုးထုံးစံ ရှိသည့်အတိုင်း ဗဟုသုတအဖြစ် မှတ်ယူကြစေလိုပါသည်။

## ဝိသုံဂါမအင်္ဂါ ၄–ပါး

၁။ ပကတိဂါမခေတ်လည်း ဖြစ်စေ၊

၂။ ထိုဂါမခေတ်အတွင်း၌ တစ်စိတ်တစ်ဒေသသော အရပ်လည်း ဖြစ်စေ၊

၃။ "ဤအရပ်သည် ဝိသုံဂါမဖြစ်စေ" ဟု သတ်မှတ်ပိုင်းခြားသည်လည်း ဖြစ်စေ။

၄။ သတ်မှတ်ပိုင်းခြားပေးသူသည် ရေမြေကို အစိုးရသော မင်း၊ ၎င်းထံ ပိုင်းခြားသတ်မှတ်ပေးနိုင်ခွင့် အာဏာရှိသူလည်း ဖြစ်စေ၊

ဤကား ဝိသုံဂါမမြောက်ရန် အင်္ဂါ ၄-ပါး ဖြစ်ပါသည်။

ဤသို့ ဝိသုံဂါမပေါ် ဗဒ္ဓသိမ်ဖွဲ့ရာ၌ ဝိသုံဂါမမြောက်မှသာ ဗဒ္ဓသိမ် အောင်မြင်သည်။ ဝိသုံဂါမ မမြောက်က သိမ်မအောင်မြင်ပါ။

## သာဓကပြ ပါဠိများ

(က) ယမ္ပိ ကေသိမ္ဗိယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမော ဟောတိယေဝ။ **[ဝိ၊ ၌၊ ၃၊ ၃၃၃]**

(ခ) ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ် သဗ္ဗော ထပေတွာ နဒီ လောဏိ ဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗော။ **[ဝိမတိ-ဋီကာ-၁၅၇]**

## အထူးမှတ်သားရန်

(၁) ပထမအင်္ဂါဖြင့် ဂါမခေတ်မှကင်းသော မြစ်၊ သမုဒ္ဒရာ စသော အရပ်တို့၌ အဋ္ဌကထာပြ အာကာရဖြင့် မင်းတို့ ပိုင်းခြားလျက် ရွာသီးသန့်ပြုသော်လည်း ဝိသုံဂါမ မဖြစ်။

(၂) ဒုတိယအင်္ဂါဖြင့် ပကတိဂါမခေတ်အားလုံးကို ထိုနည်းအတူပင် ပြုသော်လည်း ဂါမခေတ် မဖြစ်။

(၃) တတိယအင်္ဂါဖြင့် "ဤအရပ်သည် ဘုရားမြေဖြစ်စေ၊ ကျောင်းမြေဖြစ်စေ" ဤသို့ စသည်ဖြင့် အပိုင်းအခြားထားလျက် လှူဒါန်းပေးကမ်းရာ၌ ဝိသုံဂါမ မဖြစ်။

(၄) စတုတ္ထအင်္ဂါဖြင့် မင်းမှတစ်ပါး မှူးမတ်တို့သည် မိမိအလိုအလျောက် ပိုင်းခြားလျှင် ဝိသုံဂါမ မမြောက်ဟု သိစေသည်။

## အဋ္ဌကထာဆရာ၏ အာဘောဂများ

ယင်းအင်္ဂါ လေးရပ်တွင် ပထမအင်္ဂါကို "ကေသိမ့် ယေဝ ဂါမခေတ္တေ" ဟူသော ပါဠိဖြင့် အဋ္ဌကထာဆရာ ပြတော်မူ၏။

ဒုတိယအင်္ဂါကို "ကေံ ပဒေသံ ပရိစ္ဆိန္ဒိတဗ္ဗ" ဟူသော ပါဠိဖြင့် ပြ၏။

တတိယအင်္ဂါကို "အယမ္ပိ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ" ဟူသော ပါဠိဖြင့် ပြ၏။

စတုတ္ထအင်္ဂါကို ရေမြေ အစိုးရ ခတ္တိယဖြစ်သော "ရာဇာ" ဟူသော ပါဠိဖြင့် ပြ၏။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံမှ၊ ညီညွတ်မှသာ ဝိသုံဂါမ မြောက်သည်ဟု အထူးမှတ်သားထားရပါမည်။ ။

## ဝိသုံဂါမ ၂-မျိုး

ဝိသုံဂါမသည်(က) ရာဇိစ္ဆာအားဖြင့်ဖြစ်သော ဝိသုံဂါမ၊

(ခ)အလွတ်ဖြစ်သော ဝိသုံဂါမအားဖြင့် နှစ်မျိုးရှိသည်။

(က) ပကတိသော ရွာ၊ နိဂုံး၊ မြို့နယ်အပါအဝင် နေ့ချင်းပြန်နိုင်ရာ အရပ်အတွင်း၌ တစ်စိတ်တစ်ဒေသ အရပ်ကို သတ်မှတ်ပိုင်းခြား ပြီးလျှင် တစ်စုံတစ်ယောက်သောသူအား နယ်သီးခြား ဖြစ်စေ၍ အခွန်စားရရုံသော်လည်းကောင်း၊ မြေပိုင်သော်လည်းကောင်း၊ မြေဖိုးကို ယူ၍သော်လည်းကောင်း ပေးအပ်သော မြေအရပ်သည် ကျဉ်းသည်ဖြစ်စေ၊ ကျယ်သည်ဖြစ်စေ ရာဇိစ္ဆာအားဖြင့်ဖြစ်သော ဝိသုံဂါမ မည်၏။

(ခ) မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရ အိုင်အလယ်၌ တံငါသည်တို့ နေ့ချင်းပြန် ရောက်ပေါက်နိုင်သော တန်ဆောင်မုန်းလ ရေမလွှမ်းသောကျွန်း၊ ကျောက်ဆောင်၊ တောင်၊ သစ်ပင်၊ သစ်တုံ့ စသည်များသည် **[ဝဇိရ**

**ဗုဒ္ဓိဋီကာဆရာ၏ ဆရာ အာနန္ဒာမထေရ်အလိုအားဖြင့်]** ရာဇိစ္တာမှ အလွတ်ဖြစ်သော ဝိသုံဂါမ မည်၏။

**သာဓကပါဠိ** – (က) ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံပိ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။

(ခ) သစေ နဒိကာဒိလက္ခဏံ အပ္ပတွော ဒီပကော ပါသာဏော ရက္ခော ဝါ ဟောတိ၊ သတ္တဗ္ဘန္တ ရသ်ခံ ဂစ္ဆတိ၊ မနုဿေဟိ ဝလဉ္ဇနဋ္ဌာနံ စေတံ ဟောတိ၊ ဂါမခေတ္တေ သင်္ခံ ဂစ္ဆတိ၊ ကတရဂါမခေတ္တံ၊ ယတော မနုဿာ သဉ္စရန္တိ၊ ဝိသုံဂါမ ခေတ္တသင်္ခံ ဂစ္ဆတီတိ အာစရိယော။ **(ဝဇိရဗုဒ္ဓိဋီကာ)**

**မှတ်ချက်။** ။ မန္တလေးမှာ တစ်ရွာ၊ ရန်ကုန်မှာ တစ်ရွာ၊ ရွာနှစ်ရွာကို ရွာစားတစ်ယောက်တည်း စားရသော်လည်း မြေကြောင်း မစပ် ကြားပြတ်သောကြောင့် ဂါမခေတ် နှစ်ခုဖြစ်သကဲ့သို့ ဥဒကုက္ခေပခေတ် မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရရေ ရစ်ဝိုင်း ကြားပြတ်သောကြောင့် နီးစပ်ရာ ဂါမခေတ်၏ အပိုင်းအစိတ် အသီးဖြစ်၍ ဝိသုံဂါမဟု **အာနန္ဒာထေရ်** ဆရာ ဆိုထားပါသည်။

**သာရတ္ထ–ဝိမတိဋီကာရှင်တို့က** ယင်းဝါဒကို ယူလည်း မယူ၊ ယုတ္တိရှိသကဲ့သို့ဖြစ်၍ ပယ်လည်း မပယ်ကြပါ။ ထို့ကြောင့် ယင်း အာနန္ဒာထေရ်ဆရာ၏ အယူသို့လိုက်၍ ထိုကဲ့သို့သော ကျွန်း၊ ငူ၊ သောင်၊ သဲ၊ ကျောက်ဖျာ၊ ကျောက်ခဲ စသည်တို့၌ နီးရာ ရွာနယ်ကို မသုတ်သင်ဘဲ ရဲရဲ ကံမပြုကြ။ တန်ဆောင်မုန်းလ ရေလွှမ်းရာ ရွာနီး မြစ်၊ သောင်ခုံ၊ ဇာတဿရအိုင်၊ သောင်ခုံပတ်လည် နယ်နိမိတ် သတ်မှတ်ပိုင်းခြားကြလေသည်။

မှတ်ချက်။ ။ (မန္တလေးမြို့ ရွှေပြင် ဆင်ဖြူမရှင်မယ်တော်၊ ကုသိုလ်တော် မဟာဗိုလ်တိုက် ဝိသုဒ္ဓါရာမဆရာတော် စီရင်ဆုံးဖြတ်အပ်သော ဂါမသိမ် အဆုံးအဖြတ် မှ ဖြစ်ပါသည်။

## နိဂမ–နဂရ–ဂါမတို့အထူး

(က) အရာမ် မရှိ၊ ဈေးသာ ရှိမူ နိဂုံးမည်၏။ (နိဂမ)

(ခ) အရာမ်လည်း ရှိ၊ ဈေးလည်း ရှိမူ မြို့မည်၏။ (နဂရ)

(ဂ) အရာမ်လည်း မရှိ၊ ဈေးလည်း မရှိမူ ရွာမည်၏။ (ဂါမ)ဤသို့ ထူးပါသည်။

**သာဓက။** ။အပါကာရပရိက္ခေပေါ သာပဏံ နိဂမော၊ သပါကာရာပဏံ နဂရံ၊ တံတံဝိပရိတော ဂါမော။ [ကင်္ခါဋီကာသစ်၊ ၂၅၅]

## ဇနပဒနှင့် ရဋ္ဌတို့အထူး

(က) တစ်ယောက်သောမင်းသည် မင်းပြုသော ကျေးလက်၊ ခရိုင်နှင့် တကွဖြစ်သော မြို့, ရွာသည် တစ်ခုသော **ဇနပုဒ်** မည်၏။

(ခ) ကာသိ + ကောသလတို့ကဲ့သို့ တစ်တိုင်း၊ တစ်နိုင်ငံသည် **ရဋ္ဌ** မည်၏။ [တစ်ခုသော ရဋ္ဌ မည်၏။]

သာဓက = **ဇနပဒေါ**တိ ကေသဉ္စ ရညော ရဇ္ဇေ ဧကော ကောဋ္ဌာသော။ **ရဋ္ဌ**န္တိ သကလရဇ္ဇံ [ပါရာဇိကဏ် အဋ္ဌကထာ]

## သတ္တဗ္ဘန္တရသိမ် မှတ်ဖွယ်ရာ

(၁) ရွာမဟုတ်သော တောဥ္စ ထက်ဝန်းကျင်မှ (၇) အဗ္ဘန္တ ရရှိသော အရပ်သည် သတ္တဗ္ဘန္တရ သိမ်မည်၏။ (ပါဠိတော်)

ရွာမဟုတ်သောတောဥ္စ တောင်ထက်ဝန်းကျင်မှ (၇) အဗ္ဘန္တရ အရပ်သည် သတ္တဗ္ဘန္တရ သိမ်မည်၏။ တူမျှသော ဥပုသ်, ပဝါရဏာ, ကံကြီး, ကံငယ် ပြုနိုင်၏။

**သာဓက** – အဂါမကေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ **သတ္တဗ္ဘန္တရသီမာ** နာမ။ **(ကခ်ါ–ဌ)**

– အဂါမကေ ဘိက္ခုဝေ သမန္တာ သတ္တဗ္ဘန္တရာ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။ **(ဝိ၊ ၃၊ )**

(၂) အလယ်၌ တည်၍ ခပ်သိမ်းသော အရပ်တို့၌ (၇)အဗ္ဘန္တရစီ ရှိရကား ထုတ်ချင်းလျှို (၁၄)အဗ္ဘန္တရ ဖြစ်၏။

**သာဓက** – **သမန္တာ သတ္တဗ္ဘန္တရာ**တိ မဇ္ဈေ ဌိတာနံ သဗ္ဗဒိသာသု သတ္တဗ္ဘန္တရာ၊ ဝိနိဗ္ဗေဓေန စုဒ္ဒသ ဟောန္တိ။ **(ကခ်ါ–ဌ)**

(၃) တစ်အဗ္ဘန္တရသည် ၂၈–တောင် ရှိ၏။

**သာဓက** – တတ္ထ ဧကံ အဗ္ဘန္တရံ အဋ္ဌဝီသတိ ဟတ္ထပမာဏံ ဟောတိ။ **(ကခ်ါ–ဌ)**

(၄) (က) ရွာ၊ နိဂုံး၊ မြို့နေလူတို့၏ ပိုင်းခြား၍ လုပ်ကိုင်သော အရပ်မှ ကင်းသော (ဝိဥ္ဈာတောနှင့်တူသော) တံငါသည်တို့ နေ့ချင်းလူးလား မပြန်နိုင်သော အရပ်၌ ကံပြု၍နေသော ရဟန်း၏ ထက်ဝန်းကျင် အရပ် (၇) အဗ္ဘန္တရအရပ်သည် **သတ္တဗ္ဘန္တရ**သိမ်မည်၏။ **(အဋ္ဌကထာ)**

(ခ) တံငါသည်တို့ နေ့ချင်း လူလား မပြန်နိုင်သော [ဝိဥ္ဈာတစီသော] သမုဒ္ဒရာ၏အလယ်၌တည်သော ကျွန်းသည်လည်း အရညသိမ် မည်ကြောင်း အဋ္ဌကထာဆရာ မိန့်တော်မူ၏။

(က) တတ္ထ **အဂါမကေ** စေတိ ဂါမ နိဂမ နဂရ သီမာဟိ အပရိစ္ဆိန္နေ အဋ္ဋဝိပဒေသေ၊ အထဝါ **အဂါမကေ** စေတိ ဝဥ္ဈာဋဝီသဒိသေ အရညေ ဘိက္ခု ဝိဟရတိ၊ အထဿ သမန္တာ သတ္တဗ္ဘန္တရာ သမာနသံဝါသာ သီမာတိ အတ္ထော။

(ခ) **အဂါမကေ အရညေ**တိ အဂါမကံ နာမ အရညံ ဝိဥ္ဈာဋဝီ အာဒီသု ဝါ သမုဒ္ဒမဇ္ဈေ ဝါ မစ္ဆဗန္ဓာနံ အဂမနပထေသု ဒီပကေသု လဗ္ဘတိ။

## တံငါသည်များ နေ့ချင်း လူးလားမပြန်နိုင်ရာ ဆိုမှတ်ဖွယ်

တံငါသည်တို့ နေ့ချင်းလူးလာမပြန်နိုင်သော အရပ်ဟု ဆိုရာ မည်မျှ ကွာခြားသည်ကို မပြဆို၍ ရှေးကလူများ ခရီးသွားမြန်လျှင် အသွားခရီး တစ်ဆယ့်နှစ်တိုင် သွားနိုင်သည်။ နံနက် ၆–တိုင်၊ မိုးချုပ် ၆–တိုင် သွားကြသည်ဟု ဆိုကြ၏။ ယခုမှာ သွားလည်း သွားသာအောင် တံငါသည်တို့ ငါး လည်း ဖမ်း၊ ပြန်လည်း ပြန်လာနိုင်အောင် မှန်းဆ၍ မနက်စောစော ထ၍ သုံးတိုင်လောက်ရောက်လျှင် နားနေ၊ စားသောက်ခြင်း၊ ငါးများကိုလည်း ဖမ်းရင်း ပြုလုပ်ပြီး နေ့ခင်း ငါးဖမ်းပြီး နေစောင်း မိုးမချုပ်မီ ပြန်လာလျှင် သုံးတိုင်လောက်ပင် ပြန်လာနိုင်သည်ကို တွေးဆ၍ တံငါသည်တို့ လူးလာမပြန် နိုင်သော အရပ်ကို သိရာ၏။ ထိုအရပ်အတွင်းဖြစ်သော အရပ်သည် ဂါမ အရေအတွက်သို့ရောက်၏။ ၎င်းအတွင်း ကံပြုလျှင် ဂါမသိမ်ကို သိမ်း၍ ပြုရာ၏။ ထိုအပြင်ဘက်၌ အရညသိမ် ဖြစ်၏။

**သတိ–** တစ်တိုင်သည် ယခုခေတ်အခေါ် ၂–မိုင်ရှိ၍ ၁၂–မိုင်လောက်ကို ယူစေသည်။

(ဂ) သတ္တဗ္ဘန္တရသိမ်သည် ပရိတ်သတ်အစွန်မှ ဖြင့် မှာ ၏၊ ထို့ကြောင့် ယခုပန် ကျင် ပရိသတ်အစွန် မှစ၍ အဗ္ဘန္တရအပိုင် အခြားကို ပြုအပ် ၏ ။ နှစ်ခုသော သမာသည် အသီ အသီ ဥပုသ်ကို အကာယ်၍ ပြုငြာ

အံ့၊ နှစ်ပါးသော သတ္တဗ္ဗန္တရတို့၏ အကြား၌ တစ်ခုသော အဗ္ဗန္တရကို ဥပစာအလို့ငှာ ထားအပ်၏။

(က) အယဉ္စ သီမာ ပရိသဝသေန ဝဍ္ဎတိ၊ တသ္မာ သမန္တာ ပရိသ ပရိယန္တတော ပဌာယ အဗ္ဗန္တရပရိစ္ဆေဒေါ ကာတဗ္ဗော။ **(ကင်္ခါ–၉၀)။**

(ခ) သစေ ပန ဒွေ သံဃာ ဝိသုံ ဝိသုံ ဥပေါသထံ ကရောန္တိ၊ ဒွိန္နံ သတ္တဗ္ဗန္တရာနံ အန္တရေ အညမေကံ သတ္တဗ္ဗန္တရံ ဥပစာရတ္ထာယ ဌပေတဗ္ဗာ **(ကင်္ခါ–၉၀)။**

## သတ္တဗ္ဗန္တရသိမ် ၂–မျိုး

သတ္တဗ္ဗန္တရသိမ်သည် သက်န်းသုံးထည်နှင့် ကင်း၍ နေခြင်းငှာ အစောင့် အရှောက်ကိုလည်း အဋ္ဌကထာဆရာ ပြတော်မူသည်။

(က) တိစီဝရဝိပ္ပဝါသပရိဟာရရှိသော အဝိပ္ပဝါသသတ္တဗ္ဗန္တရသိမ်။

(ခ) ဥပုသ် စသည်ကို ပြုအပ်သော သမာနသံဝါသ သတ္တဗ္ဗန္တရ သိမ်။

## သတ္တဗ္ဗန္တရသိမ်နှစ်မျိုး ထူးခြားပုံ

ယင်းသိမ် ၂–မျိုးတို့၏ အဗ္ဗန္တရတာ ဖွဲ့ပုံမှာ အထူးမရှိ၊ အတူတူပင် ဖြစ်သည်။ အကျဉ်း အကျယ်မှာမူကား မတူပါ။ တိစီဝရ အဝိပ္ပဝါသ–သတ္တဗ္ဗန္တရသိမ်မှာ သက်န်းရှင် ရဟန်း၏ ထက်ဝန်းကျင်မှ သတ္တဗ္ဗန္တရဖြစ်၍ **တစ်ဆယ့်လေး** အဗ္ဗန္တရသာ ကျယ်သည်။ ထို့ထက် အကျယ်မရပါ။ သမာန သံဝါသ သတ္တဗ္ဗန္တရ သိမ်မှာကား ပရိသတ်၏ အစွန်း၌နေသော ရဟန်းမှ ပြင်ဘက်ကို သတ္တဗ္ဗန္တရသိမ် ရသည်ဆိုထား၍ ပရိသတ်များသလောက်ပင် ကျယ်နိုင်သည်။ ထိုတစ်ဆယ့်လေး အဗ္ဗန္တရထက် ကျယ်သောသိမ်လည်း ရှိ၏။ သို့ဖြစ်၍ အကျဉ်း အကျယ်လည်း ထူးသည်။ ပရိသတ်ပွားခြင်းကြောင့် ပွား၍မလိုက်ခြင်း၊ ပရိသတ် ပွားခြင်းကြောင့် ပွား၍လိုက်ခြင်းအားဖြင့် ထူးကြပါသည်။

သု ... ဌာနချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်။


**တစ်နည်း:** (က) အဝိပ္ပဝါသ သတ္တဗ္ဘန္တရသိမ်မှာ ရဟန်းရှိလျှင် သိမ်ဖြစ်၏။

(ခ) သမာန သံဝါသ သတ္တဗ္ဘန္တရသိမ်မှာကား ရဟန်းရှိခါမျှနှင့် သိမ် မဖြစ်၊ ကံပြုသော အခါမှသာ သိမ်ဖြစ်၏။ ဤသို့လည်း ထူးကြသည်။

ဥဒကုက္ခေပသိမ် အကျဉ်းအကျယ် တည်ပုံကို ထောက်ဆ၍ အဝိပ္ပဝါသ သတ္တဗ္ဘန္တရသိမ်မှာ အထူးဝိသေသ မဆို၊ မဆိုခြင်းကြောင့် ရဟန်းရှိလျှင် သိမ်ဖြစ်ကြောင်း၊ သမာနသံဝါသ သတ္တဗ္ဘန္တရသိမ်မှာ အထူးဝိသေသပြု၍ အဋ္ဌကထာဆရာ ဆိုထားခြင်းကြောင့် ကံပြုသောအခါမှ သိမ်ဖြစ်ကြောင်းကို မှတ်ယူရမည်။

နှစ်စုသော သံဃာတို့သည် အသီးအသီး ဥပုသ်ကို အကယ်၍ပြုအံ့၊ နှစ်ပါးကုန်သော သတ္တဗ္ဘန္တရတို့၏ အကြား၌ တစ်ခုသော အဗ္ဘန္တရကို ဥပစာအလို့ငှာ ထားအပ်၏။

## ဥဒကုက္ခေပသိမ် မှတ်ဖွယ်များ

(က) အလုံးစုံသော မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့သည် ဗဒ္ဓသိမ် မမည်၊ ရဟန်းတို့ မြစ်၌လည်းကောင်း၊ သမုဒ္ဒရာ၌လည်းကောင်း၊ ဇာတဿရအိုင်၌ လည်းကောင်း အကြင်အရပ်ကို ထက်ဝန်းကျင်မှ အားလျစ်လျူရှုသော ယောက်ျား ပစ်အပ်သော ရေတစ်ကျ (သဲတစ်ကျ) ပိုင်းခြားထား၏။ ထိုအရပ်သည် တူသော ကံကြီး, ကံငယ်၊ တူသော ဥပုသ်, ပဝါရဏာရှိသော သိမ်သည် **ဥဒကုက္ခေပ** သိမ်မည်၏ဟု ဟောတော်မူသည်။ **(ပါဠိတော်)**

(ခ) မြစ်၌လည်းကောင်း၊ သမုဒ္ဒရာ၌ လည်းကောင်း၊ အလိုလိုဖြစ်သော ဇာတဿရအိုင်၌ လည်းကောင်း အားလျစ်လျူရှုသော ယောက်ျားသည် ထက်ဝန်းကျင်မှ ရေကို ကြဲ၏။ ထိုရေကျရာအရပ်၌ တူသော ပေါင်းဖော်ခြင်း ရှိသဖြင့် တကွ ဥပုသ်, ပဝါရဏာပြုခြင်းငှာ အပ်၏ ဆိုသောကြောင့် ဤအရပ်သည် **ဥဒကုက္ခေပသိမ်** မည်၏။ **(ကင်္ခါ-၄)**

၂၇၃၈၂

## ဇာတသာရအိုင် ဥဒကုက္ခေပသိမ် မည်ပုံ

(ဂ) ဤဥဒကုက္ခေပသိမ်သည် ထိုမြစ်အစရှိသည်တို့၏ အတွင်း၌သာလျှင် ရအပ်၏။ အပ၌ မရအပ်၊ ထို့ကြောင့် မြစ်၌လည်းကောင်း၊ ဇာတသာရအိုင်၌လည်းကောင်း အကြင်မျှလောက်သော အရပ်ကို ပကတိ မိုးရွာသော မိုးလေးလတို့၌ ရေသည် လွှမ်း၏။ သမုဒ္ဒရာ၌ အကြင်အရပ်သည် ပြကတေ့သော လှိုင်းတံပိုးတို့သည် သက်၍ ကောင်းစွာတည်၏။ ထိုအရပ်မှစ၍ ကပ္ပိယဘူမိ မည်၏။ ထိုအရပ်၌ တည်၍ ဥပုသ် အစရှိသော ကံကို ပြုခြင်းငှာ အပ်၏ဟု မှတ်သားထားရမည်။

(ဃ) ထိုမြစ်၊ ထိုအိုင်၌ သုံးပါးသော အဝန်းတို့ဖြင့် ဖုံးလွှမ်းအပ်သော သင်းပိုင်ကို မချီမပင့်မူ၍ ရေဖြတ်ကူးသော ဘိက္ခုနီမ၏ သင်းပိုင် အနားစွန်းကို လက်တစ်သစ်, နှစ်သစ် စိုစွတ်သော ရေရှိသော မြစ်သည် **ဥဒကုက္ခေပသိမ်** မည်၏။

(င) အံခတ်သောသူသည် (အံကစားသောသူသည်) အံစာကို ပစ်သကဲ့သို့ ရေကို လည်းကောင်း၊ သဲကိုလည်းကောင်း လက်ဖြင့်ယူ၍ အားလျစ်လျူ ရှိသော ယောကျာ်းသည် အခြင်းခပ်သိမ်း အားကုန်ပစ်၏။ ထိုရေတစ်ကျ၊ သဲတစ်ကျ အရပ်သည် **ဥဒကုက္ခေပသိမ်** မည်၏။

(စ) တစ်စုံတစ်ယောက်သောသူသည် မတူး၊ မဆွ အလိုလိုဖြစ်သော အိုင်၏ ထက်ဝန်းကျင်အရပ်မှ လာသော ရေဖြင့်ပြည့်၍ ကောင်းစွာ တည်၏။ အကြင်အရပ်၌ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ရေသည် ကောင်းစွာ တည်၏။ ဤမိုးလေးလတည်သော အိုင်သည် **ဇာတသာရအိုင် မည်၏။**

## ဥဒကုက္ခေပသိမ် ပမာဏ

ဤဥဒကုက္ခေပသိမ်ကို မြစ်၊ သမုဒ္ဒရာ၊ ဇာတသာရအိုင်တို့၌ ခွင့်ပြုတော်မူ၏။ ယင်းသို့ ခွင့်ပြုသော်လည်း မဇ္ဈာလာကာရအားဖြင့် နှစ်ကျိပ်တစ်ယောက် စည်းဝေးလောက်သော ကျယ်သောမြစ်၊ ဇာတသာရအိုင်တို့၌သာ ဥဒကုက္ခေပသိမ်ကို ရအပ်ကြောင်း၊ ထို့အောက် ကျဉ်းသောမြစ်၊ ဇာတသာရအိုင်တို့၌ ဥဒကုက္ခေပသိမ်ကို မရအပ်ကြောင်းကို မှတ်သားထားရာ၏။

အဘယ့်ကြောင့်ဆိုသော် ဗဒ္ဓသိမ်ကို အယုတ်ဆုံးအားဖြင့် နှစ်ကျိပ်တစ်ပါး စည်းဝေးလောက်သည်က အစပြု၍ ခွင့်ပြုတော်မူအပ်သည် ဖြစ်၍ အဗဒ္ဓသိမ်မှာလည်း ထိုဗဒ္ဓသိမ်၏အလားတူပင် အကျဉ်းဆုံး ပမာဏကို သိအပ်၊ မှတ်သားထားအပ်၏။

## ပါဠိသာဓကများ

(က) သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ၊ သဗ္ဗော သမုဒ္ဒေါ အသီမော၊ သဗ္ဗော ဇာတဿရော အသီမော၊ နဒီယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာ။ **(ဝိ-မဟာဝါ-ပါဠိတော်)**

(ခ) နဒီယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ၊ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကူပေါသထာတိ။ **(ကင်္ခါ-၄-၉၀)**

(ဂ) အယံ ပန ဧတေသံ နဒီအာဒီနံ အဗ္ဘောကာသေ လဗ္ဘတိ၊ န ဗဟိ၊ တသ္မာ နဒီယာ ဝါ ဇာတဿရေ ဝါ ယတ္တကံ ပဒေသံ ဝဿကာလေ စတုမာသေ ဥဒကံ ဩတ္ထရတိ၊ သမုဒ္ဒေ ယသ္မိံ ပဒေသေ ပကတိဝီစိယော ဩတ္ထရိတွာ သဏ္ဌဟန္တိ၊ တတော ပဋ္ဌာယ ကပ္ပိယဘူမိ၊ တတ္ထ ဌတွာ ဥပေါသထာဒိကမ္မံ ကာတုံ ဝဋ္ဋတိ။ **(ကင်္ခါ-၄-၉၀)**

(ဃ) တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ အန္တရဝါသကံ အနုက္ခိပိတွာ ဥတ္တရန္တိယာ ဘိက္ခုနိယာ ဧကင်္ဂလဒွိင်္ဂုလမတ္တမ္ပိ အန္တရဝါသကော တေမိယတိ။ **(ကင်္ခါ-၄)**

(င) တတ္ထ ယထာ အက္ခဓုတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒကံ ဝါ ဝါလုကံ ဝါ ဟတ္ထေန ဂဟေတွာ မဇ္ဈိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ၊ တတ္ထ ဧဝံ ခိတ္တဿ ဥဒကံ ဝါ ဝါလုကံ ဝါ ပတတိ၊ အယံ **ဥဒကုက္ခေပေါ** နာမ။ **(ကင်္ခါ-၄)**

(စ) ကေနစိ ခဏိတ္វာ အကတော သယံဇာတော သောမ္မော သမန္တတော အာဂတေန ဥဒကေန ပူရိတော တိဋ္ဌတိ၊ ယတ္ထ နဒီယံ ဝုတ္တပ္ပကာရေ ဝဿကာလေ ဥဒကံ သန္တိဋ္ဌတိ။ အယံ **ဇာတဿရော** နာမ။

**(ကင်္ခါ-၄)**

## အဗဒ္ဓသိမ်အမျိုးအစားမှ ဗဒ္ဓသိမ်အမျိုးအစားအဖြစ်သို့ ရောက်ရှိစေရန် ကြိုတင်ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စလုပ်ငန်းစဉ်များ

(က) မိမိတို့နေသော ဂါမခေတ်မှတစ်ပါး အခြားသောဂါမခေတ်ကို အတွင်းပြု၍ သိမ်သမုတ်လိုပါက တစ်ပါး အခြားသော ဂါမခေတ်ရှိ ရဟန်းများ လာရခြင်း၊ မလာနိုင်ပါက ဆန္ဒဆောင်ရခြင်း။

(မဟာသုမထေရ်ဝါဒ)

(ခ) အခြားအခြားသော ဂါမခေတ်များသည် သီးခြား ဗဒ္ဓသိမ်နှင့် တူသောကြောင့် အခြားသော ဂါမခေတ်ရှိ ရဟန်းအားလုံးကို ပင့်ရန် မလိုခြင်း၊ ဆန္ဒတောင်းရန် မလိုခြင်း၊ နိမိတ်အတွင်းရှိ ရဟန်းအားလုံးကိုမူ ပင့်ဖိတ်ရခြင်း၊ မလာနိုင်ပါက ဆန္ဒဆောင်ရခြင်း။

(မဟာပဒုမထေရ်ဝါဒ)

၂။ **သာဓက။** ။ (က) သစေ အညာနိပိ ဂါမခေတ္တာနိ အန္တော ကာတုကာမာ၊ တေသု ဂါမေသု ယေ ဘိက္ခူ ဝသန္တိ၊ တေဟိပိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗောတိ **မဟာသုမထေရော** အာဟ။

(ခ) **မဟာပဒုမထေရော** ပန နာနာဂါမခေတ္တာနိ နာမ ပါဋေက္ကံ ဗဒ္ဓသီမာ သဒိသာနိ၊ န တတော ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတိ၊ အန္တောနိမိတ္တေဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗန္တိ ဝတွာ ပုန အာဟ "သမာနသံဝါသကသီမာ သမ္မန္နန

ကာလေ အာဂမနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ၊ အဝိပ္ပဝါသသီမာ
သမ္မန္နနကာလေ ပန အန္တော နိမိတ္တဂတေဟိ အာဂန္တဗ္ဗံ၊
အနာဂစ္ဆန္တာနံ ဆန္ဒော အာဟရိတဗ္ဗော"တိ။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃)

(က) သိမ်သမုတ်လိုသော ရဟန်းတို့သည် အကြင် ဂါမခေတ်၌ သိမ်သမုတ်ခြင်းငှာ အလိုရှိကြ၏။ ထိုဂါမခေတ်အတွင်း၌ သိမ်ရှိသော ကျောင်းတိုက်အတွင်းရှိ ရဟန်းတို့အား မိမိတို့ ဗဒ္ဓသိမ်အတွင်းမှ အပြင်မထွက်ပါရန် ကြိုတင်လျှောက်ထားခြင်း။

(ခ) သိမ်မရှိသော ကျောင်းတိုက်ရှိ ရဟန်းတို့အားမူ သိမ်သမုတ်ရာသို့ ပင့်ဆောင်ရခြင်း၊ မလာနိုင်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ရခြင်း။

**သာဓက။** ။ (က) သစေ ဧကသ္မိံ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ၊ ယေ တတ္ထ ဗဒ္ဓသီမဝိဟာရာ၊ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ" တိ ပေသေတဗ္ဗံ။

(ခ) ယေ အဗဒ္ဓသီမဝိဟာရာ၊ တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟာရာပေတဗ္ဗော။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၂)

ထိုပုဗ္ဗကိစ္စလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အောက်တွင် ဖော်ပြအပ်သော နောက်ထပ်ဆောင်ရွက်ရမည့် ပုဗ္ဗကိစ္စလုပ်ငန်းများမှာ–

(ဂ) ဤသို့ သံဃာစည်းဝေးပြီး၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ပြီးသည်ရှိသော် ထိုထိုလမ်း၊ ထိုထိုရေဆိပ်၊ ရွာတံခါးစသည်တို့၌ အာဂန္တုက ရဟန်းများကို လျင်မြန်စွာ ဟတ္ထပါသ်သို့ ဆောင်ခြင်း အကျိုးငှာ

လည်းကောင်း၊ နိမိတ်အတွင်းသို့ မဝင်စေခြင်း အကျိုးငှာ လည်းကောင်း အရာမ်စောင့် စသည်ကို ချထားခြင်း၊ ခရုသင်း, စည်, မောင်း, ထိုးစည်, ကြေးစည်, သံစည် စသည် အမှတ်သညာကို ပြုရခြင်း။

**သာဓက။** ။ (ဂ) ဇဝံ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ တေသု တေသု မဂ္ဂေသု နဒီတိတ္ထ ဂါမဒွါရာဒီသု စ အာဂန္တုကဘိက္ခူနံ သီဃံ သီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိသီမာကရဏတ္ထဉ္စ အာရာ မိကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ ဘေရိသညံ ဝါ သင်္ခသညံ ဝါ ကတွာ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃)

(ဃ) အထက်ဖော်ပြပါ ပုဗ္ဗကိစ္စလုပ်ငန်းများကို ကြိုတင် ဆောင်ရွက်ပြီးပါက နိမိတ်ကြားပြီး ကမ္မဝါစာကို ဖတ်၍ သိမ်သမုတ်ရမည်၊ ထိုကမ္မဝါစာ၏အဆုံး၌ နိမိတ်တို့မှ တစ်ပါး နိမိတ်အတွင်း မြေအားလုံးကို ပျံ့နှံ့၍ မြေကိုခံ သော ရေတိုင်အောင် သက်သည်၏ အဖြစ်ကြောင့် ထိုသိမ်သည် အောင်မြင်သောသိမ် ဖြစ်သွားပါသည်။

**သာဓက။** ။ နိမိတ္တကိတ္တနာနန္တရံ ဝုတ္တာယ "သုဏာတု မေ ဘန္တေ သံဃော" တိ အာဒိကာယ ကမ္မဝါစာယ သီမာ ဗန္ဓိတဗ္ဗာ၊ ကမ္မဝါစာပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ ပထဝီသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာဂတာ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃)

**၂–က/ခ အချက် ရှင်းချက်။** ။ (က) သစေ အညာနိပိ ဂါမခေတ္တာနိ အန္တော ကာတုကာမာ–ဟူသော ပရိကမ္မ ပါဒကဝါကျဖြင့် ဂါမခေတ် တစ်ခုတည်း၌သာ ဗဒ္ဓသိမ်သမုတ်နိုင်သည်။ သမုတ်ကောင်းသည်၊ သမုတ်ရသည် မဟုတ်၊ နာနာဂါမ

ခေတ်၌လည်း ဗဒ္ဓသိမ် သမုတ်နိုင်သည်။ သမုတ်ကောင်းသည်။ သမုတ်ရသည်၊ ဂါမခေတ်ခြားသည့်အတွက် ဗဒ္ဓသိမ် မသက်ဟု မဆိုရ။ နိမိတ်အတွင်း အကုန်သက်နိုင်သည်ဟူသော အနက်အဓိပ္ပာယ်ကို ပြတော်မူ သည်။ ထို့ကြောင့် ဗဒ္ဓသိမ် တစ်လုံးတည်း၌ မိုရာ နိဿယသည် ဂါမခေတ် တစ်ခုတည်းလည်း ဖြစ်နိုင်သည်။ ဂါမခေတ် နှစ်ခု၊ သုံးခု စသည် ပူးတွဲ ပေါင်းစပ်၍လည်း ဖြစ်နိုင်သည်ဟု မုချ ဆတ်ဆတ် မှတ်ယူအပ်၏။ **(သီမာဝိနိစ္ဆယ)**

## မဟာသုမထေရ်ဝါဒကို အလေး မပြုပုံ

မဟာသုမထေရဝါဒ + မဟာပဒုမထေရဝါဒဟု ဆရာနှစ်ဦး ထုတ်ပြရာတွင် (က) ဟူသော မုချပါဒကဝဏ္ဏ ထေရဝါဒ ဒီပကဝါကျဖြင့် တစ်ပါးသော ဂါမခေတ်တို့ကို အတွင်းပြု၍ သိမ်သမုတ်လျှင် အတွင်းပြုအပ်သော အညဂါမ အတွင်းရှိ ရဟန်းတို့ကိုပါ အကုန်သိမ်းရမည်ဟု ဆုံးဖြတ်မိန့်ဆိုသော (ဝိနည်း ၉–ခေါက်မျှ သင်တော်မူသော) မဟာသုမထေရ်၏ မုချတ္ထဝိနိစ္ဆယဝါဒကို အဋ္ဌကထာ၊ ဋီကာ ဆရာတို့က အရေးမယူသောအနေဖြင့် ရှေးဦးစွာ ဖော်ပြထား သည်။

## မဟာပဒုမ မထေရ်၏ ဝါဒကိုသာ အလေးပြုပုံ

## (သီမာဝိနိစ္ဆယ – ၁၂)

(ခ) အဋ္ဌကထာ ဟူသော မုချပါဒကဝဏ္ဏ ပစ္ဆိမထေရဝါဒ ဒီပကဝါကျဖြင့် နာနာဂါမခေတ်တို့ မည်ကုန်သည် အသီးအခြားသော ဗဒ္ဓသိမ်တို့နှင့် တူကုန် သည့်အတွက် ထိုအသီးအခြားသော ဗဒ္ဓသိမ်နှင့် တူကုန်သော နာနာဂါမခေတ် တို့မှ ဆန္ဒပါရိသုဒ္ဓိသည် နာနာဂါမခေတ်သို့ မလာ,မလိုက်၊ မလာ, မလိုက် သောကြောင့် ဝဂ် မဖြစ်၊ ဝဂ်မဖြစ်သောကြောင့် သမာနသံဝါသကသိမ် သမုတ်စဉ် အခါ နိမိတ်ပြင်ပ ရဟန်းတို့ကို မဆိုထားဘိ နိမိတ်တွင်း ရှိ ရဟန်း တို့သော်မှ လာလိုက လာ၊ မလာလိုက နေ၊ လာခြင်းကြောင့်လည်း သီမာသမ္မုတိကံ၏ အထောက်အပံ့ အထူးမဖြစ်။ မလာခြင်းကြောင့်လည်း သီမာသမ္မုတိကံ၏ အနှောင့်

အယုက် တစ်စုံတစ်ခု မဖြစ်နိုင်။ “ကာယသာမဂ္ဂီဖြင့် ချီးမြှောက်အံ့”ဟုလာလျှင် သာမိစိဝတ်ကျေ ရုံမျှရှိ၏ဟု ဆိုလိုသည်။

သမာနသံဝါသကသိမ် သမုတ်ပြီးဆုံးသောအခါ၌မူကား နိမိတ်အတွင်း၌ မူလပကတိဂါမ, မူလီအညဂါမ နှစ်ရပ်လုံး ဧကသီမဗဒ္ဓသိမ် တစ်လုံးတည်းဖြစ်သွားခြင်းကြောင့် နိမိတ်အတွင်းရှိ ရဟန်းများကို ဗဟိကရဏ သီမာ ဝိသောဓန၊ ဟတ္ထပါသာနယန သီမာ ဝိသောဓန၊ ဆန္ဒာရဟာဏ သီမာဝိသောဓန တို့ဖြင့် ထိုက်သည်အားလျော်စွာ သုတ်သင်ပြီးမှ အဝိပ္ပဝါသ ကမ္မဝါစာ ဖတ်ခွင့်ရသည်ဟု ဆုံးဖြတ်မိန့်ဆိုတော်မူသော (ဝိနည်း ၁၈–ခေါက် သင်တော် မူခဲ့သော) မဟာပဒုမမထေရ်၏ မုချတ္ထဝိနိစ္ဆယဝါဒကို အဋ္ဌကထာ ဆရာ ခံ့သမာဓိလုပ်၍–

ယော ယော အဋ္ဌကထာ ဝါရော ဝါ ထေရဝါရော ဝါ ပစ္ဆာ ဝုစ္စတိ၊ သော ပမာဏတော ဒဋ္ဌဗ္ဗော–ဟူသော မှတ်ချက်အတိုင်း ကျောက်ထိး တန္တံ့အလေးပြု၍ ပမာဏ အမှတ်အသားဖြင့် နောက်ဆုံးထား၍ အတည်ပြုထားတော်မူသည်။

## နယ်သိမ်းသိမ် သမုတ်ရန် အချက် ၄–ချက်

(၁) ကျေးရွာ၊ အုပ်စု၊ ရပ်ကွက်အတွင်းရှိ ရဟန်းတော်များကို သိမ်သမုတ်ရာ မြေပြင်အရပ်သို့ပင့်ဆောင်၍ ဟတ္ထပါသ်စပ်နေထိုင်ပြီးမှ သမုတ်ခြင်း။

(၂) မကြွရောက်နိုင်သော ရဟန်းများ၏ ဆန္ဒကိုယူ၍ သမုတ်ခြင်း။

(၃) ဗဒ္ဓသိမ် မရှိပါက မကြွရောက်လိုသော ရဟန်းတော်များကို သိမ်အတွင်း ထည့်သွင်း၍ သမုတ်ခြင်း။

(၄) ကျေးရွာ၊ အုပ်စု၊ ရပ်ကွက်အတွင်းမှ ထွက်ခွာသွားစေ၍ သမုတ်ခြင်း ဟူ၍ နယ်သိမ်းသိမ်သမုတ်ရာ၌ လုပ်ကိုင်ဆောင်ရွက်ရမည့် အချက် ၄–ချက်ကိုလည်း စီမံပြုလုပ်ထားရပါမည်။

## ခဏ္ဍသိမ် သမုတ်နည်း နည်းလမ်း (၂) သွယ်

ခဏ္ဍသိမ်ကိုဖွဲ့ရာ၌-

(၁) သိမ်ဖွဲ့လိုရာ၊ သမုတ်လိုရာ အစိတ်အပိုင်းဖြစ်သောမြေကွက်ကို သက်ဆိုင်ရာ အစိုးရမင်းများထံ ဝိသုံဂါမ (သီးခြားရွာ)အဖြစ် ရရှိရန် နည်းလမ်းတကျ သိမ်အမိန့်ခံစေ၍ ဝိသုံဂါမ (သီးခြားရွာ)အဖြစ် ရရှိသော မြေကွက်၌ သိမ်သမုတ်မှုဟူသော **ဝိသုံဂါမခဏ္ဍသိမ်** သမုတ်နည်း။

(၂) ဝိသုံဂါမ (သီးခြားရွာ) အဖြစ် ရရှိရန် အစိုးရထံ အမိန့်မခံဘဲ သိမ်ဖွဲ့ရာ သမုတ်လိုရာ မြေကွက်၏တည်ရာ ဂါမ စသော ခေတ်ရှိ ရဟန်းများကို-

(က) ဗဟိသီမာကရဏာ သီမာဝိသောနေ
(ခ) ဟတ္ထပါသာနယန သီမာဝိသောနေ
(ဂ) ဆန္ဒာဟရဏာ သီမာဝိသောနေ
(ဃ) ဗဒ္ဓသီမာပဝေသန သီမာဝိသောနေ

ဟူသော သီမာဝိသောနေ အမှုတို့ဖြင့် ထိုက်သလို နယ်သိမ်း၍ သမုတ်မှု ဟူသော နယ်သိမ်း ခဏ္ဍသိမ် သမုတ်နည်းဟူ၍ ခဏ္ဍသိမ် သမုတ်နည်း နည်းလမ်းနှစ်သွယ် ရှိပါသည်။

## ဂါမခေတ်တစ်ခုတည်း၌ သိမ်သမုတ်ပုံ

သစေ ကေသို့ ဂါမခေတ္တေ သီမံ ဗန္ဓိတုမာကာ-

(က) ယေ တတ္ထ ဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမှေ သကလသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ"တိ ပေသေတဗ္ဗံ၊

(ခ) ယေ အဗဒ္ဓသီမာ ဝိဟာရာ၊ တေသု ဘိက္ခူ ဧကဇ္ဈံ သန္နိပါတေတဗ္ဗာ၊

(ဂ) ဆန္ဒာရဟာနံ ဆန္ဒော အာဟာရာပေတဗ္ဗော။ (ဝိ၊ ၃၊ ၃၂၂)

(က) တစ်ခုသော ပကတိဂါမ ခေတ်အတွင်း၌ သိမ်သမုတ်လိုကြသော ရဟန်းတို့သည် ၎င်းဂါမခေတ်အတွင်းရှိ ဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ထံ "ဤယနေ့ သိမ်သမုတ်ကြကုန်မည်ဖြစ်၍ မိမိ, မိမိတို့ ဗဒ္ဓသိမ်အပိုင်းအခြားမှ ပြင်ဘက်သို့ မထွက်ကြပါကုန်လင့်" ဟု တမန်စေခိုင်း ပြောကြခြင်းဟူသော ဗဟိကရဏ သီမာဝိသောဓန နယ်သိမ်းခြင်း။

(ခ) အဗဒ္ဓသိမ်ကျောင်းနေ ရဟန်းတို့ကို သိမ်သမုတ်ရာဌာန၌ တပေါင်းတည်း စည်းဝေးခြင်း ဟူသော ဟတ္ထပါသာနယန နယ်သိမ်းခြင်း။

(ဂ) သိမ်သမုတ်ရာ ဂါမခေတ်အတွင်းရှိ ဆန္ဒာရဟ ရဟန်းတို့၏ ဆန္ဒကို ဆောင်ယူခြင်း ဟူသော ဆန္ဒာဟရဏ သီမာဝိသောဓန နယ်သိမ်းခြင်း။

(ဃ) ဗဒ္ဓသိမ်ထဲသို့လည်း မဝင်မနေ၊ ဟတ္ထပါသ်သို့လည်း မလိုက်ပါ၊ ဆန္ဒလည်း မပေးသော ရဟန်းတော်များကို သိမ်သမုတ် ချိန်၌ သိမ်သမုတ်ရာ မြေကွက်၏ တည်ရာ(ဂါမခေတ်အပြင်သို့) ကျေးရွာ၊ အုပ်စု၊ ရပ်ကွက်၊ ဒိုင်နယ်၏ အပြင်ဘက်သို့ နေစေခြင်း ဟူသော ဗဟိသီမာကရဏ သီမာဝိသောဓန နယ်သိမ်းခြင်း ဟူ၍ ၄-မျိုး ရှိပါသည်။

**မှတ်ချက်။** ။ ဤကဲ့သို့ ပြဆိုအပ်ပြီးသော သိမ်ကား တစ်ပါးသော ဂါမခေတ်ကို အတွင်းမပြုဘဲ တစ်ခုသော ပကတိဂါမခေတ်၌ နယ်သိမ်းနည်း ၄-မျိုးတို့ဖြင့် ထိုက်သည်အားလျော်စွာ နယ်သိမ်း၍ သမုတ်အပ်သော သိမ်မျိုးတည်းဟု မှတ်ပါ။

(က) ဗဟိသီမာကရဏ သီမာဝိသောဓန

(ခ) ဟတ္ထပါသာနယန သီမာဝိသောဓန

(ဂ) ဆန္ဒာဟရဏ သီမာပိသောဓန

(ဃ) ဗဒ္ဓသီမာ ပဝေသန သီမာဝိသောဓန။

(က) သူကြီးတစ်ဦးတည်းပိုင် ဒိုင်နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်ပိုင် (ဂါမခေတ်တစ်ခု) အပြင်ဘက်သို့ ကြွရောက်စေ၍ သမုတ်ခြင်းဟူသော **ဗဟိသီမာကရဏ**။

(ခ) သူကြီးတစ်ဦးတည်းပိုင် ဒိုင်နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်ပိုင် (ဂါမခေတ်တစ်ခု) အတွင်းက ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ ရဟန်းတော်များကို သိမ်မြေပြင် ဟတ္ထပါသ်အတွင်း ရောက်အောင် သိမ်း၍ သမုတ်ခြင်းဟူသော **ဟတ္ထပါသာနယန**။

(ဂ) မလာနိုင်၊ မကြွနိုင်သော ရဟန်းတော်များကို ဆန္ဒဆောင်၍ သမုတ်ခြင်းဟူသော **ဆန္ဒာဟရဏ သီမာဝိသောဓန**။

(ဃ) ထိုရဟန်းတော်များ၏ ကျောင်းတိုက်၌ ဗဒ္ဓသိမ်ရှိလျှင် သိမ်သမုတ်သော အချိန်တွင် ဗဒ္ဓသိမ်ထဲသို့ ဝင်စေ၍ သမုတ်ခြင်း ဟူသော **ဗဒ္ဓသီမာပဝေသန သီမာဝိသောဓန**။

ဟူသော အစီအစဉ် အချက် ၄–ချက်အရ ပရိသာသမ္ပတ္တိနှင့် ပတ်သက်၍ ကြိုတင်စီစဉ်ရမည့် လိုအပ်ချက်များကို လိုအပ်သလို စီစဉ် ဆောင်ရွက်ရပါမည်။

**(သိမ်သမုတ်ဆိုင်ရာ ဝိနိစ္ဆယ–၃၃ မှ ကောက်နုတ်ချက်)**

**ဆန္ဒပေးပုံ** = ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ–ဟူ၍ သုံးခေါက်ဆို၍ ဆန္ဒပေးရပါမည်၊ သိမ်ကံ ဆောင်ရာ၌ မကျန်းမမာ ဖြစ်နေသော် လည်းကောင်း၊ မသွားမလာနိုင်သော်လည်းကောင်း တစ်ခုခု ဖြစ်နေပါက သံဃာတစ်ပါး ထံ၌ ဆန္ဒပေးရမည်။

**ဆန္ဒလျှောက်ပုံ** = (တိဿေန) ဘိက္ခုနာ ဆန္ဒော ဒိန္နော၊ တ မဟံ သံဃဿ အာရောစေမိ–ဟု သိမ်သမုတ်ရာဌာန သံဃာ့ အလယ်မှာ ဆန္ဒဆောင်ယူသူ ရဟန်းတော်က လျှောက် ထားရမည်။

ဤကဲ့သို့ ဆောင်ရွက်လိုက်လျှင် ဆန္ဒာဟရဏ သီမာဝိသောဓန ဖြစ်သွားပါတော့သည်။

## သမ္မတ္တိ သုံးပါး

(၁) နိမိတ်၏ ပြည့်စုံခြင်း၊

(၂) ပရိသတ်၏ ပြည့်စုံခြင်း

(၃) ကမ္မဝါစာ၏ ပြည့်စုံခြင်း ဟူ၍ သုံးမျိုးပြားသည်။

**သာဓက** – နိမိတ္တသမ္ပတ္တိယာ ပရိသသမ္ပတ္တိယာ ကမ္မဝါစာသမ္ပတ္တိယာ ယုတ္တာန မေဝံ။ **(ကင်္ခါ–၅)**

(နိမိတ္တသမ္ပတ္တိကို နောက်မှ အကျယ်ပြပါမည်)

(၂) **ပရိသတ်၏ပြည့်စုံခြင်း=**သဗ္ဗန္တိမေန ပရိစ္ဆေဒေန ဘိက္ခူဟိ သန္နိ ပတိတ္ဗာ–ဟူသော ကင်္ခါ အဋ္ဌကထာနှင့်အညီ စတုဝဂ်ကံဖြစ်၍ လေးပါးသော ရဟန်းတို့၏ ပြည့်စုံခြင်းသည် ပရိသတ်၏ ပြည့်စုံခြင်း မည်၏။

**မှတ်ချက်။** ။ ပါရာဇိကရောက်, မရောက်သောအဖြစ်ကို သိနိုင်ခဲသည် ဖြစ်၍ ဆပဠမတ္တေဟု ဆရာတို့ မိန့်ဆိုထားသောကြောင့် ငါးပါး, ခြောက်ပါးသော ရဟန်းတို့သည် ပရိသတ်၏ ပြည့်စုံခြင်း မည်၏။

(၃) **ကမ္မဝါစာ၏ ပြည့်စုံခြင်း=** ဌာနကရဏာဒိသမ္ပဒံ အဟာပေန္တေန သိထိလ ဓနိတ ဒီဃ ရဿာဒိ ဝိသေသံ မနသီကရောန္တေန။ **(ကင်္ခါဋီကာ)**

ဌာန်-ကရိုဏ်း စသည်တို့ဖြင့် ပြည့်စုံခြင်းကို မယုတ်စေမူ၍ သိထိလ, ဓနိတ, ဒီဃ, ရဿ စသည်တို့၏ အထူးကို နှလုံးသွင်းသဖြင့်ဟု ဆိုထား၍ ဉတ္တိဒေါသ, အနုဿာဝနဒေါသတို့ကို ပယ်၍ ဉတ္တိသမ္ပတ္တိ-အနုဿာဝနသမ္ပတ္တိနှင့် ပြည့်စုံစွာ ကမ္မဝါစာ ရွတ်ခြင်း၊ ဖတ်ခြင်းသည် ကမ္မဝါစာသမ္ပတ္တိ မည်၏။

[ဤသို့ ကမ္မဝါစာဖြင့် ဖွဲ့သောကြောင့် ဗဒ္ဓသိမ်မည်၏ဟု မှတ်လေ။]

(၁) **နိမိတ်၏ပြည့်စုံခြင်း=** ပဗ္ဗတနိမိတ္တံ၊ ပါသာဏနိမိတ္တံ၊ ဝနနိမိတ္တံ၊ ရုက္ခနိမိတ္တံ၊ မဂ္ဂနိမိတ္တံ၊ ဝမ္မိကနိမိတ္တံ၊ နဒီနိမိတ္တံ၊ ဥဒကနိမိတ္တန္တိ (ဣတိ ဣမေ အဋ္ဌ) ဟူသော ကခ်ါအဋ္ဌကထာနှင့် အညီ-

(၁) တောင်နိမိတ်၊ (၂) ကျောက်နိမိတ်၊ (၃) တောနိမိတ်၊ (၄) သစ်ပင်နိမိတ်၊ (၅) ခရီးလမ်းနိမိတ်၊ (၆) တောင်ပို့နိမိတ်၊ (၇) မြစ်နိမိတ်၊ (၈) ရေနိမိတ် ဟူ၍ ရှစ်မျိုး ပြားသည်။

## (၁) တောင်နိမိတ် မှတ်သားဖွယ်

**သာဓက။** ॥ ပဋ္ဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ၊ ပဗ္ဗတနိမိတ္တံ၊ ပါသာဏနိမိတ္တံ၊ ဝနနိမိတ္တံ၊ ရုက္ခနိမိတ္တံ၊ မဂ္ဂနိမိတ္တံ၊ ဝမ္မိကနိမိတ္တံ၊ နဒီနိမိတ္တံ၊ ဥဒကနိမိတ္တံ၊ နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။ **(ဝိ၊ ၄၊ ၃၊ ၁၄၄)**

တောင်နိမိတ်၊ ကျောက်နိမိတ်၊ တောနိမိတ်၊ သစ်ပင်နိမိတ်၊ လမ်းခရီးနိမိတ်၊ တောင်ပို့နိမိတ်၊ မြစ်နိမိတ်၊ ရေနိမိတ် ဟူ၍ ရှစ်မျိုး ရှိ၏။

**ဆောင်ပုဒ် =** တောင်-ကျောက်-တော-သစ်၊ လမ်း-ပို့-မြစ်-ရေ၊
ဤရှစ်ထွေ၊ မှတ်လေ သိမ်နိမိတ်။

## တောင်သုံးမျိုး

တောင်သည်

(၁) မြေချည်းသက်သက်တောင်၊

(၂) ကျောက်ချည်း သက်သက်တောင်၊

(၃) မြေနှင့်ကျောက် နှစ်မျိုးရောသောတောင် ဟူ၍ သုံးမျိုးရှိရာ ထိုတောင်သုံးမျိုးသာ အပ်၏။

သဲအစုအပုံဖြစ်သော တောင်သည် မအပ်ပါ။ သဲအစုအပုံမှတစ်ပါးသော တောင်သည်လည်း ဆင်ပမာဏအောက် ယုတ်လျော့လျှင် မအပ်၊ ဆင်ပမာဏမှစ၍ မြင့်မိုရ်တောင် ပမာဏရှိသော တောင်သည် အပ်၏။

**သာဓက။** ။ တိဝိဓော ပဗ္ဗတော သုဒ္ဓပံသုပဗ္ဗတော သုဒ္ဓပါသာဏ ပဗ္ဗတော ဥဘယမိဿကောတိ၊ သော တိဝိဓောပိ ဝဋ္ဋတိ၊ ဝါ သိကရာသိ ပန န ဝဋ္ဋတိ၊ ဣတရောပိ ဟတ္ထိပ္ပမာဏတော ဩမကတရော န ဝဋ္ဋတိ၊ ဟတ္ထိ ပမာဏတော ပန ပဋ္ဌာယ သိနေရုပ္ပမာဏောပိ ဝဋ္ဋတိ။

(က) တောင်နိမိတ်၌ အငယ်ဆုံး ဆင်ပမာဏမျှရှိသော တောင်သည် နိမိတ် လောက်၏။ ဆင်ပမာဏ ဆိုသည်မှာ အမြင့်ဆုံး ၇–တောင်ထွာ အတိုင်းအရှည်ပမာဏကို ယူအပ်၏။

(ခ) ဤနေရာ၌ အမြင့် ၇–တောင်ထွာ ဆိုသည်မှာလည်း မြေမှ အထက်သို့ ပေါ်သော အဖို့ကိုသာ ယူရမည်။ မြေကြီးထဲ၌ မြုပ်နေသည်ကို မယူရပါ။

(က) ဟတ္ထိပ္ပမာဏော ပန ပဗ္ဗတော ဟေဋ္ဌိမကောဋိယာ အမုဋ္ဌမရတနုဗ္ဗေဓော၊ **(ဝဇိရဗုဒ္ဓိဋီကာ)**

(ခ) **ဟတ္ထိပမာဏော**တိဣွေ ဘူမိတော ဥဂ္ဂတပ္ပဒေသေန ဟတ္ထိပမာဏံ ဂဟေတဗ္ဗံ။ **(ဝိမတိဋီကာ)**

## (၂) ကျောက်နိမိတ်

**သာဓကေ။** ။ ပါသာဏနိမိတ္တေ အယဂုဠေပိ ပါသာဏသင်္ချံ ဂစ္ဆတိ၊ တသ္မာ ယော ကောစိ ပါသာဏော ဝဋ္ဋတိ။ ပမာဏတော ပန ဟတ္ထိပ္ပမာဏော ပဗ္ဗတသင်္ချံ ဂတော၊ တသ္မာ သော န ဝဋ္ဋတိ၊ မဟာပါသာဏ မဟာမဟိံသ ပမာဏော ပန န ဝဋ္ဋတိ၊ ဟေဋ္ဌိမပရိစ္ဆေဒေန ဒွတ္တိံသပလဂုဠပိဏ္ဍပရိ မာဏော ဝဋ္ဋတိ၊ တတော ခုဒ္ဒကတရော ဣဋ္ဌကာ ဝါ မဟန္တာပိ န ဝဋ္ဋတိ။ **(အဋ္ဌကထာ)**

ဤအဋ္ဌကထာ၌လာသော ပိုလ်ပမာဏကို အထူးထူးပင် ဆိုကြကုန်၏။ လောကီကျမ်းတို့၌ (၃-၂၂း) သုံးကျပ်-နှစ်မူးသားကို တစ်ပိုလ်ဟူ၍လည်း ရှိ၏။ (၅) ငါးကျပ်သားကို တစ်ပိုလ်ဟူ၍လည်း ရှိ၏။ **ကင်္ခါဋီကာ၌** ကေံ ပလံ နာမ ဒသက ပလန္တိ ဝဒန္တိ ဟူ၍ ဆိုသောကြောင့်လည်းကောင်း၊ တလဋ္ဌလကိုလည်း ဒွတ္တိံ ဂုဉ္ဇံ တလဋ္ဌံ-ဟူ၍ ကျမ်းဂန်များ၌ဆိုသောကြောင့် လည်းကောင်း၊ တလဋ္ဌကို ရွေးကြီးကိုယူ၍ ၎င်းရွေးကြီးကိုလည်း ရွေးငယ်လေးလုံးခန့်ရှိသော ရွေးကြီးကိုယူ၍ တလဋ္ဌကို ကျပ်ချိန် (၁) တစ်ကျပ်သားရှိကြောင်း၊ ၁၀-တလဋ္ဌကို တစ်ပိုလ် ဆိုသောကြောင့် တစ်ပိုလ်လျှင် ကျပ်ချိန် ၁၀-သား ရှိကြောင်းကိုလည်း ယူကြပါသည်။ ဤအထူးအထူးတို့တွင် (၃-၂၂း) သုံးကျပ်-နှစ်မူးကို တစ်ပိုလ်ယူလျှင် ၃၁-ပိုလ် တင်လဲခဲသည် ၁ ပိဿာနှင့် ၄ ကျပ်သား အချိန်စီး၏။ ပမာဏဆိုလျှင် ယခု ကာလ ပြည်တောင်းလောက် ပမာဏရှိ၏။ ၅ ကျပ်သားကို တစ်ပိုလ်ယူလျှင် ၃၂ ပိုလ် တင်လဲခဲသည် ၁ ပိဿာ ၆၀ ကျပ်သား အချိန်စီး၏။ ပမာဏဆိုလျှင် သုံးခွက်ဝင်တောင်း ပမာဏရှိ၏။ တစ်ဆယ် (၁၀) ကျပ်သားကို တစ်ပိုလ်ယူလျှင်

၃၂ ပိုလ် တင်လဲခဲသည် သုံးပိဿာ နှစ်ဆယ်ကျပ်သား အချိန်စီး၏။ ပမာဏဆိုလျှင် သုံးပြည်ဝင်တောင်း ပမာဏရှိ၏။ ၎င်း ပမာဏရှိသော ကျောက်ခဲများသည် ငယ်လွန်းသောကြောင့် အဘိဓာန်ကျမ်း၌ လာသည်မှာ–

ဓာရဏာ နိပလံ ဒသ၊ ဓာရဏ နိဒသ

ဓာရဏာ–တစ်ဆယ်တို့သည်။ ပလံ–တစ်ပိုလ်မည်၏။ ဓာရဏ တစ်ခု ကိုလည်း အောက်ဖော်ပြပါအတိုင်း ပြဆိုထားပါသည်။

စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ဒွေ ဂုဉ္ဇာ မာသကော ဘဝေ၊

ဒွေ အက္ခံ မာသကာ ပဉ္စ၊ အက္ခာနံ ဓာရဏာ မဋ္ဌကံ။ ။

စတ္တာရော ဝီဟယော–ကောက်စပါး လေးလုံးတို့သည်။ ဂုဉ္ဇာ–တစ်ခြင် ရွေးမည်သည်။ ဘဝေ–ဖြစ်၏။ ဒွေ ဂုဉ္ဇာ–နှစ်ခြင်ရွေးတို့သည်။ မာသကော– တစ်ပဲမည်သည်။ ဘဝေ–ဖြစ်၏။ ဒွေ ပဉ္စမာသကာ–ဆယ်ပဲတို့သည်။ အက္ခံ– တစ်အက္ခမည်သည်။ ဘဝေ–ဖြစ်၏။ အက္ခာနံ–အက္ခတို့၏။ အဋ္ဌကံ– ရှစ်ခု သည်။ ဓာရဏံ–တစ်ဓာရဏမည်သည်။ ဘဝေ– ဖြစ်၏။

ဤကဲ့သို့လာသော အဘိဓာန်အလိုအားဖြင့် ဓာရဏ–တစ်ခုသည် လေး ကျပ်သားအချိန် ရှိ၏။ ဓာရဏ ၁၀–ခုကို တစ်ပိုလ်ဆိုသောကြောင့် တစ်ပိုလ်လျှင် ကျပ်ချိန် ၄၀ ကျပ်သား အချိန်စီး၏။ ၃၂ ပိုလ်တင်လဲခဲသည် ဆယ့်နှစ်ပိဿာ ရှစ်ဆယ်ကျပ်သား အချိန်စီး၏။ ၎င်းတင်လဲခဲ၏ ပမာဏကို သိလို၍ (ကျေးဇူးရှင် မိုးနံကုန်းဆရာတော်ကြီး စေခိုင်းချက်အရ) သေသေချာချာ တင်လဲခဲများကို ကျိုချက်ပြီး အပြစ်ခဲကာနီးကို တစ်ဆယ့်သုံးပိဿာ တင်လဲခဲကို ချိန်ပြီး၍ သစ်သားစည်ထဲသို့ လောင်းထည့်ပြီး ကြည့်ရာ ယင်းသစ်သားစည် ခေါင်းထဲ၌ရှိသော တင်လဲခဲသည် ပမာဏအားဖြင့် ဖြက် ၇–လက်မခွဲ၊ ပတ်လည်လေးထောင့်၊ အမြင့် ၁၄ လက်မခွဲ ရှိ၏။ ထိုပမာဏသည် ယခု ကာလ (ရေနံဆီပုံး) (တစ်ဆယ်ဝင် ဆီသံပုံး) လောက် ပမာဏရှိသော ကျောက်ခဲကို ၃၂–ပိုလ် တင်လဲခဲ ပမာဏရှိသော ကျောက်ခဲဟူ၍ ယူလျှင် ငယ်လည်း မငယ်လွန်း၊ ကြီး လည်း မကြီးလွန်း၊ မဇ္ဈိမ ပဋိပဒါ ဖြစ်လောက် ကြောင်း ဆရာတော်ဘုရားကြီး

မိန့်မှာတော်မူခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အောက်၌ ဆိုအပ်ခဲ့ပြီးသော ပမာဏများသည် ငယ်လွန်းသည်၊ ငယ်လွန်း၍ လူများ တိုက်၍သွားသော်လည်းကောင်း၊ ကျွဲ, နွား စသည်တို့ တိုက်ခိုက်၍သွားသော်လည်းကောင်း လွင့်ပါး၍ တစ်ပါးသောအရပ်သို့ ရွေ့လျားပြောင်းသွား လွယ်နိုင်သည်။ မြတ်စွာဘုရား ခွင့်ပြုတော်မူရင်းမှာ ဤကဲ့သို့ ထိပါးရုံမျှနှင့် မရွေ့မလျားနိုင်လောက်အောင် တည်တံ့ခိုင်မြဲလောက်သော ဝတ္ထုမျိုးကိုသာ ခွင့်ပြုတော်မူအပ်သောကြောင့် အဋ္ဌကထာ ဆရာတော်လည်း လူ၊ တိရစ္ဆာန်တို့ အနည်းငယ်မျှ တိုက်ရုံမျှနှင့် မရွေ့မလျားနိုင်လောက်သော ပမာဏကို ပြလို၍သာ ၃၂-ပိုလ် တင်လဲခဲပမာဏကို ပြဆိုတော်မူပါသည်။**(ဝိနိစ္ဆယဂဏ္ဌိဒီပနီ ဝိနိစ္ဆယတ္ထကျမ်း၌ ဤသို့ ပြထား၏)**

**သတိပြုရန်–** ကျောက်နိမိတ်သည် အမြဲတည်၊ အခိုင်အခန့် တည်တံ့နိုင်လောက်သော ပမာဏကို ပြတော်မူလိုရင်း ဖြစ်သည်။ သို့ဖြစ်၍ အဘိဓာန်ကျမ်း၌လာသော ပမာဏသည် မကြီး၊ မငယ်၊ အလယ်အလတ်ဖြစ်၍ သင့်မြတ်ကြောင်း မှတ်ချက် ပြတော်မူပါသည်။

**မှတ်ချက်။** ။ အုပ်တို့ဖြင့် ပြုလုပ်ထားသော ကျောက်အမှတ်အသား၊ ဘိလပ်မြေ, ကျောက်စရစ် စသည်ဖြင့် ပြုလုပ်ထားသော ကျောက်တိုင်အမှတ်အသားသည် နိမိတ်အဖြစ်သို့ မရောက် သော ကျောက်ခဲအစုအပုံသည်လည်း မအပ်ဟု မှတ်ပါ။ မြေပုံ၊ သဲပုံ အစုသည် အဘယ်မှာ ဆိုဖွယ်ရာပါအံ့နည်း၊ မအပ်ဟူ၍ မှတ်ပါ။

**(အဋ္ဌကထာလာစကား)**

## (၃) တောနိမိတ်

**သာဓက–** (က) တိဏဝနံ ဝါ တစသာရ တာလ နာဠိကေရာဒိရုက္ခဝနံ ဝါ နဠဝတိ၊

(ခ) အန္တောသာရာနံ ပန သာကသာလာဒီနံ အန္တောသာရ မိဿကာနံ ဝါ ရုက္ခာနံ ဝနံ ဝဋ္ဋတိ၊

(ဂ) တဠ ခေါ ပဟောဋ္ဌိမပရိစ္ဆေဒေန စတုပဉ္စရုက္ခမတ္တမ္ပိ၊ တတော ဩရတရံ န ဝဋ္ဋတိ။ **(ဝိ၊ ၃၊ ၃၊ ၃၁၉)**

(ဃ) ပရံ ယောဇနသတိကမ္ပိ ဝဋ္ဋတိ။

(က) မြက်တောသည်လည်းကောင်း၊ အခွံအခေါက်ဟူသော အနှစ်ရှိသော ထန်းပင်၊ အုန်းပင်၊ (ဝါးပင်) စသော သစ်ပင်တို့၏ တောသည် လည်းကောင်း နိမိတ်ပြုခြင်းငှာ မအပ်ပါ။

(ခ) အတွင်း၌ အနှစ်ရှိသော ကျွန်းပင်၊ အင်ကြင်းပင်၊ (ရှားပင်) စသော သစ်ပင်၊ သစ်တော၊ အနှစ်ရှိသစ်ပင်တို့ဖြင့် ရောနှောသော သစ်ပင်၊ သစ်တောတို့သည် နိမိတ်ပြုခြင်းငှာ အပ်ပါသည်။

(ဂ) အောက်ထစ်ဆုံးအားဖြင့် သစ်ပင် လေးပင် ငါးပင်ရှိသော သစ်တောသည် အပ်၏။ ထိုအောက် ယုတ်လျော့သော သစ်တောသည် မအပ်ပါ။

(ဃ) လေးပင် ငါးပင်ရှိသော သစ်တောထက်များသော ယူဇနာ တစ်ရာရှိသော သစ်တောလည်း အပ်၏။

## (၄) သစ်ပင်နိမိတ်

**သာဓက–** (က) ရုက္ခနိမိတ္တေ တစသာရော တာလ နာဠိကေရာဒိရုက္ခော န ဝဋ္ဋတိ။

(ခ) အန္တောသာရော ဇီဝမာနကော အန္တမသော ဥဗ္ဗေဓတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိဒဏ္ဍကပ္ပမာဏောပိ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ။

(ဂ) ပရံ ဒွါဒသယောဇနော သုပ္ပတိဋ္ဌိတနိဂြောဓောပိ ဝဋ္ဋတိ။

(က) အခွံ ဟူသော အနှစ်ရှိသော ထန်းပင်၊ အုန်းပင် စသော သစ်ပင်သည် နိမိတ်ပြုခြင်းငှာ မအပ်ပါ။

(ခ) အတွင်း၌ အနှစ်ရှိသော (အသက်ရှင်ဆဲ) အောက်ထစ်ဆုံးအားဖြင့် အစောက် (အမြင့်) လက်ရှစ်သစ်၊ လုံးပတ် သီဟိုဠ်ကညစ်ရိုးတံလောက် ပမာဏရှိသော သစ်ပင်သည် နိမိတ်ပြုခြင်းငှာ အပ်ပါသည်။ (ထိုသစ်ပင် ပမာဏအောက်ငယ်သော သစ်ပင်သည် မအပ်ပါ။)

(ဂ) တစ်ဆယ့်နှစ်ယူဇနာလောက်ရှိသော ပညောင်ပင်ကြီးသည်လည်း နိမိတ်ပြုခြင်းငှာ အပ်၏။

**မှတ်ချက်။ ။** အိုး စသည်၌ စိုက်ပျိုးထားသော သစ်ပင်များ မအပ်ပါ။

## (၅) လမ်းနိမိတ်

**သာဓက–** (က) မဂ္ဂနိမိတ္တေ အရည ခေတ္တ နဒီ တဠာက မဂ္ဂါဒယော န ဝဋ္ဋတိ။

(ခ) ဇင်္ဃမဂ္ဂေါ ဝါ သကဋမဂ္ဂေါ ဝါ ဝဋ္ဋတိ။ **(ဝိ၊ ၄၊ ၃၊ ၃၂၀)**

(က) တောသွားလမ်း၊ လယ်သွားလမ်း၊ မြစ်သွားလမ်း၊ တစ်ဖက်ဆည်ကန်သွားလမ်း စသည်တို့သည် နိမိတ်ပြုခြင်းငှာ မအပ်ပါ။

(ခ) ခြေသွားလမ်း၊ လှည်းသွားလမ်းတို့သည် (နှစ်ရွာ၊ သုံးရွာ ထုတ်ခြင်းထွင်း ရွာလမ်းတို့သည်) နိမိတ်ပြုခြင်းငှာ အပ်ပါသည်။

**မှတ်ချက်–** သုံးစွဲခြင်းမရှိသော လမ်းမှာ မအပ်၊ သုံးစွဲလျက်ရှိသော လမ်းများသာ အပ်ပါသည်။ [မဇ္ဈေ ဧကံ ကိတ္တေတွာ] မဇ္ဈေဟု ဆိုသော်လည်း လမ်းလေးခုတို့၏ အလယ်တိတိကို မယူရ၊ လမ်းလေးခုထဲက တစ်ခုခုကို နိမိတ်လုပ်ပြီးလျှင် အခြားလမ်းကို နိမိတ် မပြုလုပ်ရဟု ဆိုလိုသည်။

## (၆) တောင်ပို့နိမိတ်

**သာဓက–** (က) ဝမ္မိကနိမိတ္တေ ဟောဠှိမပရိစ္ဆေဒေန တံ ဒိဝသံ ဇာတော အင်္ဂုလုပ္ပမာဒေါ ဂေါဝိသာဏပ္ပမာဏောပိ ဝမ္မိကော ဝဍ္ဎတိ၊ တတော ဩရံ န ဝဍ္ဎတိ။

(ခ) ပရံ ဟိမဝန္တပဗ္ဗတသဒိသောပိ ဝဍ္ဎတိ။ **(ဝိ၊ ဋ္ဌ၊ ၁၊ ၃၂၁)**

(က) အယုတ်ဆုံး၊ အငယ်ဆုံး ပမာဏမှာ သိမ်သမုတ်သောနေ့၌ ပေါ်ပေါက်လာသော အစောက် (အမြင့်) လက်ရှစ်သစ် နွားချိုပမာဏလောက်ရှိသော တောင်ပို့သည် နိမိတ်ပြုခြင်းငှာ အပ်၏။ [တောင်ပို့သည် ကြီးပွားဆဲဖြစ်သောကြောင့်တည်း။] ထိုအောက် ယုတ်လျော့သော တောင်ပို့သည် မအပ်။

(ခ) လက်ရှစ်သစ်မှစ၍ ဟိမဝန္တာတောင်လောက်ရှိ တောင်ပို့လည်း အပ်၏။

## (၇) မြစ်နိမိတ်

**သာဓက –** (က) နဒီနိမိတ္တေ ဓမ္မိကာနံ ရာဇူနံ ကာလေ အန္ွဍ္ဍမာသံ အနုဒသာဟံ အနုပဉ္စာဟန္တိ ဧဝံ အနတိက္ကမိတွာ ဒေဝေ ဝဿန္တေ ဝလာဟကေသု ဝိဂတမတ္တေသု သောတံ ပစ္ဆိဇ္ဇတိ၊ အယံ နဒီသင်္ချံ န ဂစ္ဆတိ။

(ခ) ယဿာ ပန ဤဒိသေ သုဝုဋ္ဌိကာလေ ဝဿာနဿ စာတုမာသေ သောတံ န ပစ္ဆိဇ္ဇတိ၊ တိမဏ္ဍလံ ပဋိစ္ဆာဒေတွာ ယတ္ထ ကတ္ထစိ ဥတ္တရန္တိယာ ဘိက္ခုနိယာ အန္တရဝါသကော တေမိယတိ၊ အယံ နဒီသင်္ချံ ဂစ္ဆတိ။**(ဝိ၊ ဋ္ဌ၊ ၁၊ ၃၂၁)**

(က) တရားစောင့်သော မင်းများလက်ထက် ၁၅–ရက်တစ်ကြိမ်၊ ၁၀–ရက်တစ်ကြိမ်၊ ၅–ရက်တစ်ကြိမ် မိုးရွာသော်လည်း မိုးမရွာသောအခါ ရေပြတ်သော မြစ်, ချောင်းသည် မြစ် မမည်။

(ခ) မိုးလေဝသ ကောင်းသောအခါ၌ ၅–ရက် တစ်ကြိမ်၊ ၁၀–ရက်တစ်ကြိမ်၊ ၁၅–ရက် တစ်ကြိမ် မိုးရွာသော်၊ အခြားရက် မိုးမရွာသော်လည်း ရေမပြတ်သော (မြစ်+ချောင်း) ယုတ်စွအဆုံး အဝန်းညီစွာ သင်းပိုင်ဝတ်ထားသော ဘိက္ခုနီမ ရေကူးသွားသော် ထိုဘိက္ခုနီမ၏ သင်းပိုင်စွန်း ရေစိုလျှင် ထိုမြစ်, ချောင်းသည် မြစ်ဟူ၍ သမုတ်အပ်သည်။

**မှတ်ချက်** – ဆောင်း ၄–လ၊ နွေ ၄–လ၌ ရေမရှိသော်လည်း မြစ်ဟူ၍ သမုတ်အပ်သောကြောင့် ထိုမြစ်ချောင်း၌ ကံပြုခြင်းငှာ အပ်၏။

ရေတစ်ကျ၊ သဲတစ်ကျ အမှတ်အသားပြုပြီး ကံဆောင်လျှင် အောင်မြင်ပါသည်။

## (၈) ရေနိမိတ်

**သာဓက** – (က) ဥဒကနိမိတ္တေ နိရုဒကေ ဌာနေ နာဝါယ ဝါ စင်္ဂအာဒီသု ဝါ ဥဒကံ ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ န ဝဋ္ဋတိ၊ ဘူမိဂတမေဝ ဝဋ္ဋတိ။

(ခ) ဋ္ဌိတံ ပန အန္တမသော သူကရခတာယပိ ဂါမဒါရကာနံ ကီဠနဝါပိယမ္ပိ တင်္ခဏညေဝ ပထဝိယံ အာဝါဋံ ကတွာ ကုဋေဟိ အာဟရိတွာ ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာပရိယောသာနာ တိဋ္ဌတိ၊ အပ္ပံ ဝါ ဟောတု ဗဟု ဝါ၊ ဝဋ္ဋတိ။

(က) ရေမရှိသောအရပ်၌ လှေထဲ၌သော်လည်းကောင်း၊ အိုးစရည်း (ရေအိုး) စသည်၌ လည်းကောင်း ရေကို လောင်းထည့်၍ ရေနိမိတ် ပြုခြင်းငှာ မအပ်။ မြေ၌တည်သော ရေသာ နိမိတ်ပြုခြင်းငှာ အပ်ပါသည်။

(ခ) အောက်ထစ်ဆုံးအားဖြင့် ဝက်လူးသော ရေအိုင်၌လည်းကောင်း၊ ကလေးသူငယ်များ ကစားရန် တူးထားသော ရေအိုင်၌လည်းကောင်း သိမ်သမုတ်သော ခဏ၌ မြေ၌ ကျင်းတူး၍ ရေလောင်းထည့်ပြီးလျှင် (ကမ္မ

ဝါစာ မဖတ်မီ ရေမပြတ် လောင်းထားနိုင်သည်။ ကမ္မဝါစာဖတ်တုန်း မလောင်းရပါ။) သမာန သံဝါသသီမာ သမ္မုတိ ကမ္မဝါစာ ဆုံးသည့် တိုင်အောင် ထိုရေ တည်နေလျှင် (မကုန်လျှင်) ရေနိမိတ် အောင်မြင်ပြီးစီး ပါသည်။

**မှတ်ချက်** – သိမ်သမုတ်ပြီးသောအခါ သီမန္တရိက် ရေထည့်ရန် တွင်းတူးထားသော နေရာ၌ ကျောက်တိုင်ဖြစ်စေ၊ တစ်ခုခု အမှတ်အသားသိရန် စိုက်ထူထားရသည်။

## သိမ်နုတ်၊ သိမ်သမုတ် အစီအစဉ်များ

မိမိတို့ သိမ်သစ် သမုတ်မည့်နေရာ၌ ရှေးက သမုတ်ထားပြီးသော သိမ်ဟောင်းများ မရှိဟု သေချာတိကျစွာ သိရှိပါမူ သိမ်နုတ်ရန် မလိုဘဲ သမုတ် လိုက်ရုံသာ ရှိပါသည်။ သို့ရာတွင် ဘုရားရှင်လက်ထက်မှစ၍ ယနေ့ သာသနာတော် (၂၅၀၀) ကျော်တိုင်အောင် ကာလအတွင်း၀ယ် မိမိတို့ သိမ်သမုတ်မည့် နေရာ၌ ရှေးရှေးအခါက သိမ်မသမုတ်ခဲ့ဘူးသေးဟု သံသယကင်းလောက်အောင် တပ်အပ် သေချာ တိကျစွာ မည်သူမျှ မပြောနိုင်သည့်အတွက် ရှေးက သမုတ်ခဲ့ဖူးသော သိမ်ဟောင်းများ အကယ်၍ ရှိခဲ့သော် သီမာသမ္ဘေဒ၊ သီမာအဇ္ဈောတ္ထရဏ (စပ်မှု၊လွှမ်းမှု) ဝိပ္ပတ္တိသိမ် မဖြစ်အောင် ထိုသိမ်ဟောင်းများ ကျွတ်လွတ်သွားစေရန် သိမ်နုတ်မှုကို ပြုရလေသည်။

ဤကဲ့သို့ သိမ်နုတ်ခြင်းသည် ရှေးကသိမ်ဟောင်းများ ရှိခဲ့သော် (စပ်=လွှမ်း) အပြစ်နှစ်ပါးတို့မှ လွတ်ကင်းခြင်း အကျိုးရှိ၍ ရှေးက သိမ်ဟောင်း မရှိခဲ့သော် မိမိတို့ သမုတ်သော သိမ်သည် သိမ်ပျက်များ ဖြစ်နေသလား၊ မဖြစ်ဘူးလားဟု ယုံမှား ဒွိဟ မဖြစ်ရတော့ဘဲ ကံကြီး, ကံငယ် အသွယ်သွယ်တို့ကို လွယ်ကူချမ်းသာစွာ သံသယကင်းရှင်းစွာဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ခြင်း အကျိုးရှိပါသည်။

ထိုသို့ အကျိုးရှိခြင်းကြောင့် ဝိနယ ဝိဒူ တစ်ဆူဆူသော မဟာထေရ်မွန် ပညာဝန် ဆရာစဉ်ဆက်တို့သည် သိမ်သမုတ်မည့်နေရာ၌ သိမ်နုတ်ခြင်းအမှုကို မုချကေန် ပြုလုပ်ဆောင်ရွက်ကြလေသည်။

**သာဓက –** (က) "သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ"တိ ရတ္တောဟိ ဒွိဟိ ဝိပ္ပတ္တိ ဒေါသေဟိ မုစ္စနတ္ထံ သီမာသမူဟနနကမ္မံ ဟူ၍ လည်းကောင်း။

(ခ) တထာပိ သမူဟနိတဗ္ဗာ ပေါရာဏသီမာ ပရိစ္ဆေဒသာ ဒုဝိညေယျတာ ဟူ၍ လည်းကောင်း ဝိနယာလင်္ကာရဋီကာ ဆရာ မိန့်တော်မူသည်။

ရှေးက ခဏ္ဍသိမ်၊ မဟာသိမ် ရှိ– မရှိကိုလည်းကောင်း၊ ယင်းတို့၏ အပိုင်းအခြားကိုလည်းကောင်း မသိရှိဘဲလျက်ပင် နုတ်၍ ဖြစ်နိုင်ပုံကို ဝိမတိ စသော ဋီကာဆရာများ မိန့်ဆိုချက်အရ ရှေးရှေး ဆရာစဉ်ဆက် သိမ်နုတ်ခြင်း "သီမာသမူဟနန" ကံကို စီမံ ဆောင်ရွက်လာခဲ့ကြလေသည်။ သိမ်နုတ်ရာ၌ သိမ်ရှိ–မရှိနှင့် သိမ်အပိုင်းအခြားကို သိ–မသိတို့မှာ အရေးကြီးသော လိုရင်း အကြောင်းအင်္ဂါ မဟုတ်။

၁။ သိမ်အတွင်း၌ အနည်းဆုံး ရဟန်းလေးပါး စုဝေးတည်မိနေခြင်း၊

၂။ "သိမ်နုတ်အံ့"ဟူသော နှလုံးသွင်းဖြင့် ကမ္မဝါစာဖတ်ခြင်း

ဤအင်္ဂါ နှစ်ပါးသာ လိုရင်းအကြောင်းအင်္ဂါ ဖြစ်သည်။

**[ဝိမတိဋီကာ–၂၊ ၁၅၆]** (က) န ဟေတ္ထ သီမာယ တပ္ပရိစ္ဆေဒသာ ဝါ ဇာနနံ အင်္ဂံ၊ သီမာယ ပန အန္တောဌာနံ၊ "သမူဟနိဿာမာ" တိ ကမ္မဝါစာယ ကရဏဥ္စေတ္ထ အင်္ဂံ ဟူ၍ လည်းကောင်း။

**[ဝိနယလင်္ကာရဋီကာ–၃၅၇]**(ခ)ဣမသ္မိံ သမူဟနနာဓိကာရေ သီမံ ဝါ သီမပရိစ္ဆေဒံ ဝါ ဇာနနဘာဝေါ အင်္ဂံ န ဟောတိ၊ အန္တောသီမာယံ ဌိတဘာဝေါ "သီမံ သမူဟနိဿာမာ"တိ ကမ္မဝါစာ ကရဏဉ္စ၊ ဣဒမေဝ ဒွယံ အင်္ဂံ ဟောတိ ဟူ၍လည်းကောင်း မိန့်ဆိုတော်မူ၏။

သီဟာသမူဟနန ကံသည် စတုဝဂ္ဂကရဏီယ ကံဖြစ်သောကြောင့် သိမ်မြေနေရာပေါ်၌ အနည်းဆုံး ရဟန်းလေးပါး တည်ရှိနေရမည်။ သိမ်မြေနေရာပေါ်၌ ရဟန်း တစ်ပါး၊ နှစ်ပါး၊ သုံးပါးသာ တည်ရှိနေမိလျှင် ကမ္မဝါစာ အကြိမ်များစွာ ရွတ်ဖတ်သော်လည်း သိမ်ဟောင်း မကျွတ်၊ သိမ်ဟောင်း မပျက်ပါ။

ထိုမြေနေရာ၌ ရဟန်းလေးပါး စုဝေးတည်နေမိသော်လည်း "သိမ်နုတ်အံ့" ဟု နှလုံးသွင်းဖြင့် တစ်ပါးပါးက ကမ္မဝါစာ မရွတ်ဖတ်လျှင် သိမ်မကျွတ်ပါ။ သိမ်နုတ်အံ့ဟု နှလုံးသွင်း၍ ယင်းလေးပါးတွင် တစ်ပါးပါးက ကမ္မဝါစာ ရွတ်ဖတ်မှ သိမ်ကျွတ်၊ သိမ်ပျက်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အင်္ဂါ နှစ်ပါးသည် အထူးအရေးကြီးပါသည်။ သို့အတွက် အင်္ဂါနှစ်ပါးတွင် တစ်ပါးပါး ချို့ယွင်းပါက သီမာသမူဟနနကံ မအောင်မြင်ပါ၊ သိမ်ဟောင်း မပျက်ပါ။

**မှတ်ချက်။** ။ "သိမ်နုတ်အံ့"ဟူသော နှလုံးသွင်းမရှိဘဲ ကမ္မဝါစာကို သင်ယူ ပို့ချရာအခါ၊ ဆေးစီရင်သောအခါ စသော အခါမျိုး၌ ကမ္မဝါစာ ဖတ်သော်လည်း သိမ်မပျက်ဟု မှတ်ယူရမည်။

## သိမ်နှုတ်ပုံ မှတ်ဖွယ်

သိမ်သမုတ်လိုသော် ပကတိဂါမခေတ်မှာဖြစ်စေ၊ ရေမြေကို အစိုးရသော အစိုးရမင်းထံ မြေအား သီးခြားခံယူသော(သိမ်မိန့်ခံယူသော) ဝိသုံဂါမ ခေတ်မှာ ဖြစ်စေ ရှေးဦးစွာ သိမ်သမုတ်လိုသော မြေနေရာဌာန၌ သီမာသင်္ကာရဒေါသ ဖြစ်ကောင်းသော သစ်မြစ်, ခြုံနွယ် စသည်တို့ကို ခုတ်ထွင် သုတ်သင်ပြီး ထက် ဝန်းကျင် စည်မျက်နှာပြင်ဟုံ့သို့ မြေကို ညီညွတ်အောင် ပြုလုပ်စေလျက် [တတ်နိုင်လျှင် ရာဇမတ်ကာရံထားရမည်။]

(က) အလျား ၅–တောင်၊ အနံ ၂–တောင်ထွာ ပမာဏရှိ ဥက္ကဋ္ဌသြောင်စောင်း၊

(ခ) အလျား ၄–တောင်ထွာ၊ အနံ ၂–တောင်၊လက် ၆–သစ် ပမာဏရှိ မဇ္ဈိမ သြောင်စောင်း၊

(ဂ) အလျား ၄–တောင်၊ အနံ ၂–တောင် ပမာဏရှိ ခုဒ္ဒကသြောင်စောင်း။

ဤသြောင်စောင်းကွက် သုံးမျိုးတို့တွင် မိမိကြိုက်နှစ်သက်ရာ သြောင်စောင်း ပမာဏကို အံစာရေးသကဲ့သို့ (မထွေးမယှက်) အကွက်မျဉ်းသား သြောင်စောင်း ကွက်ရိုက်၍ အလျား–အနံ ဇမ္ဗူရောင်ချက် မင်းခံရွှေပန္နက်တို့ဖြင့် ရိုက်နှက် ပိုင်းခြားပြီးခါ [မြေခံရက်ရာ ရွေးပြီး ရက်ကောင်း၊ နေ့ကောင်း ရွေး၍ ပန္နက် ရိုက်ပါ။]

ရှည်မြင့်ကြာသြောင်း သိမ်ဟောင်းစင်စစ် ရှိသည်ဖြစ်က သီမာသမ္ဘေဒ, သီမအဇ္ဈောတ္ထရဏ သမ္ဗန္ဓတို့မှ ကင်းပစေခြင်း၊ နောင်လာနောက်သား သိက္ခာကာမ လဇ္ဇီပေသလ သီလဝန္တ ရဟန်းတော်များ ယုံမှားခြင်း ကုက္ကုစ္စတရား မဖြစ်ပါစေခြင်း အကျိုးငှာ–

သီမံ ဘိက္ခဝေ သမူဟန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော သမူဟန္တ ဗ္ဗော၊ ပစ္ဆာ သမာနသံဝါသ သီမာ သမူဟန္တဗ္ဗာ– ဝိနည်းမဟာဝါ ပါဠိတော်လာ (၁၄၉) အမိန့်တော်မြတ်ကြောင့် ဟတ္ထပါသ် မကင်းစေဘဲ သိမ်အတွင်း၌ သံဃာ တော်များ ( ) ပါး တည်စေလျက် ရှေးဦးစွာ အဝိပ္ပဝါသ ဉတ္တိဒုတိယ သီမာ သမူဟနန ကမ္မဝါစာ၊ ထို့နောင် သမာနသံဝါသ ဉတ္တိဒုတိယ သီမာသမူဟနန ကမ္မဝါစာ အာဏာတော် နှစ်ရပ်ဖြင့် သြောင်စောင်းကွက် မထပ်ရ၊ သိမ်ပြင်ပ သီမန္တဌာန ဒွိ–တိ–ပဉ္စက–ပမာဏ သာလွန်ကောင်းမွန် သင့်မြတ် အထပ်ထပ် ရွတ်ဖတ် နုတ်ဖျက်ခြင်းဟု ဆိုအပ်သော သီမာသမူဟနနကံ (သိမ်နုတ်ကံ) ကို စီမံထုတ်ပြီး အကြိမ်ကြိမ် နုတ်ရမည်။

# အကြိမ်ကြိမ် နှုတ်ရပုံ

သိမ်နှုတ်ရာ၌ "မည်သည့်နေရာဝယ် သိမ်ဟောင်းရှိ၏"ဟု ကေန်သိအံ့၊ ထိုသိမ်ဟောင်းအတွင်း တစ်နေရာ၌ တစ်ကြိမ်နှုတ်ပါက တစ်သိမ်လုံး ကျွတ်သွားပါသည်။ ယခုမှာမူကား မည်သည့်နေရာ၌ သိမ်ဟောင်းရှိသည်ကို ကေန်သိသည် မဟုတ်၊ မှန်းဆ၍သာ နှုတ်ရသောကြောင့် မိမိသမုတ်မည့် သိမ်သစ်နေရာ၌ သိမ်ဟောင်း တစ်စွန်းတစ်စ လေးငါးတောင်ခန့် ရှိနေပါက တစ်ကြိမ်မဟုတ်၊ တစ်ကြိမ် ထိုသိမ်ဟောင်းပေါ်၌ ရဟန်းလေးပါး စုဝေးတည်ရှိ၍ ကမ္မဝါစာဖတ်မိပြီး သိမ်ကျွတ်သွားစေရန် အကျိုးငှာ ရှေးဆရာစဉ်ဆက် ညွှန်ပြခဲ့သည်။ ယက်ကန်းခတ်၊ ခရပတ်၊ ပျားကြီးစွဲ၊ ဒေါင့်တန်း စသည်နှင့် ဝိမတိ+ဝိနယာလင်္ကာရဋီကာလာ အကွက်ချနည်း မျိုးစုံတို့ဖြင့် အဖုံဖုံ အထပ်ထပ် လှည့်ပတ်ကာ သိမ်နှုတ်အပ်ပါသည်။

## တိုးချဲ့၍ နှုတ်သင့်ပုံ

သိမ်နှုတ်သောအခါ သိမ်သမုတ်ရန် သတ်မှတ်ထားသည့် နိမိတ်အတွင်းသာမကဘဲ နိမိတ်အပြင်ဘက် အရပ် ၄-မျက်နှာလုံး အနည်းဆုံး ငါးတောင်၊ ဆယ်တောင်ခန့် ပို၍ တိုးချဲ့နှုတ်သင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သိမ်ဟောင်းသည် အသစ်သမုတ်မည့် သိမ်နေရာအတွင်း ရဟန်းလေးပါး ထိုင်နေလောက်အောင် မဟုတ်ဘဲ အနည်းငယ်သာ ပါဝင်နေအံ့၊ ထိုသို့ဖြစ်လျှင် သတ်မှတ်ထားသည့် နိမိတ်အတွင်းသာ နှုတ်ပါက အထက်ပြခဲ့သည့်အတိုင်း ရဟန်းလေးပါး တည်ရှိ၍ ကမ္မဝါစာ ဖတ်သည် မဟုတ်သောကြောင့် သိမ်ဟောင်း မကျွတ်ပါ။ သိမ်ကျွတ်သည်ဟူသော အမှတ်ဖြင့် သိမ်သမုတ်ခဲ့သော် သီမာသမ္ဘေဒ သီမာအဇ္ဈောတ္ထရဏ အပြစ်များ ဖြစ်နိုင်သည်။ **(ဗဟိ စ သမန္တာ လေဍ္ဍုပ္ပါတေ၊ ဋီကာထောက်ပါ။)**

ထို့ပြင် သိမ်ဟောင်းနှင့် သိမ်သစ်တို့သည် ကြုံတောင်ကြုံခဲ တိုက်တိုက်ဆိုင်ဆိုင် တစ်ဖက်ဖက်၌ တစ်လျှောက်လုံး ထိခပ်ရုံသာ ထိခပ်နေအံ့၊ ထိုသို့ဖြစ်နေလျှင် တိုးချဲ့၍လည်း မနှုတ်ပါက သိမ်နှစ်ခု ရောစပ်ခြင်း သီမာသင်္ကရ ဒေါသလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့် သီမာသမ္ဘေဒ၊ သီမာအဇ္ဈောတ္ထ

ရဏာ သီမာသကၤရ အပြစ်တို့မှ လွတ်ကင်းစေခြင်း အကျိုးငှာ သိမ်သမုတ်ရန် သတ်မှတ်ထားသည့် နိမိတ်အပြင်ဘက်ကိုလည်း တိုးချဲ့၍ နှုတ်ထားရပါသည်။

## မှတ်ချက်

သိမ်နုတ်ပုံ အခြင်းအရာ ပြုလုပ်ပုံများကို နောက်ပိုင်း၌ ဇယားများဖြင့် ပြထားပါသည်။ ယင်းဇယားများတွင် သိမ်သစ်၊ သိမ်ဟောင်းချင်း မရောယှက်စေရန် သီမန္တရိက် ၂–တောင်ထွာ၊ ၃–တောင်ခန့်ခွာ၍ ပြထားပါသည်။ ပုံစံများ ပြထားရာ၌ သံဃာတော် ငါးပါးထိုင်ပြီး ဖတ်ပုံကိုပါ ပြထားပါသည်။ ဥပမာ = . ˙ . ˙ . သံဃာတော်ငါးပါး ရှေ့သုံးပါး နောက်နှစ်ပါး ထိုင်ဖတ်ပုံ သံဃာတော်ငါးပါး ထိုင်ပြီးဖတ်ပုံ ˙ . ˙ . ˙ မျက်နှာမူရာ၌ ရှေ့သုံးပါး နောက်နှစ်ပါး ထိုင်နေပုံပြသည်။ ဇယား (၁), (၂) ဖြင့် ပြထားသည်။ ဇယား (၃), (၄) ၌ : · : ရှေ့နှစ်ပါး၊ နောက်နှစ်ပါး အလယ်မှတစ်ပါး ထိုင်ဖတ်ပုံတည်း။

(က) ဇယား (၅), (၆) ၌ အရှေ့မြောက်ဒေါင့်မှ အနောက်တောင်ဒေါင့်သို့ ဒေါင့်တန်း ၁ မှ ၅၀ ထိ ဖတ်ရန်ပြထားသည်။ (ခ) တစ်ဖန် အနောက်တောင် ဒေါင့်မှ အရှေ့မြောက်ဒေါင့်သို့ ဒေါင့်တန်းဖတ်ရန် ပြထားသည်။

ဇယား (၇), (၈) ၁ မှ ၅၀ ထိ အပြင်မှ အတွင်းသို့၊ ၅၀ မှ ၁ သို့ထိ အတွင်းမှ အပြင်သို့ ခရုပတ် ဖတ်ရန် ပြထားသည်။

ဇယား (၉) သည် ၁၀ တိုင်း၊ ၁၀ ဌာန ကမ္မဝါစာဖတ်ရန် ဇယာ ဖြစ်သည်။

(ခ) ၁+၂+၃+၄+၅ ကွက်၌ တစ်ကွက် သံဃာ ငါးပါးစီထိုင်၍ လေးထောင့်လေးခါ ဖတ်။

(၆) ၆+၇+၈+၉+၁၀ ကွက်၌ သံဃာငါးပါးစီ ထိုင်၍ လေးခါဖတ်။

(၁၁) ၁၁+၁၂+၁၃+၁၄+၁၅ ကွက်၌ သံဃာငါးပါးစီထိုင်၍ နှစ်ခါ ဖတ်ရမည်။ ၁၀–ကြိမ် ၁၀–ခါ ဖတ်ပါက အကွက် ၅၀ ပြီးပါမည်။ ဇယားကို ကြည့်ဖတ်ပါ။

(၁၀) ဇယား၌ ညောင်လွန့်ဆရာတော်ဘုရားကြီးနည်း ကိုးတိုင်း၊ ကိုးဌာန နုတ်ပုံဖြစ်၏။ တစ်ကွက် သံဃာဆန့်သလောက် ထိုင်ပါ။ သံဃာ ပခုံးချင်း၊ သက်န်းစွန်းချင်း မထိအောင် သတိပြု၍ ထိုင်ပါ။ မြွားပြစည်းကိုပါ ထိုင်ပြီး ဖတ်ရပါမည်။

နည်းစုံ–နောင်လာသူအများ မှတ်သားရန်သာ ဇယား ၁၀–မျိုး ပြထားပါသည်။ အရေးကြီးပါးက သုံးမျိုးလောက်နှင့်လည်း ကျွတ်လောက်ပါသည်။ အချိန်ရပါလျှင် ပထမဆုံးအကြိမ်၌ သံဃာငါးပါး၊ သုံးပါး ဖတ်+ နှစ်ပါး နာစေ၍ တစ်ခွက် တစ်ခါဖတ်၊ ငါးကွက်စေ့မှ နေရာရွှေ့ရမည်။ အချိန်မရပါက သံဃာတော် ၂၅–ပါး ငါးဆိုင်း၊ ငါးတွဲ ရွတ်ဖတ်သောအခါ တစ်ခါဖတ် ငါးကွက်ပြီးပါသည်။ ၁၀–ခါဖတ် အားလုံး တစ်မျိုးပြီး၏။

## သိမ်သမုတ်ရန်

သီမာသမ္မုဟနနကံ (သိမ်နုတ်ကံ) ကို စီမံထုတ်ပြီးမှ ပကတိဂါမခေတ် မြေအတွင်း ၄–ရပ်၊ ၈–ရပ် နယ်လမ်းတို့၌ အခြားရဟန်းသံဃာတော်များ ကူးသန်းဝင်ရောက်မှု မရှိရအောင် အထူးစောင့်ရှောက်စေလျက်–

## နယ်သိမ်း ခဏ္ဍသိမ်သမုတ်ရန် အချက် ၄–ချက်

၁။ (သူကြီးတစ်ပိုင်) ကျေးရွာ၊ အုပ်စု၊ ရပ်ကွက်အတွင်းရှိ ရဟန်းတော်များကို သိမ်သမုတ်ရာ မြေပြင်အရပ်သို့ ပင့်ဆောင်၍ ဟတ္ထပါသ် စပ်နေထိုင်ပြီးမှ သမုတ်ခြင်း။

၂။ မကြွနိုင်သော ရဟန်းများ၏ ဆန္ဒကို ယူ၍ သမုတ်ခြင်း။

၃။ ဗဒ္ဓသိမ်မရှိက မကြွလိုသော ရဟန်းတော်များကို သိမ်အတွင်း ထည့်သွင်းရန် သမုတ်ခြင်း။

၄။ (သူကြီးတစ်ပိုင်) ကျေးရွာ၊ အုပ်စု၊ ရပ်ကွက်အတွင်းမှ ထွက်ခွာသွားစေ၍ သမုတ်ခြင်း ဟူ၍ နယ်သိမ်းခဏ္ဍသိမ် သမုတ်ရာ၌ လုပ်ကိုင်ဆောင်ရွက်ရမည့် အချက် လေးချက်ကိုလည်း စီမံပြုလုပ်ထားရပါမည်။

**သတိပြုရန်–** နယ်သိမ်းသိမ် သမုတ်ရာ၌ နေ့အခါ၌ လူသူအများ သွားလာကြခြင်း၊ ရဟန်းသံဃာတော်များလည်း ခရီးဒေသစာရီ ကြွချီတော်မူကြခြင်း၊ သာရေးကိစ္စ စသည် ပင့်ဖိတ်မှုဖြင့် ကြွကြလေရာ နေ့အခါတွင် ပြုလုပ်ပါက သံဃာအသိမ်းရ ခက်ပါသည်။ ညအခါတွင် ပြုလုပ်ပါက သံဃာသွားလာမှု နည်းခြင်း၊ ဥပမာ– ည (၉)နာရီလောက်ကစ၍ သိမ်သမုတ်ရန် စတင်လျှင် ည (၁၁)နာရီလောက်အချိန်တွင် အားလုံးပြီးစီးနိုင်ခြင်းတို့ကြောင့် ညအခါ စက်နာရီ (၉) နာရီလောက်က စတင်ပြုလုပ်ဆောင်ရွက်ပါလျှင် အကောင်းဆုံးနည်းဖြစ်ပါသည်။ အကြောင်းမှာ သံဃာတော်၊ ရဟန်းတော်များ ခရီးသွား ဒေသစာရီ မကြွသော အချိန်ဖြစ်ခြင်း၊ သိမ်ကံဆောင် သံဃာတော်များလည်း မပင်ပန်း ချမ်းသာစွာ ကံကို ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

## နယ်သိမ်းရာ၌ အစောင့်ထားရခြင်း (ကြိုတင် ဆောင်ရွက်ခြင်း)

နယ်သိမ်း ခဏ္ဍသိမ် သမုတ်ရာ၌ (သူကြီးတစ်ပိုင်) ကျေးရွာ၊ အုပ်စု၊ ရပ်ကွက် တစ်ခုလုံး သိမ်းပြီး သမုတ်ရမည်ဖြစ်၍ သိမ်သမုတ်ရာဌာန ကျေးရွာ အုပ်စု၊ ရပ်ကွက်အတွင်းသို့ အာဂန္တုက ဧည့်သည် ရဟန်းတော်များ နယ်အတွင်း မဝင်နိုင်ရန်အတွက် ယင်းကျေးရွာအုပ်စု၊ ရပ်ကွက် လမ်းသွားလမ်းလာ၊ လှည်းလမ်း၊ ကားလမ်း၊ လူသွားလမ်းများရှိရာ ထိုလမ်းဆုံလမ်းခွတို့၏ အပြင်ဥပစာမှနေ၍ အစောင့်များ ချထားရပါသည်။ သမုတ်စဉ် သံဃာသိမ်းနိုင်မှ သမုတ်သောသိမ်သည် အောင်မြင်သည်။ အကယ်၍ သံဃာတစ်ပါးပါး သမုတ်စဉ်ဝင်လာခြင်း၊ နေထိုင်ခြင်းရှိပါက ထိုသိမ် မအောင်မြင်ပါ၊ သိမ်သမုတ်ကံ ပျက်သွားနိုင်ရာ "ထိုထိုလမ်း၊ ထိုထိုရေဆိပ်၊ ရွာတံခါး စသည်တို့၌ အာဂန္တုက ရဟန်းတော်များကို လျင်မြန်စွာ ဟတ္ထပါသ်သို့ ဆောင်ခြင်းအကျိုးငှာလည်းကောင်း၊ နယ်နိမိတ်အတွင်းသို့ မဝင်ခြင်းအကျိုးငှာလည်းကောင်း အရာမ်စောင့် စသည်ကို ချထားရပါသည်။ [အရာမ်

စောင့်မှာ သာမဏေဖြစ်စေ+ လူဖြစ်စေ ပြုလုပ်နိုင်သည်။] အရာမ်စောင့်များ သိစေခြင်းအကျိုးငှာ ကမ္မဝါစာဖတ်ပြီးဆုံးပါက စည်၊ ခရုသင်း၊ မောင်း၊ ကြေးစည်၊ ခေါင်းလောင်း စသည်ထိုးပြီး အမှတ်သညာ ပြုရပါသည်။

**သာဓက။** ။ ဧဝံ သန္နိပတိတေသု ပန ဘိက္ခူသု ဆန္ဒာရဟာနံ ဆန္ဒေ အာဟဋေ တေသု တေသု မဂ္ဂေသု နဒီ တိတ္ထ ဂါမဒွါရာဒီသု စ အာဂန္တုကဘိက္ခူနံ သီဃံ သီဃံ ဟတ္ထပါသာနယနတ္ထဉ္စ ဗဟိ သီမာကရဏတ္ထဉ္စ အာရာမိကေ စေဝ သမဏုဒ္ဒေသေ စ ဌပေတွာ ဘေရိသညံ ဝါ သင်္ခသညံ ဝါ ကတွာ။

(ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃)

## နိမိတ်တွင်း ပျံ့နှံ့၍ တည်ပုံ

နိမိတ်ကြားပြီး သီမာသမ္မုတိ ကမ္မဝါစာ ဖတ်ပြီးသည်၏အဆုံး၌ နိမိတ်တို့မှတစ်ပါး နိမိတ်အတွင်းရှိ မြေအားလုံးကို ပျံ့နှံ့စေ၍ မြေကိုခံသောရေတိုင်အောင် သက်သည်၏အဖြစ်ကြောင့် မိမိတို့ သမုတ်သောသိမ် အောင်မြင်ပါသည်။

**သာဓက။** ။ နိမိတ္တကိတ္တနာနန္တရံ ပန "သုဏာတု မေ ဘန္တေ သံဃော" တိ အာဒိကာယ ကမ္မဝါစာယ သီမာ ဗန္ဓိတဗ္ဗာ၊ ကမ္မဝါစာပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ ပထဝိသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃)

သီမာ သမ္မုဟနနကံ (သိမ်နှုတ်ကံ) ကို စီမံအာ ထုတ်ပြီး မှ ပကတိဂါမ၊ ဝိသုံဂါမခေတ် မြေအတွင်း ၄–ရပ်၊ ၈–ရပ်နယ် လမ်းမတို့၌ အခြာ ရဟန်း သံဃာတော်များ (အာဂန္တုက ရဟန်းတော်များ) ကူးသန်းဝင်ရောက်မှု မရှိရအောင် အထူးစောင့်ရှောက်စေလျက် (နယ်စောင့်များချထားလျက်) သိမ်သမုတ်မည့် မြေနေရာသို့ သံဃာတော်များ စုဝေးစေလျက် သံဃာစုံလျှင် ရှေးဦး စွာ မထေရ်ကြီး

ဆရာတော်သုံးပါးမှ သိမ်နှုတ် (မြေနှုတ်)ကမ္မဝါစာကို ဖတ်စေပြီး ဤကဲ့သို့ သံဃာစုံ ညီညွတ်မှုဖြင့် ကမ္မဝါစာ ဖတ်ခြင်းပင် သိမ်ဟောင်းအားလုံး ကျွတ်လွတ်၏။

**သတိပြုရန်မှာ–**အစိုးရထံမှ အမိန့်ရ ဝိသုံဂါမသိမ်မျိုးဖြစ်ပါက နယ်သိမ်းရန်မလိုဘဲ ကျောင်းတိုက်ဥပစာအတွင်းရှိ သံဃာကို သိမ်းလျက် သမုတ်ရသည်။ အစိုးရမင်းထံ အမိန့်မခံယူဘဲ နယ်သိမ်းသမုတ်ပြုလုပ်ပါက သမုတ်မည့် သိမ်ရှိရာ ကျေးရွာအုပ်စု၊ ရပ်ကွက်တစ်ခုလုံး၏ နယ်ကို သိမ်းပြီး သမုတ်ရသည်။

ပထမံ နိမိတ္တံ ကိတ္တေတဗ္ဗံ– ဟူသော မိန့်မှာချက်အရ [ရေနိမိတ်တွင်းများကို ရေဖြည့်လျက်] ၈–၅ာနမှ ဖြေဆိုရန် နိမိတ်စောင့် ရဟန်းတော် ရှစ်ပါးကို နေ့အလိုက် နေစေပြီး ရှေးဦးစွာ နိမိတ်ကြား ဆရာတော်ကြီးငါးပါးမှ (အနီး၊ အဝေး) ကြားစေလျက် နိမိတ်ကြားရပါမည်။ (ပါဠိလိုမေးက ပါဠိလို ဖြေဆိုရမည်။ မြန်မာလိုမေးက မြန်မာလို ဖြေပါ။ ပါဠိ–မြန်မာ နှစ်မျိုးဖြင့် မေးက ပါဠိ–မြန်မာ နှစ်မျိုးဖြင့်) နိမိတ်စောင့်များမှ ဖြေဆိုရမည်။ ဥပမာ– အရှေ့အရပ်ကစ၍ မေး–ဖြေ ပြုလုပ်က အရှေ့အရပ်မှာ ထပ်ပြီး မေး–ဖြေ ရပါမည်။ ဤကဲ့သို့ ဆောင်ရွက်မှသာ နိမိတ်ကြိုးပြတ်ခြင်း မရှိပါ။

ပုဗ္ဗကရဏ ကိစ္စပြီးစေလျက်–

သီမံ ဘိက္ခဝေ သမ္မန္နေတ္တေန ပထမံ သမာနသံဝါသကသီမာ သမ္မန္နိတဗ္ဗာ၊ ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော– အစဖြာသော ဝိနည်းမဟာဝါ ပါဠိတော် (    )လာ အမိန့်တော်ကြောင့် ဟတ္ထပါသ် မကင်းစေဘဲ ရှေးဦးစွာ သမာနသံဝါသ ဉတ္တိဒုတိယ သီမသမ္မုတိ ကမ္မဝါစာကို ငါးကြိမ် ငါးထပ် ဖတ်စေပြီး–

ထို့နောက် သိမ်အတွင်း၌ တည်နေသော တိစီဝရိတ်ဆောင် ရဟန်းတော်တို့ သင်္ကန်းနှင့် ညဉ့်ကင်းသော်လည်း အပြစ်မရှိခြင်း ဝိသေသတ္တနှင့်တကွ သာသနပစ္စတ္ထိက အဓမ္မဝါဒီ အလဇ္ဇီ ဝိတဏ္ဍာတို့ ကြံဆနှောင့်ယှက် မဖျက်ဆီးနိုင်

ခြင်းအကျိုးငှာ အဝိပ္ပဝါသ ဥတ္တိဒုတိယ သိမာသမ္မုတိ ကမ္မဝါစာတို့ကို ဗျဥ္ဇနဗုဒ္ဓိ စသည်တို့နှင့်အညီ သတ္တိ ဗျတ္တိ ဗလတို့နှင့် ပြည့်စုံတော်မူသော သီလဝန်၊ ဂုဏဝန်၊ ပညာဝန်၊ မထေရ်မွန် အရှင်မြတ်တို့က အာစရိယဝါဒ သုဝိနိစ္ဆယ ဖြစ်စေ၍ ငါးကြိမ် ငါးထပ် ရွတ်ဖတ်သမုတ်ခြင်းတို့ကို ဆောင်ရွက်ကုန်ရာသည်။ [ဆရာတော်ကြီး ငါးပါး၏မူဖြင့် သိမာသမ္မုတိ ကမ္မဝါစာများကို ဖတ်ကြားပါသည်။]

ကမ္မဝါစာ ပြီးဆုံးပါက ရေနိမိတ်တွင်းများတွင် ရေ ရှိ–မရှိ စစ်ဆေးပါ၊ အားလုံး ရေကျန်ပါက၊ မကုန်ပါက ဤသိမ် အောင်မြင်ပါပြီ။ ထို့နောက် သံဃာတော်များက ဇယန္တော ဗောဓိယာ မူလေ အစဖြာသော ဂါထာများကို ရွတ်ဖတ်ချီးမြှင့်စေလျက် ထို့နောက် သိမ်အောင် ဩဘာစာ ဖတ်စေပြီး ပြီးဆုံးပါက ထိုးစည်၊ ထိုးမောင်းများ ရိုက်ခတ်တီးစေလျက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးခေါက် ရွတ်ဆိုပြီး သိမ်သမုတ်ပွဲ ပြီးဆုံးကြောင်း ကြေညာရပါမည်။

## သိမ်နိမိတ်ကြား

(က) သိမ်နိမိတ်ကြားမည့် ဝိနည်းဓိုရ် ဆရာတော်သည် နိမိတ်စောင့်ပုဂ္ဂိုလ် ရှိရာသို့ ကြွရောက်ပြီး နိမိတ်ကြားခြင်းသည် အနီးကြားမည်၏။

(ခ) သိမ်နိမိတ်ကြားမည့် ဝိနည်းဓိုရ် ဆရာတော်သည် နိမိတ်စောင့်ပုဂ္ဂိုလ်ရှိရာသို့ မကြွရောက်ဘဲ သံဃာပရိသတ်အလယ်မှနေပြီး နိမိတ်ကြားခြင်းသည် အဝေးကြားမည်၏။ ထိုနှစ်ပါးတို့တွင် အနီးနိမိတ်ကြားကိုသာ ပြဆိုပေအံ့။

## အနီး နိမိတ်ကြားပုံ

၁။ ဝိနည်းဓိုရ်မေး (က) ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ (ပါဠိ)

(၁) (ခ) ယခုသမုတ်အပ်လတ္တံ့သော ခဏ္ဍသိမ်၏ အရှေ့ မျက်နှာအရပ်၌ အဘယ်နိမိတ်ပါနည်း။ (မြန်မာ)

နိမိတ်စောင့်ဖြေ (က) ဥဒကံ ဘန္တေ။ (ပါဠိ)

(ခ) ရေနိမိတ်ပါ ဘုရား။ (မြန်မာ)

ဝိနည်းမိုရ်မေး (က) ဣဒံ ဥဒကံ နိမိတ္တံ။ (ပါဠိ)

(၂) (ခ) သင်လျှောက်ထားသော ဤရေသည် သိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်တည်း။ (မြန်မာ)

နိမိတ်စောင့်ဖြေ (က) အာမ ဘန္တေ (ပါဠိ) (သာဓု ဘန္တေ) ဟုလည်း ရှိ၏။

(ခ) ကောင်းလှပါပြီဘုရား။ (မြန်မာ)

## ပါဠိ – မြန်မာ

ဝိနည်းမိုရ်မေး (က) ပုရတ္ထိမာယ ဒိသာယ – ယခု သမုတ်အပ်လတ္တံ့သော ခဏ္ဍသိမ်၏ အရှေ့မျက်နှာအရပ်၊ ကိံ နိမိတ္တံ– အဘယ် နိမိတ်ပါနည်း။

နိမိတ်စောင့်ဖြေ (ခ) ဥဒကံ ဘန္တေ။ (ပါဠိ) ရေနိမိတ်ပါ ဘုရား။ (မြန်မာ) ဘန္တေ–အရှင်မြတ်ဘုရား။ ဥဒကံ–ရေနိမိတ်ပါ ဘုရား။ (မြန်မာ)

[ပါဠိ–မြန်မာ တပေါင်းတည်းဖြစ်စေ၊ ခွဲ၍ဖြစ်စေ ဖြေနိုင်သည်။]

ဝိနည်းမိုရ်မေး (က) ဣဒံ ဥဒကံ နိမိတ္တံ၊ ဣဒံ ဥဒကံ– သင်လျှောက်ထားသော ဤရေသည်။ နိမိတ္တံ– သိမ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်တည်း။

နိမိတ်စောင့်ဖြေ (ခ) အာမ ဘန္တေ။ ဘန္တေ - အရှင်မြတ်ဘုရား။ အာမ-ကောင်းလှပါပြီ ဘုရား။ [ပါဠိနှင့် အနက် တစ်ခုတည်းလည်း ဖြေနိုင်သည်။]

## နိမိတ် ၈-မျိုးအမည်

(၁) အယံ ပဗ္ဗတော (ဤတောင်သည်)

(၂) အယံ ပါသာဏော (ဤကျောက်သည်)

(၃) ဣဒံ ဝနံ (ဤတောသည်)

(၄) အယံ ရုက္ခော (ဤသစ်ပင်သည်)

(၅) အယံ မဂ္ဂေါ (ဤလမ်းမသည်)

(၆) အယံ ဝမ္မိကော (ဤတောင်ပို့သည်)

(၇) အယံ နဒီ (ဤမြစ်သည်)

(၈) ဣဒံ ဥဒကံ (ဤရေသည်)

ဤကဲ့သို့ လိင်ဖြင့် နိမိတ် ၈-ပါးကို ဆောင်ရွက်တတ်ပါစေ။

(၂) ဝိနည်းမိုရ်မေး (က) ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ (အရှေ့တောင်ဒေါင့်အရပ်)

နိမိတ်စောင့်ဖြေ - ဥဒကံ ဘန္တေ၊

ဝိနည်းမိုရ်မေး (ခ) ဣဒံ ဥဒကံ နိမိတ္တံ၊

နိမိတ်စောင့်ဖြေ - အာမ ဘန္တေ။
(သာဓု ဘန္တေ-ဟုလည်း ဖြေနိုင်သည်)

(၃) – ဒက္ခိဏာယ ဒိသာယ ကိံနိမိတ္တံ (တောင်အရပ်)

(၄) – ဒက္ခိဏာယ အနုဒိသာယ ကိံနိမိတ္တံ (အနောက်တောင်ထောင့်)

(၅) – ပစ္ဆိမာယ ဒိသာယ ကိံနိမိတ္တံ (အနောက်အရပ်)

(၆) – ပစ္ဆိမာယ အနုဒိသာယ ကိံနိမိတ္တံ (အနောက်မြောက်ထောင့်)

(၇) – ဥတ္တရာယ ဒိသာယ ကိံနိမိတ္တံ(မြောက်အရပ်)

(၈) – ဥတ္တရာယ အနုဒိသာယ ကိံနိမိတ္တံ (အရှေ့ မြောက်ထောင့်)

(၉) – ပုရတ္ထိမာယ ဒိသာယ ကိံနိမိတ္တံ (အရှေ့အရပ်)

**မှတ်ချက်။** ။ အရှေ့အရပ်မှ စတင် မေး၊ ဖြေ ပြုလုပ်လျှင် အရှေ့အရပ်မှာ ထပ်ပြီး နိမိတ် ကြားရပါမည်။ အကယ်၍ အရှေ့မြောက်ထောင့်မှာပင် ရပ်တန့်ထားခဲ့လျှင် နိမိတ်ကြိုးပြတ်သည်။ ထို့ကြောင့် မူလ အရှေ့အရပ်ကို ထပ်ပြီး ကြားမှသာ နိမိတ်ကျိုးပြတ်ခြင်း အပြစ်လွတ်ပြီး နိမိတ်၏ပြည့်ခြင်း မည်ပါသည်။

(က) နိမိတ်ရှိရာ နိမိတ်အနီးသို့သွား၍ ကြားခဲ့သော် ဣဒံ ဥဒကံ ဟု အနီးဟော ဣမ–သဒ္ဒါနှင့် ကြားရမည်။

(ခ) နိမိတ်ရှိရာ နိမိတ်အနီးသို့ မသွားဘဲ သံဃာ့အလယ်မှ ကြားခဲ့သော် ဧတံ ဥဒကံ ဟု အဝေးဟော ဧတ–သဒ္ဒါနှင့် ကြားရမည်။ အဋ္ဌကထာဆရာက အဝေး၊ အနီး နှစ်မျိုးလုံး ဧတ–သဒ္ဒါဖြင့် ဖွင့်ပြသည်။

(က) ဣဒံ ဥဒကံ– ဤရေသည်၊

(ခ) ဧတံ ဥဒကံ– ထိုရေသည် ဟု အနက်ပြန်ပါ။

## မေး+ဖြေ ပုဂ္ဂိုလ်

ဝိနည်းဓိုရ် ရဟန်းများကသာ မေးကောင်း၊ ကြားကောင်းသည်၊ နိမိတ်စောင့် ဖြေဆိုသူမှာ ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ အခွင့်သင့်သလို ဖြေဆိုကောင်းသည်။ နိမိတ်အတွင်းကဖြစ်စေ၊ နိမိတ်အပြင်ဘက်ကဖြစ်စေ ကြားကောင်းသည်ဟု ဋီကာဆရာတို့ ဆို၏။ ကမ္မဝါစာဖတ်သောအခါ၌ကား နိမိတ်အတွင်းကသာ ဖတ်ရမည်။

**သာဓက။** ။ တတ္ထ နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ၊ **အန္ဓအဋ္ဌကထာ**ယံ ပန "တိက္ခတ္တုံ သီမမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗ"န္တိ ဝုတ္တံ" ဟူသော အဋ္ဌကထာ အလိုအရ ပထမနည်းအလို တစ်ကြိမ်ဖြင့်လည်း ပြီးနိုင်၏။ တိက္ခတ္တုံ– စကားအရ သုံးကြိမ် နိမိတ်ပြောကြားခြင်းမှာ ခိုင်မြဲအောင် ပြုခြင်းအကျိုးငှာသာ ဖြစ်ပါသည်။ **(ဝိ–မဟာဝါ–ဋ္ဌ၊ ၃၁၈)**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သိမ သမ္မုတိ ဇေယျမင်္ဂလာ

# ကောင်းချီးသြဘာစာ

သာသနဿ ဝိရုဠှာယ၊ ထေရေဟိ သမ္မတာ သိမာ။

သူရိယဿာ လောကော ယထာ၊ စိရံ ဇောတေတု သာ သိမာ။

သာသနဿ– သာသနာတော်၏၊ ဝိရုဠှာယ– စည်ပင်ပြန့်ပွားခြင်း အကျိုးငှာ၊ ထေရေဟိ–သီလ သမာ ပညာခိုင်ပြီး မထေရ်ကြီးတို့သည်၊ ယာ သိမာ– အကြင်သိမ်ကို၊ သမ္မတာ–သမုတ်အပ်ပြီ၊ သာ သိမာ–ထိုသိမ်သည်၊ သူရိယဿ–နေမင်း၏၊ အာလောကော ယတာ– အရောင်အလင်းကဲ့သို့၊ စိရံ– ငါးထောင်သာသနာ မြင့်ရှည်ကြာအောင်၊ ဇောတေတု–ထွန်းလင်းတောက်ပတော် မူစေသတည်း။

ကပ္ပေ စ သတ သဟဿေ၊ စတုရော စ အသင်္ချေယျေ။

စတွေ ဟောဖြာ၊ ဒေသနာဖြင့်၊ ဒီပင်္ကရာ အစ၊ ကဿပအဆုံး၊ ပေါင်းရုံးစတုဝီသ၊ နှစ်ကျိပ်လေးဆူသော သမ္ဗုဒ္ဓတို့၏၊ သန္တိကထံရင်း၊ ပျပ်ဝပ်စင်းလျက်၊ ကြောင်းရင်းဒါန၊ မျိုးစေ့ချ၍၊ အဋ္ဌအင်္ဂါ၊ လုံလောက်ပါသဖြင့်၊ ဗုဒ္ဓေါ လောကေ

ဘဝိဿတိ, စရှိမိန့်သံ၊ ဗျာဒိတ်ခံ၍၊ တယံ စရိယ၊ ငါးစာဂနှင့်၊ ဒသပါရမီ၊ သုံးလီဂုဏ၊ မြှောက်ပွားရသော၊ တိံသပြားထွေ၊ သမ္ဘာရေတို့ကို၊ သချေ်လေးရပ်၊ ကပ်တစ်သိန်းလုံး၊ ရေတွက်မဆုံးအောင်၊ ရွှေဘုန်းလောင်းမြတ်၊ ဗောဓိသတ်သည်၊ ဖြည့်လတ်ကြိမ်ခါ၊ ဉာဏ်ဝီရိယာကြောင့်၊ မြန်စွာစုံလင့်၊ သမ္ဘာရင့်၍၊ ငုံပွင့်ရွှေကြာ၊ ပဒုမ္မာသည်၊ ထင်လာပုဗ္ဗ၊ နိမိတ်ပြသော၊ ဒေသမဇ္ဈိ၊ အလယ်တည့်သည့်၊ ဗောဓိပင်ခြေ၊ ပလ္လင်ဗွေ၌၊ ငါးထွေမာန်စစ်၊ ပယ်သတ်ပစ်၍၊ အောင်လှစ်ပွဲကြီး၊ မြေတုံဟီးလျက်၊ ဘုန်းမီးတောက်ပ၊ အတုလဟု၊ အသဒိသဂုဏ်၊ အလုံးစုံတို့သည်၊ ပြည့်စုံစုလစ်၊ ဘုရားအဖြစ်သို့၊ ရောက်တော်မူပြီးသော၊ မုနိန္ဒာ မုနိန္ဒ၊ နရထွဋ်ထား၊ မြတ်ဘုရားသည်၊ လေးပါးသစ္စာ၊ ငါးဒေသနာနှင့်၊ စုံစွာသိမြင်၊ ဗောဓိပင်မှ၊ ခြေလျင်ဖြန့်ပြီး၊ တစ်ကိုယ်တည်းဖြင့်၊ ခရီးကြွချီ၊ လူခိုမှီသည့်၊ ဗာရာဏသီရိပ်မြုံ၊ မိဂဒါဝုန်၌၊ ခိုလှုံချင်းလတ်၊ ဝါသို့ကပ်၍၊ ငါးရပ် ပဉ္စဝဂ္ဂီ၊ အမှူးရှိသော၊ ဥပပတ္တိဒေဝါ၊ နတ်ဗြဟ္မာတို့အား၊ ဓမ္မစကြာအထူး၊ တရားဦးကို၊ ဟောကြူးတော်မူပြီးခါ၊ သမ္ဘာပြည့်လျှမ်း၊ ဧဟိ–ဘိက္ခုရဟန်းဖြင့်၊ မဂ်ပန်း, ဖိုလ်ထီး၊ နိဗ္ဗာန်ဆုကြီးကို၊ ပေးပြီးဝေငှ၊ နောက်ကာလ၌၊ ဒုက္ခထွေးရှုပ်၊ သံသရာမြစ်သမုဒ်၌၊ နစ်မြုပ်စေတတ်ရာ၊ အဝိဇ္ဇာနှင့်၊ တဏှာအာရုံ၊ ကာမဂုဏ်မှ၊ ခွာခုန်ထွက်မြောက်၊ နိဗ္ဗာန်ရောက်လမ်း၊ စခန်းဖွေလှစ်၊ သာမဏေ ရဟန်းအဖြစ်ကို၊ အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏဂမနေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒဥ္စာတိ ခွင့်ပြုတော်မူသတည်း။

ထိုမှတစ်ပါး ပုဏ္ဏားရာဓ ပဉ္စင်းခံမှု အကြောင်းရှု၍ ခွင့်ပြုပြီးထ၊ သရဏဂမနဖြင့် ဥပသမ္ပဒကံ တားမြစ်ပြန်၍ တစ်ဖန်တစ်တန် ဉတ္တိစတုတ္ထကံ ဥပသမ္ပဒံစစ် ရဟန်းအဖြစ်ကို–

အနုဇာနာမိ ဘိက္ခဝေ ဉတ္တိစတုတ္ထေန ကမ္မေန ဥပသမ္ပာဒေတုံ–

ဟု ခွင့်ပြုတော်မူပြန်သတည်း။

ယင်းသို့ အနုဇာနန ဥပသမ္ပဒကံသည် **အကုပ္ပေနာ**တိ ဝတ္ထု ဉတ္တိ အနုဿာဝန **သီမာ** ပရိသသမ္ပတ္တိ သမ္ပန္နတ္တာ အကောပေတဗ္ဗတံ အပဋိကောသိတဗ္ဗတဥ္စ

ဥပဂတေန– ဟူသော အဋ္ဌကထာနှင့်အညီ ဝတ္ထု ဥတ် ကမ္မဝါစာ၊ သိမ် ပရိသတ်၊ ငါးရပ် သမ္ပတ္တိ၊ ပြည့်စုံရှိမှသာလျှင် အကုပ္ပိတ ဖြစ်ခြင်းရှိရကား ယင်းငါးဝတွင် သီမ သမ္ပတ္တိ ရခဲဘိ၍ အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ–ဟု ခွင့်ပြုတော်မူပြန်သတည်း။

ဤသို့ သိက္ခာသုံးဖြာ သာသနာ၏ တည်ရာမူလ ရဟန်းအဖြစ်မှ စ၍ အနုညာတ ပဋိက္ခိတ ဝိနယ ပညတ်၊ သုတ် အဘိဓမ္မာ နှစ်ရပ်ဖြင့် ဆင့်ထပ်ဟောပြန် ဓမ္မခဏ်ပေါင်း ရှစ်သောင်းလေးထောင် ထွန်းပြောင်တိုးတက် ဘုရားလက်ထက်မှစ၍ ဂုမှ ဝိရဋ္ဌ၊ စည်ပင်ပြန့်ပွား ဘုရားမရှိပြားလည်း တပည့်သား ပရမ္ပရ အာစရိယ ဝံသဖြင့် အဇ္ဇဒိဝသ ယနေ့ကျအောင် ပိဋကသုံးတန် ဓမ္မခဏ်ပေါင်း ရှစ်သောင်း လေးထောင် ထွန်းပြောင်ဘုရား ဩဝါဒစကားဖြင့် သုံးပါးသာသနာ ရောင်အဝါသည် တင့်ခါရွှန်းဝေ ယုဂန်ဗွေမှ နေကုဋေထွန်း ထွန်းသည့်ပမာ တိမ်လွှာကိလိ မစွန်းငြိဘဲ မချိအစ မန္တလတိုင်း ကြွခိုင်းရွှန်းရွှန်း တည်ထွန်းခဲ့ပေသတည်း။

ဤသို့ တည်ထွန်းတောက်ပခဲ့ရာ မန္တလာဇေယျ ရတနာပုံကျဌာန်း မြို့နန်း ဒက္ခိဏာ တောင်မျက်နှာဝယ် သညာမချို့ ပျော်ဘွယ်မြို့၏ **ရှမ်းပွဲရပ်**တွင် အစဉ်ပျော်မွေ့ နေထိုင်လေ့ရှိကြသော သိမ်ဒါယကာ ဦးရွှေဘော်၊ ဒါယိကာမ ဒေါ်စောမှီတို့သည် ပစ္စုပ္ပန်ဘဝ ဘောဂဟူသည် ရန်သူဆက်ဆံ ပျက်ချိန် တန်က အမှန်ပျက်ကြ စိုးမရသဖြင့် အနိစ္စဓနကန် ဉာဏ်ဝေဖန်၍ စွဲသန် သံဝေဂ ရကြီး ရသဖြင့် နဂါမိက ပုညရွှေအိုး စိုက်ပျိုးမြှုပ်နှံလိုရကား ဘုရားသာသနာ တည်ရာမူလ မြစ်ရင်းကျသော သီမ သမ္မုတိကံ ဒါနဂ္ဂသည် ဗုဒ္ဓံ နေလ မထွန်းပက နေနှင့် လကို စက္ကလှည်းဘီး လုပ်၍စီးမည်ဟု အပြီးတောင့်တ လိုတိုင်းမရ၏သို့ ဗုဒ္ဓါဒိစ္စ ထွန်းလင်းမှသာလျှင် မုချ လှူဒါန်းနိုင်ရာပါတကား။

စေတနာစေ့ဆောင် သိမ်ဒါယကာဦးရွှေဘော်သည် ရေးဖြာကြောင်နွယ် ကံစပ်သွယ်ညီ ဒေါ်စောမှီကို တိုင်ပင်ပြီးလျှင် ခိုင်ဖြိုးစေတနာ အစလ သဒ္ဓါဖြင့် ပစ္စယာစိုက်ထုတ် သမုဘ်လှူဒါန်းလိုရကား–

သီလဝန် ဂုဏဝန် ထေရ်မွန်အကျော် **ဒီဃာယုကကျောင်း ဆရာတော် ဦးကုဏ္ဍလ**အား လျှောက်ထားတောင်းပန်အပ်သောကြောင့် **ဦးကုဏ္ဍလ** ထေရ်ဆရာသည် သာသနမူလံ သီမသမ္မုတိကံသည် နဘံမိုဃ်းနီး ကျောက်ထီး တန္တု အလေးပြုထိုက်သော ကံကြီးဖြစ်သည့် အားလျော်စွာ ဝိနယာ ပညတ် သိက္ခာပုဒ်ကို ထိန်းအုပ်စောင့်စည်း အနည်းငယ်မျှ ပြစ်ဝဇ္ဇ၌ မေရုပဗ္ဗတ ဖိ၍ကျသို့ ဉာဏဒဿီ လဇ္ဇီ ဂရုက မလည်စ်ကြေး၊ မညစ်တွေးသဖြင့် လရေး ဣန္ဒြိ စန်းသေတ္တုသို့ အနုမြူခန့်မျှ ပရူပဝါဒမထင် သန့်စင်သော သီလဝိသုဒ္ဓိဂုဏ်၊ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အဝါးဝသဖြင့် နယသိန်းသောင်း နည်းအပေါင်းကို လမ်းကြောင်းဖော်ပြ သိစွမ်းကြသော ပညာဝန္တဂုဏ်၊ သီမသမ္မုတိ စရိ ဗဟုလ ကမ္မလက္ခဏာ သိလိမ္မာ၍ အက္ခရာဟာယန မဖြစ်ရလေအောင် ကျနမှန်ကန်စွာ ရွတ်ဖတ်ခြင်းငှာ စွမ်းနိုင်သော ဗျတ္တိ ပဋိဗလဂုဏ်၊ ယင်းသည့် ဂုဏ်ဟိတ် ကြောင်းနိမိတ်တို့နှင့် ယိုဖိတ်မရှိ ပြည့်စုံဘိ၍ မုနိမုံသောက် ကြွံကြွံတောက်သား ပေါက်သားကြီးဟော့ ရွှေတောင် ရွှေသို့ ခြသေ့်တရသည် အာဇာနည် ဖြစ်တော်မူကြကုန်သော **မင်းလှူတဲဆိပ်ရ ရေလည်ဆရာတော်** အမှူးရှိသော ဆရာတော် သံဃာတော်တို့ကို ဂါရဝေါသက္ကစ္စ နိမန္တနဖြင့် ယာစနဖက် ပင့်လျှောက်ချက် ကြောင့် မပျက်မကွာ ချီးမြှောက်လိုသော စေတနာကြောင့် သာသနမူလ သီမ သမ္မုတိကံ ဆောင်ရွက်ရန်ဒေသ ဆည်ရွာကျောင်းသို့ ဆိုက်ရောက်ကြွလာတော်မူ ကြကုန်သော ပါဠိတက္ကသိုလ် **ရေလည်ကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ** ဆရာတော် အမှူးရှိသော ဆရာတော် သံဃာတော် အရှင်မြတ်တို့သည် ဝိနယကမ္မ သီမ သမ္မုတိအရာ ဝိစိကိစ္ဆာမထင် သိမြင်ဒိဋ္ဌ ဉာဏသမ္ပတ္တိ ပြည့်စုံခြင်း ရှိရကား ဝိပတ္တိသိမ်ပျက် ဆယ့်တစ်ချက်တို့ကို ရောယှက်မထင် လွတ်သန့်စင်လျက် အလျား၊ အနံပေမှံ (၄၇ ၊၄၇ )အချင်းကျယ်သော မြေဝယ်အတွင်း တလည်းသုတ်သင် ဆည်မျက်နှာ အပြင်ကဲ့သို့ သန့်စင် မဏ္ဍလ ဘူသိခဝယ် မဋ္ဌပမာဏ ညောင်စောင်းချ၍ ရေးကသိမ်ဟောင်း ရှိလေကောင်းမျှ သံသယဖြင့် သီမမဏ္ဍလင် တွင်းပပြင်၌ ဝိနျင်ဂရုက လမ်.ရိုကျအောင် ပဋ္ဌဝင် ဆဝင် သတ္တ

ဝင် တွဲဖက်စီစဉ် ကာယသာမဂ္ဂီဖြင့်အညီ ဟတ္ထပါသ် ချဉ်းကပ်ကြ၍ သိမသမ္မုတိ ဟာနနကံ အဖန်ဖန် နုတ်သိမ်း ငြိမ်းပြီးသော သံသယရှိရကား သမုတ်အပ်လတ္တံ့သော သိမ်အပြင်၏ ဝန်းကျင်ဒိသာ ရှစ်မျက်နှာမှ (ပါသာဏဝါပီ) ဥဒကဝါပီတွင်းရှစ်လီတို့၌ အညီပြည့်လျှမ်း အေးချမ်းစေရာ ဥဒက သိန္ဓဝေ သွန်းလောင်းစေပြီးလျှင်–

**အနီးကြား ပထမနိမိတ်**

ဂိုဏ်းပထမဦးစီး–––ချောင်းမကြီးကျောင်း ဆရာတော်။

**အနီးကြား ဒုတိယနိမိတ်**

ဂိုဏ်းဦးစီး ဒုတိယဆရာတော်––– တမာကုန်းကျောင်း ဆရာတော်။

**အနီးကြား တတိယနိမိတ်**

ငွေပုလဲကျောင်း ဆရာတော်။

**အနီးကြား စတုတ္ထနိမိတ်**

နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ်ရေလယ်ကျောင်း ဆရာတော်။

**အဝေးကြား ပဉ္စမနိမိတ်**

နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ရေလည်ကျောင်းဆရာတော်။

ဤသို့ ငါးကြိမ်တိုင်တိုင် နိမိတ်အမှတ်အသား လှည့်လည်၍ ကြားပြီးလျှင်–

(က) တိပိဋက ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး၏မှူးဖြင့် ပထမ ကမ္မဝါစာ အကြိမ်၌–

| | | |
|---|---|---|
| ၁။ | ဂိုဏ်းဦးစီးပထမ | ချောင်းမကြီးကျောင်းဆရာတော် |
| ၂။ | နိုင်ငံတော်သြဝါဒါစရိယ | ရေလယ်ဆရာတော် |
| ၃။ | ဂိုဏ်းဦးစီး ဒုတိယ | တမာကုန်းကျောင်းဆရာတော် |

(ခ) ပခုက္ကူ အလယ်တိုက်ဆရာတော် ဦးဂန္ဓ၏မှူးဖြင့် ဒုတိယ ကမ္မဝါစာအကြိမ်၌

၁။ ဦးကောသလ္လ ငွေပုလဲကျောင်း

၂။ ဦးသီလဝံသ ညောင်ပင်တဲကျောင်း

၃။ ဦးဓမ္မိက မင်းရွာ ဓမ္မပါရဂူကျောင်း

(ဂ) မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော်မှူးဖြင့် တတိယ ကမ္မဝါစာအကြိမ်၌–

၁။ ဦးပညာဝံသ ဝက်လက်ကျောင်း

၂။ ဦးပညာဒီပ ရွာသာကျောင်း

၃။ ဦးမဏ္ဍလ ထန်းတပင်ကျောင်း

(ဃ) နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ မြင်းခြံဆရာတော်မှူးဖြင့် စတုတ္ထ ကမ္မဝါစာအကြိမ်၌

၁။ ဦးသောဘိတ လယ်တော်ကျောင်း

၂။ ဦးသုဏောယျ သီးကုန်းကျောင်း

၃။ ဦးဇောတိက ဟင်းခွက်အိုင်ကျောင်း

(င) ပခုက္ကူ အလယ်တိုက်ဆရာတော် ဦးဂန္ဓ၏မှူးဖြင့် ပဥ္စမ ကမ္မဝါစာ အကြိမ်၌–

၁။ ဦးဝိမလသိဒ္ဓိ ရွာတန်းကျောင်း

၂။ ဦးဣန္ဒောဘာသ ရေလည်ကျောင်း

၃။ ဦးကုသလ သစ်စိမ့်ပင်ကျောင်း

ဤသို့ ငါးကြိမ် ငါးထပ် ခိုင်မြဲလတ်အောင် စောင့်ကြပ်သတိ လုံးတိုင်းမိစေ၍ အာဒိကမ္မ သမာနသံ သိမ်သမုတ်ခြင်း ကိစ္စကို ( )နာရီ ( )မိနစ်အချိန် ထမြောက်ပြီးပြေ အောင်မြင်စေ၍ အဝိပ္ပဝါသ သီမသမ္မုတိကံ ဆောင်တော်မူသော အခါ၌လည်း–

(က) တိပိဋက ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး၏မှူးဖြင့် ပထမ ကမ္မဝါစာ အကြိမ်၌–

၁။ ဂိုဏ်းဦးစီးပထမ ချောင်းမကြီးကျောင်းဆရာတော်

၂။ နိုင်ငံတော်သြဝါဒါစရိယ ရေလယ်ဆရာတော်

၃။ ဂိုဏ်းဦးစီး ဒုတိယ တမာကုန်းကျောင်းဆရာတော်

(ခ) ပခုက္ကူ အလယ်တိုက်ဆရာတော် ဦးဂန္ဓ၏မှူးဖြင့် ဒုတိယ ကမ္မဝါစာအကြိမ်၌

၁။ ဦးကောသလ္လ ငွေပုလဲကျောင်း

၂။ ဦးသီလဝံသ ညောင်ပင်တဲကျောင်း

၃။ ဦးဓမ္မိက မင်းရွာ ဓမ္မပါရဂူကျောင်း

(ဂ) မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော်မှူးဖြင့် တတိယ ကမ္မဝါစာအကြိမ်၌–

၁။ ဦးပညာဝံသ ဝက်လက်ကျောင်း

၂။ ဦးပညာဒီပ ရွာသာကျောင်း

၃။ ဦးမဏ္ဍလ ထန်းတပင်ကျောင်း

(ဃ) နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ မြင်းခြံဆရာတော်မှူးဖြင့် စတုတ္ထ ကမ္မဝါစာအကြိမ်၌

၁။ ဦးသောဘိတ လယ်တော်ကျောင်း

၂။ ဦးသုဏောယျ သီးကုန်းကျောင်း

၃။ ဦးဇောတိက ဟင်းခွက်အိုင်ကျောင်း

(င) ပခုက္ကူ အလယ်တိုက်ဆရာတော် ဦးဂန္ဓ၏မှူးဖြင့် ပဥ္စမ ကမ္မဝါစာ အကြိမ်၌–

၁။ ဦးဝိမလသိဒ္ဓိ ရွာတန်းကျောင်း

၂။ ဦးဣန္ဒောဘာသ ရေငါးကျောင်း

၃။ ဦးကုသလ သစ်စိမ့်ပင်ကျောင်း

ဤသို့ **ပါဠိတက္ကသိုလ် ရေလည်ကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘုရားကြီး** အမှူးရှိသော ဆရာတော် သံဃာတော် ( )ကျော်တို့သည် ကမ္မကုပ္ပန ပြုတတ်ကြသော ဉတ္တိဒေါသငါးပါး အနုဿာဝနဒေါသငါးပါး စွန်းငြားမရှိ ဗျဥ္ဇနဗုဒ္ဓိတို့ဖြင့် နှိုင်းညှိသုတ်သင်တော်မူကြ၍ ဉတ္တိဒုတိယ သီမသမ္မုတိ သမာန သံဝါသက ကမ္မဝါစာ ငါးကြိမ်၊ အဝိပ္ပဝါသက ကမ္မဝါစာ ငါးကြိမ် သုံးထပ် ရွတ်ဖတ် အားထုတ် သမုတ်တော်မူကြသဖြင့် ကမ္မဝါစာ၏ အဆုံး၌–

ကမ္မဝါစာ ပရိယောသာနေယေဝ၊ နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ၊


ပထဝီသန္ဓာရကံ ဥဒကပရိယန္တံ ကတွာ သီမာဂတာ ဟောတိ–

ဟူသော အဋ္ဌကထာနှင့်အညီ နိမိတ် ဥဒက ပြင်ပပြု၍ ပံသုသေလာ မဟာပထဝီ မြေနှစ်လီကို အညီဖောက်ထွင်း ရေသို့ချင်းအောင် တရားမင်းမိန့် မြွက် ကမ္မဝါစာတည်းဟူသော အာဏာစက်တော်သည် သက်ဝင်ရောက်ရှိ တြိ

ခေတ်လုံး ရိုက်ဆောင်ချုံးလျက် ပျက်ပြုန်းမရှိ ဋ္ဌိတအစလ အဘိဇ္ဇန သဘောရှိသော **သာသနာ့ရက္ခိတ**အမည်ရှိ ဉာ်သိမ်တော်သည် နိမိတ္တသမ္ပတ္တိ၊ ပရိသသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိ ပြည့်စုံခြင်းရှိသဖြင့် သိက္ခာသုံးဖြာ အတိတ်သာသနာတော်နှစ် ၂၅၄၈–ခု၊ ကောဇာသက္ကရာဇ် ၁၃၆၆–ခု ဥတုဝဿန္တ တော်သလင်းလ၏ ကဏှာ ပက္ခ စတုကျဝယ် တင့်တယ်ခြင်းတွေ့ "ကျားမင်း" နေ့၌ ကျက်သရေ ဝမို မင်္ဂလာရှိသော ည (   )နာရီ (    )မိနစ်အချိန်တွင် သူရိန်နေမင်း အရှိန် ကင်းလျက် အေးခြင်းတမည် တုံလည်လေခတ် ပွဲတင်ထပ်သော အမြတ်ထုတိ သံဃုဋ္ဌိ ဟု ဃောသိဟိန်းညံ စည်ကြီးသံအမျိုးမျိုး မည်သံကြိုးလျက် ဒိုးဒိုးဒိန်းဒိန်း မိုးဃံးခြိမ်းဂစ္ဆိ ဝဇ္ဇိလက်နက် သံဟိန်းချက်ကြောင့် အထက်သိကြား နတ်များမဟူ ဗြဟ္မာလူတို့သည် ကြည်ဖြူနှစ်သိမ့် ပီတိစိမ့်၍ နှစ်ခြိမ့်ရွှင်လန်း အောင်ပန်းစိုက်ထူ သံဆူဆဲဆဲ ငှက်ပျံဝဲသို့ ပန်းကြဲငွေမိုး ရွာသွန်းဖြိုးလျက် ပယိုးပယား ရောင်ကြွား ထွန်းတင် ကောင်းကင်ဒေဝါ ဗြဟ္မာသိကြား နဂါးဂဠုန် ဂုမ္ဘဏ် ယက္ခ သာသန ရက္ခာ နတ်ဒေဝါတို့သည် ဝမ်းသာရုံးစု သာဓုသြဘာ မင်္ဂလာစကား မြွက်ကြား ဆင့်ဆင့် ကောင်းချီးမြှင့်၍ ကြူးရင့်သြဘာ အောင်ရာအောင်ဟိတ် အောင်နိမိတ်ဖြင့် သိဒ္ဓိဇေယျာ အောင်ကြောင်းဖြာသည် အောင်ပါစေသော် အောင်စေသောဝ်။

**သိမာ သမ္မုတိ ဇေယျမင်္ဂလာ ကောင်းချီးသြဘာစာ ပြီး၏။**

# သိမ်မြေနှုတ်
## ဇယားကွက် (၁) (၂)




မြေကွက်တိုင်းတာခြင်း = အလျား ၅ တောင်၊ အနံ ၂ တောင်ထွာ၊
အတွင်းသိမ်ပမာဏ = အလျား ၂၅ တောင်၊ အနံ ၂၅ တောင်၊
သိမန္တ ရိုက် = ၂–တောင်ထွာ၊

၁။ အရှေ့မှ အနောက်မျက်နှာမူ ဖတ်သော် တစ်ကွက် ငါးပါးထိုင်၊ ရှေ့သုံးပါး၊ နောက်နှစ်ပါး ထိုင်ရမည်။

၂။ အနောက်မှ အရှေ့မျက်နှာမူဖတ်သော် တစ်ကွက် ငါးပါးထိုင်၊ ရှေ့သုံးပါး၊ နောက် နှစ်ပါး ထိုင်ရမည်။

[ကမ္မဝါစာဖတ်သောအခါ သုံးပါးဖတ်၊ နှစ်ပါးနာ]

# သိမ်မြေနုတ် ဇယားကွက် (၃) (၄)



၃။ တောင်မှ မြောက်မျက်နှာမူဖတ်သော တစ်ကွက် ငါးပါးထိုင်၊ ရှေ့နှစ်ပါး၊ နောက် နှစ်ပါး၊ အလယ် တစ်ပါး ထိုင်ရမည်။

၄။ မြောက်မှ တောင်မျက်နှာမူဖတ်သော် ရှေ့နှစ်ပါး၊ နောက်နှစ်ပါး၊ အလယ် တစ်ပါး ထိုင်ရမည်။

# သိမ်နုတ် ဇယားကွက် (၅) (၆)

| | | | | |
|---|---|---|---|---|
| ၁ | ၂ | ၁၁ | ၁၂ | ၂၆ |
| ၃ | ၄ | ၁၀ | ၁၃ | ၂၇ |
| ၅ | ၉ | ၁၄ | ၂၀ | ၃၅ |
| ၆ | ၈ | ၁၉ | ၂၈ | ၃၆ |
| ၇ | ၁၅ | ၂၅ | ၃၄ | ၃၇ |
| ၁၆ | ၁၈ | ၂၉ | ၃၈ | ၄၂ |
| ၁၇ | ၂၄ | ၃၃ | ၄၁ | ၄၃ |
| ၂၁ | ၃၀ | ၃၉ | ၄၄ | ၄၇ |
| ၂၂ | ၃၁ | ၄၀ | ၄၆ | ၄၈ |
| ၂၃ | ၃၂ | ၄၅ | ၄၉ | ၅၀ |

(က) ∴∴∴ (ခ) ⁚·⁚

၅။ အရှေ့မြောက်မှအနောက်တောင်ဒေါင့်သို့ ဒေါင့်တန်း ၁ မှ ၅၀ ထိ ဖတ်ရန်၊

၆။ အနောက်တောင်မှ အရှေ့မြောက်ဒေါင့်သို့ ဒေါင့်တန်း ၅၀ မှ ၁ ထိဖတ်ရန်၊

(က) အပြင်သိမ္မန္တရိတ်ကို ဖတ်သောအခါ အတွင်းမှအပြင်၊ အပြင်မှအတွင်း မျက်နှာမူဖတ်ပါ။

(ခ) ⁚·⁚ သံဃာ ၅-ပါးစီထိုင်ပြီး ရှေ့မျက်နှာမူ၍ ဖတ်ရမည်။

**အထူးမှာ။** ။ ကမ္မဝါစာ ထိုင်ဖတ်သောအခါ သံဃာပခုံးချင်း၊ သင်္ကန်းစွန်းချင်း မထိစေရ။

# သိမ်မြေနုတ် ဇယားကွက် (၇) (၈)

| | | | | |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၂၆ | ၂၇ | ၂၈ | ၂၉ | ၆ |
| ၂၅ | ၄၄ | ၄၅ | ၃၀ | ၇ |
| ၂၄ | ၄၃ | ၄၆ | ၃၁ | ၈ |
| ၂၃ | ၄၂ | ၄၉ | ၃၂ | ၉ |
| ၂၂ | ၄၁ | ၅၀ | ၃၃ | ၁၀ |
| ၂၁ | ၄၀ | ၄၈ | ၃၄ | ၁၁ |
| ၂၀ | ၃၉ | ၄၇ | ၃၅ | ၁၂ |
| ၁၉ | ၃၈ | ၃၇ | ၃၆ | ၁၃ |
| ၁၈ | ၁၇ | ၁၆ | ၁၅ | ၁၄ |

၇။ ---၁ မှ ၅၀ ထိ၊ အပြင်မှ အတွင်းသို့၊ ခရုပတ် [၁ ကွက် (၅) ပါး၊ (၅) ကွက်ထိုင်]

၈။ --- ၅၀ မှ ၁ ထိ၊ အတွင်းမှ အပြင်သို့၊ ခရုပတ် [၁ ကွက် (၅)ပါး၊ (၅) ကွက်ထိုင်]

# သိမ်မြေနုတ် ဇယားကွက် (၉)

## ၁၀–တိုင်း၊ ၁၀–ဌာန

| | | | | |
|---|---|---|---|---|
| ၁ | ၅ | ၆ | ၅ | ၁ |
| ၂ | ၉ | ၇ | ၈ | ၂ |
| ၃ | ၁၁ | ၁၀ | ၁၂ | ၃ |
| ၄ | ၁၃ | ၁၄ | ၁၅ | ၄ |
| ၆ | ၉ | ၁၀ | ၉ | ၆ |
| ၇ | ၈ | ၁၀ | ၈ | ၇ |
| ၄ | ၁၃ | ၁၄ | ၁၅ | ၄ |
| ၃ | ၁၁ | ၁၀ | ၁၂ | ၃ |
| ၂ | ၉ | ၇ | ၈ | ၂ |
| ၁ | ၅ | ၆ | ၅ | ၁ |


၉။ ဆယ်တိုင်း၊ ဆယ်ဌာန၊ ကမ္ဘဝါစာ ဖတ်သောအခါ

(၁) ၁+၂+၃+၄+၅–ကွက်၌ သံဃာ ၅–ပါးစီထိုင်၍ ၄–ခါ ဖတ်ရမည်။

(၆) ၆+၇+၈+၉+၁၀–ကွက်၌ သံဃာ ၅–ပါးစီထိုင်၍ ၄–ခါ ဖတ်ရမည်။

(၁၁) ၁၁+၁၂+၁၃+၁၄+၁၅–ကွက်၌ သံဃာ ၅–ပါးစီထိုင်၍ ၂–ခါ ဖတ်ရမည်။

# သိမ်မြေနုတ် ဇယားကွက် (၁၀)
# ၉–တိုင်း၊ ၉–ဌာန နုတ်ပုံ
# ညောင်လွန့်တောရဆရာတော်ကြီးနည်း




၁၀။ ညောင်လွန့်တောရသိမ်နုတ်ဇယားကွက် ၉–ကွက်ရှိရာ တစ်ကွက်တွင် သံဃာဆန့်သလောက် ထိုင်ပါ၊ သံဃာချင်း၊ သက်နှ်းစွန်းချင်း မထိအောင် သတိပြု၍ ထိုင်ပါ၊ မျှားပြစည်းကိုပါ ထိုင်ပြီး ဖတ်ရပါမည်။

## သိမ်နုတ်+ သိမ်သမုတ်ကံ အစီအစဉ်

### နမော ဗုဒ္ဓဿ

### သိမ်နှုတ်ရပုံ

သမုတ်အပ်ပြီးသော ဗဒ္ဓသိမ်သည် ကမ္မဝါစာဖြင့် နုတ်သော် လည်းကောင်း၊ သာသနာကွယ်သော်လည်းကောင်း ဤအကြောင်း နှစ်ပါးရှိမှသာ သိမ်အဖြစ်မှ ပျက်ပြယ်၏ (သိမ်ပျက်သွား၏) ဝိသုံဂါမ မြေနေရာ၌ သို့မဟုတ် နယ်သိမ်း သမုတ်လိုသော မြေ နေရာ၌ ခဏ္ဍာသိမ်သမုတ်လိုသော သံဃာတော်သည် ဤ ဘုရားရှင် သာသနာတော်အတွင်း၌ပင် ရှေးရှေးကသမုတ်အပ်ပြီးသော သိမ်ဟောင်း များ ရှိချေက ထိုသိမ်ဟောင်းများနှင့် စပ်မိ၊ ထပ်မိလျှင် "သီမ သမ္ဘေဒ"၊ "သီမ အဇ္ဈောတ္ထရဏ" အဖြစ်မှ မလွတ်နိုင်ရာ၊ ထို့ကြောင့် သိမ်ဟောင်းများ ရှိလိမ့်မည်ဟု တွေးထင်ဖွယ်ရှိ၍ (ဝါ) သိမ်ဟောင်းများရှိခဲ့, နေခဲ့လျှင် နောက်သမုတ်မည့်သိမ်နှင့် မရောယှက်, မဆက်စပ် မရှုပ်ထွေးစေရန် သိမ်သမုတ်မည့်နေရာ၌ လေ ပါးထက် မနည်းသော သံဃာတည်လျက် သိမ်နှုတ် ကမ္မဝါစာဖြင့် နှုတ်ပယ်ဖျက်ပစ်ရမည်။ ကမ္မဝါစာဖတ်သောအခါ လက်ရုံး ချင်း၊ သင်္ကန်းစွန် ခြင်း မထိခိုက်စေဘဲ ထိုင် လျက် လည်းကောင်း၊ ရပ်လျက်လည်းကောင်း ဟတ္ထပါသ်ခြင်း စပ်စေလျက် နှုတ်လွတ်ဖြစ်စေ၊ စာကြည့်၍ဖြစ်စေ ရွတ်ဖတ်နိုင်ပါသည်။

## သိမ်နုတ်ရခြင်းအကျိုး

သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ တိ ဝုတ္တေဟိ ဒွီဟိ ဝိပတ္တိဒေါသေဟိ မုစ္စနတ္ထံ သီမာသမူဟနနကမ္မံ ကာတဗ္ဗံဟူသော **(ဝိနယာလင်္ကာရဋီကာ-၁၊ ၃၅၃)** ဆရာ၏မိန့်မှာချက်အရ နောက်သမုတ်မည့် သိမ်သစ်အား သမ္ဘေဒဒေါသ၊ အဇ္ဈောတ္ထရဏဒေါသနှစ်ပါး လွတ်ကင်းရန်အကျိုးငှာ သိမ်နုတ်ကိစ္စ ဆောင်ရွက်ရပါသည်။

## သိမ်နှုတ်နည်း (၂) မျိုး

၁။ အကွက်မချဘဲ နှုတ်နည်း။

၂။ အကွက်ချ၍ နှုတ်နည်းဟု (၂) မျိုး ရှိ၏။

အကွက်ချ၍ နှုတ်နည်းမှာ-

(က) ကလျာဏီကျောက်စာ၌လာသောနည်း

(ခ) ဝိနယာလင်္ကာရဋီကာ၌လာသောနည်း

(ဂ) သိမ်သမုတ်ကျမ်းများ၌လာသောနည်း

(ဃ) ရှေးရှေးဆရာကြီးများ တီထွင်ထားသောနည်း

ဟူ၍ အမျိုးမျိုး ပြထားပါသည်။

**တစ်နည်း-** (၁) ရင်ပေါင်တန်း ယက်ကန်းခတ် ဖတ်၍ နှုတ်နည်း

(၂) ခရပတ်ခွေဖတ်၍ နှုတ်နည်း

(၃) ဒေါင့်တန်းဖတ်၍ နှုတ်နည်း

(၄) ကြက်ခြေခတ်ဖတ်၍ နှုတ်နည်း

(၅) ပျားကြီးစွဲဖတ်၍ နှုတ်နည်း ဟူ၍ (၅) မျိုး ရှိပါသည်။

## သိမ်နှုတ်ရန် အစီအစဉ်

၁။ ဗဒ္ဓသိမ်သမုတ်လိုသော် ပကတိဂါမခေတ်မှာဖြစ်စေ၊ ဝိသုံဂါမခေတ်မှာဖြစ်စေ သိမ်သမုတ်လိုသောမြေနေရာ၌ သီမာသင်္ကာရဒေါသ ဖြစ်ကောင်းသော သစ်မြစ်၊ ချုံနွယ်တို့ကို ခုတ်ထွင်သုတ်သင်ပြီး ထက်ဝန်းကြင်အပိုနှင့်တကွ စည်မျက်နှာပြင် ကြေးမုံပြင်ကဲ့သို့ မြေညီညွတ်အောင် ပြုလုပ်ထားရှိပြီး

### ဓမ္မဝိသောဒနီကျမ်းပြုဆရာတော်၏ ညောင်စောင်း (၃) မျိုး

(၁) အလျား ၅ တောင်၊ အနံ ၂ တောင်ထွာ ပမာဏရှိ ဥက္ကဋ္ဌ ညောင်စောင်းကွက်

(၂) အလျား ၄ တောင်ထွာ၊ အနံ ၂ တောင်, လက် ၆ သစ် ပမာဏရှိ မဇ္ဈိမညောင်စောင်းကွက်

(၃) အလျား ၄ တောင်၊ အနံ ၂ တောင် ပမာဏရှိ ခုဒ္ဒကညောင်စောင်းကွက် ဟူ၍ (၃) မျိုး ရှိ၏။

**မှတ်ချက်။** ။ (၁) (၂) ညောင်စောင်းကွက်သာ သံဃာ (၅) ပါးထိုင်လျှင် ပခုံး စွန်းခြင်း၊ သင်္ကန်းချင်း မထိအောင် ထိုင်လို့ရသည်။ (၃) မှာ ကြပ်တည်း၍ သိပ်မကောင်းလှပါ။ အထက်ပါဥက္ကဋ္ဌနှင့် မဇ္ဈိမ ညောင်စောင်းကွက် (၂) မျိုး မိမိကြိုက်နှစ်သက်ရာ ညောင်စောင်း ပမာဏကို အကွက်ချ၍ ညောင်စောင်းကွက် ပြုလုပ်ပါ။ သိမ်ပြင်ပ သီရန္တရိတ်ကို ၂ တောင်ခန့် (၃) ပေခန့် ပတ်လည်ပြုလုပ်ပါ။

**အထူးမှာ။** ။ သိမ်အပြင်ဘက် သီမန္တရိတ်ကို မြေနေရာ လိုသလောက် မရ နိုင်ပါက (ဘုရားစေတီ၊ တံခွန်တိုင် စသည် အနီးအနားရှိပါက) သီရန္တရိတ်ကို၊ တစ်ထွာ၊ လက်လေးသစ် ပမာဏမျှ ထားလျှင် လည်း ဖြစ်နိုင်ပါသည်။ အပြစ်မရှိ အပ်သည်သာ။

**အထူးမှာ။** ။ ယနေ့ခေတ်ကာ၌ တောင် ထွာ စသည်ကို မသုံးတော့ဘဲ အသုံးမပြုကြတော့ဘဲ ပေ+လက်မ စသည် အသုံးပြုကြ၍ ဇယားကွက်ပြုလုပ်သောအခါ အလျား ၇ ပေ၊ အနံ ၃ ပေ, ၆ လက်မ အကွက်များပြုလုပ်ပါက လွယ်ကူစွာ အကွက်ရိုက်လို့ ကောင်းပါသည်။ ယင်းဇယားကွက်၌ သံဃာ (၅)ပါး ထိုင်ပြီး ကမ္မဝါစာ ဖတ်ပါက ပခုံးစွန်းခြင်းလည်း မထိ၊ သက်န်းစွန်းလည်း မထိ၊ ဟတ္ထပါသ်လည်း စပ်၍ ဤနည်းကို ဇယားကွက် ပြုလုပ်ကြပါသည်။ ယခုခေတ် တချို့သော ဆရာတော်များက အလျား ၂ ပေ၊ အနံ ၂ ပေ (နှစ်ပေပတ်လည်ကွက်) ကွက် ပြုလုပ်ကြပြီး တစ်ကွက်လျှင် သံဃာတစ်ပါးကျထိုင်စေလျက် သိမ်နှုတ်ကမ္မဝါစာများကို ဖတ်ကြပါသေးသည်။

၂။ မိမိကြိုက်နှစ်သက်ရာ ဉောင်စောင်းပမာဏကို အံစာရေးသကဲ့သို့ မထွေးမယှက် အကွက်မျဉ်းသားရိုက်၍ ပိုင်းခြားပြီးခါ ရှည်ကြာမြင့်ဉောင်း၊ သိမ်ဟောင်းစင်စစ် ရှိသည်ဖြစ်က အဇ္ဈောတ္ထရဏ သီမာသမ္ဘေဒတို့မှ ကင်းပစေခြင်း၊ နောင်လာနောင်သား သိက္ခာ ကာမ လဇ္ဇီပေသလ သီလဝန္တ ရဟန်းတော်များ ယုံမှားခြင်း ကုက္ကုစ္စတရား မဖြစ်ပွားစေခြင်းငှာ။

၃။ သီမံ ဘိက္ခဝေ သမုဟန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါသော သမူဟတန္တဗ္ဗော၊ ပစ္ဆာ သမာန သံဝါသသီမာ သမူဟန္တဗ္ဗာ အစဖြာသော ဝိနည်းမဟာဝါ–(၁၄၉) ပါဠိတော်လာရှိ အမိန့်တော်မြတ်ကြောင့် ဟတ္ထပါသ်မကင်းစေဘဲ သိမ်အတွင်း ၌ သံဃာ (၅)ပါး တစ်ကွက်ကျ ထိုင်စေလျက် ဥပမာ သံဃာ (၂၅) ပါး ရှိက (၅) ကွက် ထိုင်စေရမည်။ ထိုင်သောအခါမှာ ရှေ့က (၃) ပါး၊ နောက် (၂)ပါး ထိုင်ပါ။ ထိုင်သောအခါ ပခုံးစွန်းခြင်း၊ သက်န်းစွန်းခြင်း မထိစေဘဲ ထိုင်ရမည်။ ရှေးဦးစွာ အဝိပ္ပဝါသ ဥတ္တိဒုတိယ သီမာသမူဟနန ကမ္မဝါစာ၊ ထို့နောင် သမာနသံဝါသ ဥတ္တိဒုတိယ သီမာ

သမူဟနန ကမ္မဝါစာ၊ အာဏာတော်နှစ်ရပ်ဖြင့် ညောင်စောင်းကွက် မလပ်စေရ၊ သိမ်၏ပြင်ပ သမန္တဥ္စာနဥ္စ ဒွိတိမဥ္စကပမာဏ သာလွန်သင့်မြတ်အထပ်ထပ် ရွတ်ဖတ် နှုတ်ဖျက်ခြင်းဟု ဆိုအပ်သော သီမာသမူဟနနကံကို စီမံ ပြုလုပ်ကြရပါမည်။

**မှတ်ချက်။** ။ အချိန်ရရှိပါက ပထမဆုံးရွတ်ဖတ်သော (၅) ကွက်၌ (၅) ကြိမ်ရွတ်ဖတ်ပြီးမှ အကွက်ရွှေ့ပါ၊ တရစပ်ရအောင် ဖတ်ပါ။

၄။ သိမ်မြေနှုတ်မည့်အချိန်အခါ နှုတ်မည့်ဗဒ္ဓသိမ်ဟောင်းရှိလောက်ရာ အရပ်အတွင်းရှိ ရဟန်းအားလုံးကို ဟတ္ထပါသ်သို့ ပင့်ဆောင်ရမည်။ မလာနိုင်သူတို့၏ ဆန္ဒကို ဆောင်ရမည်။ (ဗဒ္ဓသိမ်ဟောင်းကိုသာ နှုတ်သည်ဖြစ်၍ ဗဒ္ဓသိမ်ဟောင်း အတွင်း၌ ရှိနိုင်လောက်သည့် သံဃာကိုသာ သိမ်းရမည်။ ဂါမသိမ်ကို နှုတ်သည်မဟုတ်၍ ဂါမခေတ်နယ်တွင်းရှိ သံဃာကို သိမ်းဖွယ်မလိုပါ)

**သတိပြုရန်။** ။ သိမ်နုတ်သည့်အခါ ဖျာ၊ ယိုင် စသည့်အခင်းများ မခင်းရ၊ ခင်းပြီး မထိုင်ရ၊ သိမ်မနှုတ်မီ မဏ္ဍပ်ကနားထိုးပြီး မဖတ်ရ၊ ထိုမဏ္ဍပ်က ရှေးဗဒ္ဓသိမ်ဟောင်းနှစ်ခုကို ခွမိ၊ ဆက်မိကာ သိမ်ဟောင်းချင်းဆက်စပ်မှု သီမာသမ္ဘေဒ ဖြစ်နေသဖြင့် သိမ်ဟောင်းများမပျက်၊ မကျွတ်ဘဲရှိနိုင်သောကြောင့် မဏ္ဍပ် စသည်ထိုးပြီး မဖတ်ရပါ။ (မိုးလေဝသနှင့် ကြုံနေပါလျှင် ရှေးဦးစွာ အစပ် (၃) စပ်လောက် နှုတ်ပြီမှသာ မဏ္ဍပ်ကနား ထိုးပြီး ဖတ်သင့်ပါသည်) သိမ်အပြင်ဘက်မှ မီ မောင်းထိုးပြီ ဖတ်က ဖတ်နိုင်ပါသည်။ သိမ်မြေအတွင်း မီးကြိုးသွယ်ပြီး မဖတ်ရပါ။

၅။ ညောင်စောင်းကွက်များ၌ နေရာယူပြီးသောအခါ သံဃာတော်များသည် ရှေးသိမ်ဟောင်းကို နှုတ်နေသည်ဟူသော အာဘောဂနှလုံး သွင်းပြီး သိမ်နှုတ်

ကမ္မဝါစာ နှစ်ဆောင်ကို ဖတ်ရပါမည်။ ကမ္မဝါစာ ဖတ်သောအခါ ကျကျနန ကြည့်ရှု၍ဖတ်ပါ။ တစ်ကွက်လျှင် (၅) ပါးရှိရာ (၃) ပါးက ကမ္မဝါစာ ဖတ်၍ (၂) ပါးက ကမ္မဝါစာ နာပါ။

**သတိပြုရန်။** ။ ရှေးဦးစွာ ညောင်စောင်းကွက်များကိုစ၍ ကမ္မဝါစာဖတ်ရာ၌ နဂါးခေါင်း၊ နတ်နေ မတိုက်မိစေဘဲ ဖတ်ရမည်။ [ဥပမာ–သောကြာနေ့ဖြစ်က အနောက်မှာ နတ်နေ၍ လာဘ်တိုက် အနောက်မှ အရှေ့ဘက်သို့ မျက်နှာမူ၍ ဖတ်ပါ။[ ယုန်–ဆို– ခေါင်မြောက်] နယုန်, ဝါဆို, ဝါခေါင်လတို့မှာ နဂါးခေါင်း မြောက်လှည့်၍ မြောက်မှတောင်သို့ မဖတ်ဘဲ အနောက်မှ အရှေ့သို့ ဖတ်ပါ။ ပန္နက်ရိုက်သောနေ့တွင်လည်း မြေခံကောင်းသောရက်နှင့် ရက်ရာဇာကျသော နေ့ရက်ကို ရွေးချယ်ပြီး ပန္နက် စသည် ရိုက်ပါ။

[သိမ်နတ်ဇယားကွက်များ သီးခြားပြထားပြီး ဖြစ်ပါ။]

၆။ သိမ်နတ်ကမ္မဝါစာ ဖတ်သောအခါ

(၁) အနောက်မှ အရှေ့သို့မျက်နှာမူ၍ တစ်ကြိမ်တစ်စပ်ဖတ်ရမည်။

(၂) အရှေ့မှ အနောက်သို့ မျက်နှာမူ၍ တစ်ကြိမ်တစ်စပ်ဖတ်ရမည်။

(၃) တောင်မှ မြောက်သို့ မျက်နှာမူ၍ တစ်ကြိမ်တစ်စပ်ဖတ်ရမည်။

(၄) မြောက်မှ တောင်သို့ မျက်နှာမူ၍ တစ်ကြိမ်တစ်စပ်ဖတ်ရမည်။

(၅) အပြင်မှ အတွင်းသို့လှည့်ပတ်ပြီး(ခရုပတ်)တစ်ကြိမ်တစ်စပ် ဖတ်ရမည်။

(၆) အတွင်းမှ အပြင်သို့ လှည့်ပတ်ပြီး(ခရုပတ်)တစ်ကြိမ်တစ်စပ် ဖတ်ရမည်။

(၇) အနောက်တောင်ထောင့်မှ အရှေ့မြောက်သို့ တစ်ကြိမ်တစ်စပ် ဖတ်ရမည်။

(၈) အရှေ့မြောက်မှ အနောက်တောင်ထောင့်သို့ တစ်ကြိမ်တစ်စပ် ဖတ်ရမည်။

**မှတ်ချက်။** ။ (၁) (၂) ယက်ကန်းခတ် ရင်ဘောင်တန်း (၂) ကြိမ်ဖတ်ပြီးသောအခါ အပြင်သီမန္တရိတ်ကို အပြင်မျက်နှာမှ၍ တစ်ကြိမ်ဖတ်ရမည်။ (၃) (၄) ရင်ဘောင်တန်း ဖတ်ပြီးသောအခါ အပြင်သီမန္တရိတ်ကို အတွင်းမျက်နှာမှ၍ တစ်ကြိမ်ဖတ်ရမည်။ (၅) (၆) ခရုပတ်ခွေ ဖတ်ပြီးသောအခါ အပြင်သီမန္တရိတ်ကို အလယ်တိတိမှ ရှေ့မျက်နှာမှ၍တစ်ကြိမ် ဖတ်ရမည်။ အပြင်သီမန္တရိတ်ကို ဖတ်သောအခါ အပြင်မျက်နှာမှ၍ တစ်ကြိမ်၊ အတွင်းမျက်နှာမှ၍ တစ်ကြိမ်၊ အလယ်မှနေ၍ ရှေ့တိတိမျက်နှာမှ၍ တစ်ကြိမ် သီမန္တရိက်၌ (၃) ကြိမ် (၃) ခါ ဖတ်ပြီးဖြစ်၏။ သိမ်အတွင်းသား အကွက်များ၌ (၈) ကြိမ် (၈) စပ်ဖတ်ပြီး ဖြစ် သည်။ ဤကဲ့သို့ (၈) ကြိမ် (၈) စပ်လောက် ကမ္မဝါစာဖတ်လျှင် ဝိနယကုက္ကုစ္စ ကင်းလောက်ပါပြီ။

၇။ ရှေးဆရာတော်ကြီးများက ဝိနယကုက္ကုစ္စ မဖြစ်စေခြင်း အကျိုးငှာ အကြိမ်ကြိမ် အထပ်ထပ် ခြေဖဝါးခြင်းစပ်မိအောင် ဖတ်ရမည်ဟု ဩဝါဒပေးသည်ကို အလေးမူ ခံယူပါ။ ဇယား (၈) မျိုး ပြထားပါသည်။ ရာသီဥတုမကောင်း၍ သော်လည်းကောင်း၊ သံဃာ့ကိစ္စများ သော်လည်းကောင်း ကြုံနေပါက (၄) စပ် (၅) စပ်လောက်ဖတ်လျှင် ဝိနယကုက္ကုစ္စ သံသယကင်းလောက်ပါသည်။ နမူနာ နည်းရစေခြင်းအကျိုးငှာ ညောင်လွန့် ဆရာတော်ဘုရားကြီး ရေးသားသော သီမာဝိနိစ္ဆယကျမ်း၌ အကွက် (၉) ကွက်ရိုက်ပြီး (၉) တိုင်း (၉)ဌာန နှုတ်နည်းကို ဗဟုသုတရစေခြင်းအကျိုးငှာ ညောင်လွန့် ဆရာတော်ကြီးများ၏ သိမ်နုတ်နည်းကိုလည်း ဖော်ပြထားပါသည်။ ညောင်လွန့် ဆရာတော်ဘုရားကြီးက (၉) တိုင်း (၉) ဌာနဖတ်လျှင် သိမ်အားလုံးကျွတ်သည်ဟု ယူဆကြပါသည်။

## သိမ်သမုတ်ကံအစီစဉ်

**ပုဗ္ဗကိစ္စ။** ။ (က) ပိဋကတ်ကျမ်းဂန်ကို တတ်ကျွမ်းနားလည်ပြီး သိမ်အရာ၌ အာစရိယဝါဒ ဗဟုသုတနှင့်ပြည့်စုံ၍ ဝိနယဂရုက ဝိနယဝိဒူ ဖြစ်တော်မူသော ဆရာတော်ကြီး ခပ်များများကို ပင့်ထားရပါမည်။

(ခ) အသုံးပြုမည့်နိမိတ်များကို အဆင်သင့် ပြင်ထားရပါသည်။

[ယခုခေတ်ကာလအသုံးပြုရာ၌ ရေနိမိတ်နှင့် ကျောက်နိမိတ်ကိုသာ အများအားဖြင့် အသုံးပြုကြသည်။]

### ၈။ သိမ်သမုတ်ပုံ (၂) မျိုး

(က) သိမ်မိန့်ခံယူ၍ ဝိသုံဂါမ သိမ်သမုတ်ခြင်း

(ခ) ပကတိဂါမ၌ နယ်သိမ်းပြီး သမုတ်ခြင်းဟူ၍ နှစ်မျိုးရှိရာ–

(က) ဂါမခေတ်တစ်ခုအတွင်းရှိ သံဃာတို့ကို ဝိသုံဂါမခံ၍ သမုတ်ခြင်းဖြစ်လျှင် ဝိသုံဂါမအတွင်းရှိ [ကျောင်းတိုက်အတွင်းရှိ] ထိုဝိသုံဂါမသံဃာတို့ကို ဟတ္ထပါသ်အတွင်းသို့ ပင့်ဆောင်၍ မလာနိုင်သူတို့၏ ဆန္ဒကို ဆောင်၍ "သို့မဟုတ်" ဗဒ္ဓသိမ်တို့သို့ သက်ဝင်တည်နေစေ၍ သမုတ်ရမည်။

(ခ) နယ်သိမ်းသမုတ်ခြင်းဖြစ်လျှင် ရဟန်းတော်များသွားလာမှု နည်းပါးချိန် ည (၁၀) နာရီ နောက်ပိုင်းအချိန်လောက်တွင် သမုတ်သင့်သည်။ သံဃာစုံလင်သောအခါ ဆရာတော်ကြီး (၃) ပါးမှ သိမ်နှုတ်ကမ္မဝါစာ တစ်ကြိမ် ထပ်နှုတ်သင့်ပါသည်။ (ဤကဲ့သို့ သံဃာစုံလင်စွာ ရှိခိုက်တွင် နှုတ်လိုက်ခြင်းသည် သိမ်အားလုံး ကျွတ်သည်ဟု သိမ်ပေါင်း(၁၀၀) ကျော် သမုတ်တော်မူခဲ့သော **နဘူးကျောင်းဆရာတော်ကြီး**က အမိန့်ရှိဖူး ပါသည်။)

နယ်သိမ်းသမုတ်ခြင်းဖြစ်ပါက သိမ်သမုတ်ခါနည်းတွင် တုံး, နာရီ, မောင်း, ထိုးစည် စသည်ဖြင့် အချက်ပေး၍ ရပ်ကွက် တစ်ခု လုံး/ အုပ်စုဒိုင်နယ်တစ်ခုလုံး နယ် (၄) ရပ် (၈) ဌာန နယ်ခြား လမ်းခရီးဆုံးတို့၌ သိမ်သမုတ်နေချိန်အတွင်းမှာ ခရီးသွား ရဟန်း သံဃာတို့ကိုလည်း ထိုဂါမ ထိုဝိသုံဂါမအတွင်းသို့ မဝင်စေရန် ခေတ္တ ဆိုင်းငံ့စေ၍ သမုတ်အပ်၏။ ခရီးသွား ရဟန်းသံဃာတော်များ မဝင်ရောက်နိုင်အောင် နယ်စောင့်များ ခရီးဆုံများ၌ ချထားရပါမည်။ သိမ်သမုတ်ပြီးစီးလျှင် ပြီးစီးခြင်း တုံး, နာရီ, မောင်း, ထိုးစည် စသည်တို့ဖြင့် အချက်ပေး၍ ခေါက်ရပါမည်။

**မှတ်ချက်။** ။ သိမ်သမုတ်ချိန်ကျရောက်သောအခါ သိမ်သမုတ်မည့်နေရာ၌ ဟတ္ထပါသ်အတွင်းသို့ သံဃာအားလုံး ပင့်ဆောင်ရမည်။ ပင့်သံဃာစာရင်းဖြင့် စစ်ဆေရမည်။ စုံ–မစုံ မေးပြီး သံဃာစုံလင်ကြောင်း အခမ်းအနားမှူးမှ လျှောက်တားရမည်။ သံဃာ စုံလင်လျှင် ဆန္ဒဆောင်ပုဂ္ဂိုလ်က ဆန္ဒလျှောက်ထားရပါ မည်။ (ဆန္ဒပေးပုံ၊ လျှောက်ကြားပုံ အောက်၌ ပြထားသည်။)

(သံဃာစုံ+မစုံ လျှောက်ထားစစ်ရသည်မှာ သိမ်ကံဆောင်ရာ၌ သံဃာကျန်နေလျှင် သံဃကံ ပျက်မည်စိုး၍ သံဃာစစ်ရပါမည်။)

## ဆန္ဒပေးပုံ၊ ပြန်ကြားလျှောက်ထားပုံ

(က) ဆန္ဒပေးပုံ ။ ။ ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေမိဟု (၃) ကြိမ် ဆို၍ ပေးပါ။

(ခ) ဆန္ဒလျှောက်ကြားပုံ။ ။ (တိဿေန ဘိက္ခုနာ) ဆန္ဒော ဒိန္နော၊ တမဟံ သံဃဿ အာရောစေမိဟု (၃) ကြိမ် သံဃာ့ထံ လျှောက်ကြားရမည်။ (ဘွဲ့အမည်နှင့်ပေးလည်းရ၏)

၉။ "ပထမံ နိမိတ္တံ ကိတ္တေတဗ္ဗန္တိ" အစဖြာသော အဋ္ဌကထာ၏ မိန့်မှာချက်အရ သိမ်မသမုတ်မီ ရှေးဦးစွာ သိမ်နိမိတ်ကြား၊ အနီးကြား၊ အဝေးကြားကို ဝိနယဓရ ဝိနယဝိဒူ ဝိနည်းမိုရ်ဆရာတော်ကြီး (၄) ပါး (၅) ပါးတို့မှ ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ၊ ပါဠိမြန်မာ နှစ်ဘာသာလိုဖြစ်စေ၊ အနီးကြား၊ အဝေးကြားနိမိတ်တို့ကို သင့်လျော်သလို ကြားရမည်။ နိမိတ်ကြားရာ၌ အယုတ်ဆုံး နိမိတ်သုံးရပ်မှစ၍ နိမိတ်လေးရပ်၊ နိမိတ်ရှစ်ရပ် စသည်တို့ကို ထပ်မိအောင် ရှေးဦးစွာ ကြားအပ်ပြီးသော နိမိတ်ကို ထပ်ကြားပြီးမှ ရပ်စေရမည်။

**ဥပမာ။** ။ အရှေ့အရပ်မှစ၍ နိမိတ်ကြားလျှင် အရှေ့အရပ်၌ ထပ်မံပြီး နိမိတ်ကြားရပါမည်။ ယခုကာလ၌ နိမိတ် ရှစ်ဌာနထားပြီး သမုတ်ကြပါသည်။

**မှတ်ချက်။** ။ နိမိတ်မကြားမိ ရေနိမိတ်တွင်းများထဲသို့ ရေထပ်မံ ထည့်စွက်ရမည်။ နောက်ထပ် ရေထပ်မံပြီး မဖြည့်စွက်ရတော့ပါ။

ဗဒ္ဓသိမ် အင်္ဂါသုံးပါးတို့တွင် သုံးခုမြောက် နိမိတ္တေန နိမိတ္တဗန္ဓနသမ္မတ အင်္ဂါအရ နိမိတ်ချင်းစပ်အောင် နိမိတ်ကြား၍ သမုတ်ခြင်းနှင့် စပ်၍ နိမိတ်ကြား အမေး+အဖြေ ပြုလုပ်ရာ၌–

(က) နိမိတ်ကြားသော ပုဂ္ဂိုလ်သည် ဝိနယဂရုက ဝိနယဝိဒူ ရဟန်းတော်သာ ဖြစ်စေရမည်။

(ခ) နိမိတ်စောင့်သော ပုဂ္ဂိုလ်သည် ရဟန်းဖြစ်စေ၊ သာမဏေဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ တစ်ဦးဦး ဖြစ်စေရမည်။

## နိမိတ်ကြားနည်း သုံးနည်း

(၁) နိမိတ်ကြားသောပုဂ္ဂိုလ်က နိမိတ်ရှိရာ နိမိတ်စောင့်ထံသွား၍ မေး+ဖြေသော နည်း။

(၂) နိမိတ်ကြားသောပုဂ္ဂိုလ်က တစ်နေရာတည်း သံဃာ့အလယ်မှနေ၍ နိမိတ်စောင့်များက နိမိတ်ရှိရာ အရပ်မှနေ၍ မေး+ဖြေသောနည်း၊

(၃) နိမိတ်ကြားပုဂ္ဂိုလ်ရော+နိမိတ်စောင့် ပုဂ္ဂိုလ်များပါ သံဃာ့အလယ်မှနေ၍ မေး+ဖြေသော နည်းဟူ၍ သုံးမျိုး ရှိရာ မိမိတို့ ကြိုက်နှစ်သက်သလို အသုံးပြုနိုင်ပါသည်။

**မှတ်ချက်။** ။ ဖြေကြားသောပုဂ္ဂိုလ်သည် တစ်ဦးတည်းသော်လည်းကောင်း ထို့ထက်အလွန်သော်လည်းကောင်း ဖြေဆိုနိုင်ပါသည်။ (ယခုခေတ် သမုတ်ရာ (၈) ဦး ထားပြီး သမုတ်ကြသည်)။

## နိမိတ်မေး+ဖြေကြားနည်း သုံးနည်း

(က) ပါဠိ သက်သက် နိမိတ်ကြားနည်း

(ခ) မြန်မာသက်သက် နိမိတ်ကြားနည်း

(ဂ) ပါဠိ–မြန်မာ နှစ်ဘာသာ နိမိတ်နည်းဟူ၍ သုံးနည်း ရှိပါသည်။

နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ၊ အန္ဓ အဋ္ဌကထာယံ ပန တိက္ခတ္တုံ သီမမဏ္ဍလံ ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗန္တိ ဟူသော

ဝိနည်းသင်္ဂဟ အဋ္ဌကထာဆရာ၏ မိန့်မှာချက်အရ

နိမိတ်ကို တစ်ကြိမ်ကြားလျှင် အပ်၏၊ အန္ဓအဋ္ဌကထာ၌ (၃) ကြိမ် သိမ်အပြင်ကို ဖွဲ့သဖြင့် နိမိတ်ကြားရမည်ဟု မိန့်ဆိုထား၍ ယခုအခါ၌ (၃)ကြိမ်ထက် မနည်း အမျိုးမျိုး ကြားကြပါသည်။

၁၀။ ပုဗ္ဗာကရဏ ပုဗ္ဗကိစ္စတို့ကို ပြီးဆုံးစေ၍ နိမိတ် (၈) ဌာန ကြားပြီးသောအခါ–

“သီမံ ဘိက္ခဝေ သမ္မန္နန္တေန ပထမံ သမာနသံဝါသသီမာ သမ္မန္နိတဗ္ဗာ၊ ပစ္ဆာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော” အစဖြာသော ဝိနည်းမဟာဝါ ပါဠိတော်လာရှိသော အမိန့်တော်မြတ်ကြောင့် ဟတ္ထပါသ်မကင်းစေဘဲ ရှေးဦးစွာ သမာနသံဝါသ ဉတ္တိဒုတိယ သီမာသမ္မုတိကမ္မဝါစာ (တစ်မျိုးတည်းကိုသာ ဖတ်ပါ) ကို (၅) ကြိမ် ဖတ်ရမည်။ (ဆရာတော်ကြီး (၅) ပါးမှုဖြင့် ဖတ်ရမည်)

၁၁။ ထို့နောက် သိမ်အတွင်း၌တည်သော တိစီဝရိတ်ဆောင် ရဟန်းတော်တို့ သင်္ကန်းနှင့် ညဉ့်ကင်းသော်လည်း အပြစ်မရှိခြင်း ဝိသေသတ္ထနှင့်တကွ သာသနပစ္စတ္တိက အဓမ္မဝါဒီ အလဇ္ဇီ ဝိတဏ္ဍာတို့ ကြံဆနှောင့်ယှက် မဖျက်ဆီးနိုင်စေခြင်းအကျိုးငှာ အဝိပ္ပဝါသ ဉတ္တိဒုတိယ သီမာသမ္မုတိ ကမ္မဝါစာ

တို့ကို ဇျတ္တနဗုဒ္ဓိ စသည်နှင့်အညီ သတ္တိ ဇျတ္တိ ဗလတို့နှင့်ပြည့်စုံတော်မူသော သီလဝန်, ဂုဏဝန်, ပညာဝန်, မထေရ်မွန် အရှင်မြတ်တို့က အာစရိယဝါဒ သုဝိနိစ္ဆယ ဖြစ်စေ၍ [၅ ကြိမ်ထက်မနည်း] ရွတ်ဖတ်သမုတ်ခြင်းတို့ကို ပြုကုန်ရာသည်။

( ဆရာတော်ကြီး (၅)ပါး၏မူဖြင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ (၅) ကြိမ် ဖတ်ရမည်)

**မှတ်ချက်။** ။ ကမ္မဝါ (၂) ကြိမ်အဆုံး၌ နိမိတ်အတွင်းသားမြေသည် (အောက်၌ ဥမင်လိုဏ်ခေါင်းမရှိမူ) ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မြေဆုံးသည့်တိုင်အောင် သမာနသံဝါသသိမ် ရောက်သွားပါသည်။ ကမ္မဝါစာဖြင့် မနုတ်လျှင် သာသနာကွယ်ပမှ သိမ် ပျက်တော့၏။ ပြင်ပနိမိတ်တို့ကား သိမ်ပ၌ တည်နေကုန်၏။

ကမ္မဝါစာ (၂) ကြိမ် ဆုံးသောအခါ၌ ရေနိမိတ်တွင်းများထဲ၌ ရေကျန်လျှင်၊ ရေမကုန်လျှင် ရေနိမိတ် အောင်မြင်သွားပါသည်။

၁၂။ (က) သမာနသံဝါသ ဉတ္တိဒုတိယ သီမာသမ္မုတိ ကမ္မဝါစာ


(ခ) အဝိပ္ပဝါသ ဉတ္တိဒုတိယ သီမာသမ္မုတိ ကမ္မဝါစာ နှစ်ကြိမ် ပြီးဆုံးလျှင် သံဃာတော်များမှ **ဇယန္တော ဗောဓိယာ မူလေ** အစဖြာသော အောင်ဂါထာ (၅)ဂါထာကို သိမ်အောင်မြင်သည် အသိမ်အမှတ်အနေဖြင့် ရွတ်ဆိုရပါမည်။ ထို့နောင် **သီမာသမ္မုတိ ဇေယျမင်္ဂလာ ကောင်းချီး ဩဘာစာ** စသည်တို့ကို ဖတ်ကြားပေးသောအခါ သိမ်တော်မင်္ဂလာ အောင်မြင်ကြောင်း အထိမ်းအမှတ်အနေဖြင့် တုံး, ထိုးစည်, နာရီ, မောင်း စသည်ဖြင့် တီးခတ်စေ၍ အချက်ပေးရပါမည်။ တတ်နိုင်ပါလျှင် သေနတ်၊

ဗျောက်အိုးများ ပစ်ဖောက်ခြင်း၊ မီးခြူးမီးပန်းများ လွှတ်တင်ခြင်းကိုလည်း ပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့ အချက်ပေးမှသာ နယ် (၄) ရပ် (၈) ဌာန တို့၌ နယ်နိမိတ်စောင့်များကို ပြန်ပြီးခေါ်ရပါမည်။

ထို့နောင် သိမ်ဒကာ၊ ဒကာမများနှင့် သိမ်သမုတ်ပွဲသို့ လာရောက်ကြသော လူပရိသတ်တို့အား ငါးပါးသီလချီးမြှင့်ခြင်း၊ သိမ်အနုမောဒနာ တရား ချီးမြှင့်ခြင်း၊ အရပ်ရပ်သောကုသိုလ်ကောင်းမှုများကို ရေစက်ချ အမျှအတန်း ပေးဝေခြင်းများကို ပြုလုပ်ရပါမည်။ သိမ်သမုတ်ပွဲ အောင်မြင်ပြီးဆုံးကြောင်း အနေဖြင့် **“ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု”** သုံးခေါက်ရွတ်ဆို၍ သိမ်သမုတ်ပွဲ ပြီးဆုံးကြောင်း ကြေညာရပါသည်။

# ပျော်ဘွယ်မြို့၊ ဒီဃာယုကကျောင်းတိုက်အတွင်း၌ သမုတ်အပ်သော ခဏ္ဍာသိမ်၏ သီမာသမ္မုတိကံဆောင်ရွက်စဉ် ရေးဆွဲထားသော ညောင်စောင်းကွက်ပုံစံများ


ပုံစံ (၁) (၂) အရှေ့ ရင်ပေါင်တန်း




တောင်

အနောက်

ပုံစံ (၃) (၄) ယက်ကန်းခတ်



## ပုံစံ (၅) (၆) ခရုပတ်ခွေ

| | | | | |
|---|---|---|---|---|
| ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ |
| ၁၃ | ၃၆ | ၃၇ | ၃၈ | ၁၉ |
| ၁၂ | ၃၅ | ၄၇ | ၃၉ | ၂၀ |
| ၁၁ | ၃၄ | ၄၈ | ၄၀ | ၂၁ |
| ၁၀ | ၃၃ | ၄၉ | ၄၁ | ၂၂ |
| ၉ | ၃၂ | ၅၀ | ၄၂ | ၂၃ |
| ၈ | ၃၁ | ၄၆ | ၄၃ | ၂၄ |
| ၇ | ၃၀ | ၄၅ | ၄၄ | ၂၅ |
| ၆ | ၂၉ | ၂၈ | ၂၇ | ၂၆ |
| ၅ | ၄ | ၃ | ၂ | ၁ |

## ပုံစံ (၇) (၈) ဒေါင့်တန်း

| | | | | |
|---|---|---|---|---|
| ၁ | ၄ | ၅ | ၁၆ | ၁၇ |
| ၂ | ၆ | ၁၅ | ၁၈ | ၃၄ |
| ၃ | ၇ | ၁၄ | ၁၉ | ၃၃ |
| ၈ | ၁၃ | ၂၀ | ၃၂ | ၃၅ |
| ၉ | ၁၂ | ၂၁ | ၃၁ | ၃၆ |
| ၁၀ | ၂၂ | ၃၀ | ၃၇ | ၄၆ |
| ၁၁ | ၂၃ | ၂၉ | ၃၈ | ၄၅ |
| ၂၄ | ၂၈ | ၃၉ | ၄၄ | ၄၇ |
| ၂၅ | ၂၇ | ၄၀ | ၄၃ | ၄၈ |
| ၂၆ | ၄၁ | ၄၂ | ၄၉ | ၅၀ |


(က) သိမ်အတွင်းသား ၃၅' ပေစီ။

(ခ) သိမ္မန္တရိတ် ၃'-ပေ၊ ၆" လက်မ။

(ဂ) အလျား အနံ သိမ္မန္တရိတ်ပါ ၄၂-ပေစီ။

(ဃ) ဇယားတစ်ကွက်၌ အလျား ၇'-ပေ၊ အနံ-၃'၊ ၆"လက်မ ဇယားပမာဏဖြင့် ရေးဆွဲထားသည်။

## ညောင်လွန့်ဆရာတော်နည်း
## ဇယား (၉)



၉။ ညောင်လွန့်ဆရာတော်ကြီး၏ သိမ်နှုတ်ဇယားကွက် တစ်ကွက်အတွင်း သံဃာ ဆန့်သလောက် ထိုင်ပါ၊ သံဃာချင်း ၊ ပခုံးချင်း၊ သင်္ကန်းစွန်းချင်း မထိအောင် ထိုင်ပါ၊ မြှား → ပြထားသည့် စည်းကိုပါ ထိုင်ပြီး ဖတ်ပါ။

၁။ (၁)(၂) ဇယားပုံစံ၌ တစ်ကွက်လျှင် ရှေ့၃–ပါး၊ နောက် ၂–ပါး ထိုင်လျက်–

(က) အနောက်မှ အရှေ့သို့ မျက်နှာမူ၍လည်းကောင်း၊

(ခ) အရှေ့မှ အနောက်သို့ မျက်နှာမူ၍ လည်းကောင်း ရင်ပေါင်တန်း (၂)ကြိမ် ဖတ်ရမည်။

၂။ (၃) (၄) ဇယားပုံစံ၌ တစ်ကွက်လျှင် ရှေ့ ၂–ပါး၊ နောက် ၂–ပါး၊ အလယ်မှ ၁–ပါး ထိုင်လျက်–

(က) တောင်မှ မြောက်သို့ မျက်နှာမူ၍ လည်းကောင်း၊

(ခ) မြောက်မှ တောင်သို့ မျက်နှာမူ၍ လည်းကောင်း ယက်ကန်းခတ် (၂) ကြိမ် ဖတ်ရမည်။

၃။ (၅) (၆) ဇယားပုံစံ၌

(က) အနောက်တောင်ဒေါင့်မှ အတွင်းခရုပတ် (၁) မှ (၅၀) ထိ လည်းကောင်း၊

(ခ) အလယ် (၅၀)မှ (၁) အထိ လည်းကောင်း အပြင်ခရုပတ် ဖတ်ရမည်။

၄။ (၇) (၈) ဇယားပုံစံ၌

(က) အရှေ့မြောက်ဒေါင့်မှ အနောက်တောင်ဒေါင့်သို့ လည်းကောင်း၊

(ခ) အနောက်တောင်ဒေါင့်မှ အရှေ့မြောက်ဒေါင့်သို့ လည်းကောင်း [၁–မှ ၅၀+၅၀ မှ ၁–ထိ] ဒေါင့်တန်း (၂) ကြိမ် ဖတ်ရမည်။

**မှတ်ချက်။** ။ (၇) (၈) ဇယားဒေါင့်တန်းဖတ်သောအခါ၌ ကပ်ပြားကို ၁–မှ ၅၀–ထိ ရေး၍ အကွက်များ၌ ချထား ပြီး ကမ္မဝါစာဖတ်ပါက လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။ (၁) မှ (၈) အထိ ဇယားများ အတိုင်း ကမ္မဝါစာဖတ်ပြီးပါက (၈)စပ်၊ (၈)ထပ် ဖတ်ပြီး ဖြစ်၍ ဝိနယကုက္ကုစ္စ ကင်းလောက်ပါပြီ။ [တစ်ကွက် (၅) ပါး၊ ၂၅–ပါ ကမ္မဝါစာဖတ်ပါက (၁၀) ကြိမ် အကွက် (၅၀) တစ်စပ်ရသည်]

## သိမ်နိမိတ်ကြားပုံ အကျဉ်းချုပ်

(၁) ဝိနည်းဓိုရ်မေး။ ။ ပုရတ္ထိမာယ ဒိသာယ ကိံနိမိတ္တံ (ပါဠိ)

နိမိတ်စောင့်ဖြေ။ ။ ဥဒကံ ဘန္တေ (ပါဠိ)

ဝိနည်းဓိုရ်မေး။ ။ ဣဒံ ဥဒကံ နိမိတ္တံ (ပါဠိ)

နိမိတ်စောင့်ဖြေ။ ။ အာမ ဘန္တေ။

(ဤကား ပါဠိလိုနိမိတ်ကြား၊ ပါဠိလို ဖြေကြားပုံ)

ဝိနည်းဓိုရ်မေး။ ။ ယခုသမုတ်အပ်လတ္တံ့သော ဤခဏ္ဍာသိမ်မြတ်၏ အရှေ့မျက်နှာအရပ်၌ တောင်–ကျောက်–တော–သစ်၊ လမ်း–ပို့–မြစ်–ရေ၊ ဤရှစ်ထွေတွင် အဘယ်နိမိတ်ပါနည်း။ (ငါ့ရှင်) (မြန်မာ)

နိမိတ်စောင့်ဖြေ။ ။ ရေနိမိတ်ပါ အရှင်ဘုရား။ (မြန်မာ)

ဝိနည်းဓိုရ်မေး။ ။ သင်လျှောက်တားသော ဤရေသည် ယခုသမုတ်အပ် လတ္တံ့သော ခဏ္ဍာသိမ်မြတ်၏ အပိုင်းအခြား၊ အမှတ်အသားနိမိတ်တည်း။

(အမှတ်အသားနိမိတ်ဟူ၍မှတ်) (မြန်မာ)

နိမိတ်စောင့်ဖြေ။ ။ အမိန့်တော်မြတ်အတိုင်း မှန်လှပါ အရှင်ဘုရား။ (မြန်မာ)

(ဤကား မြန်မာလိုမေး၍ မြန်မာလိုဖြေကြားပုံ)

ဝိနည်းမိုရ်မေး။ ။ (က) ပုရတ္ထိမာယ ဒိသာယ ကိံနိမိတ္တံ (ပါဠိ)

။ ။ (ခ) သမ္မနိတဗ္ဗာယ– ယခု သမုတ်အပ်လတ္တံ့သော၊ ဣမာယ သီမာယ– ဤခဏ္ဍာသိမ်မြတ်၏၊ ပုရတ္ထိ မာယ ဒိသာယ၊ အရှေ့မျက်နှာအရပ်၌ တိံနိ မိတ္တံ–တောင်–ကျောက်–တော–သစ်–လမ်း–ပို့–မြစ်–ရေ၊ ဤရှစ်ထွေတွင် အဘယ် နိမိတ်ပါနည်း။ (ငါ့ရှင်)

(ပါဠိ) (မြန်မာ)

နိမိတ်စောင့်ဖြေ။ ။ (က) ဥဒကံ ဘန္တေ။ (ပါဠိ)

။ ။ (ခ) ဘန္တေ–အရှင်မြတ်ဘုရား၊ ဥဒကံ–ရေနိမိတ်ပါ ဘုရား။ (ပါဠိမြန်မာ)

ဝိနည်းမိုရ်မေး။ ။ ဣဒံ ဥဒကံ နိမိတ္တံ။ (ပါဠိ)

။ ။ ဣဒံ ဥဒကံ–သင်လျှောက်ထားသော ဤရေသည်၊ နိမိတ္တံ–ယခုသမုတ်အပ်လတ္တံ့သော ခဏ္ဍာသိမ်မြတ်၏ အပိုင်းအခြား အမှတ်အသား နိမိတ်တည်း။ (အမှတ်အသားနိမိတ်ဟူ၍မှတ်) (ပါဠိမြန်မာ)

နိမိတ်စောင့်ဖြေ။ ။ အာမ ဘန္တေ။

။ ။ ဘန္တေ–အရှင်မြတ်ဘုရား၊ အာမအမိန့်တော် မြတ်အတိုင်း မှန်လှပါ အရှင်ဘုရား။

(ဘန္တေ–အရှင်မြတ်ဘုရား၊ သာဓု–အမိန့်တော်
မြတ်အတိုင်း ကောင်းလှပါပြီ အရှင်ဘုရား)။
(ပါဠိ+မြန်မာ)

(ဤကား ပါဠိ+မြန်မာ နှစ်ဘာသာမေး၍ ပါဠိ+မြန်မာနှစ်ဘာသာဖြေပုံ)

**မှတ်ချက်** ။ ။ အာမ ဘန္တေနှင့် ဖြေသည်ဖြစ်စေ၊ သာဓု ဘန္တေဟု ဖြေသည် ဖြစ်စေ တစ်မျိုးဖြင့်သာ ဖြေဆိုရပါမည်။

**သတိပြုရန်** ။ ။ ပါဠိနှင့်မေးလျှင် ပါဠိဖြင့်သာ ဖြေပါ။ မြန်မာလိုမေးလျှင် မြန်မာလိုဖြေပါ။ ပါဠိ–မြန်မာ နှစ်ဘာသာဖြင့် မေးလျှင် ပါဠိ–မြန်မာ နှစ်ဘာသာဖြင့်သာ ဖြေဆိုရပါမည်။

၂။ ပုရတ္ထိမာယ အနုဒိသာယ – အရှေ့တောင်ထောင့်အရပ်၌။

၃။ ဒက္ခိဏာယ ဒိသာယ – တောင်မျက်နှာအရပ်၌။

၄။ ဒက္ခိဏာယ အနုဒိသာယ – အနောက်ထောင့်အရပ်၌။

၅။ ပစ္ဆိမာယ ဒိသာယ – အနောက်မျက်နှာအရပ်၌။

၆။ ပစ္ဆိမာယ အနုဒိသာယ – အနောက်မြောက်ထောင့်အရပ်၌။

၇။ ဥတ္တရာယ ဒိသာယ – မြောက်မျက်နှာအရပ်၌။

၈။ ဥတ္တရာယ အနုဒိသာယ – အရှေ့မြောက်ထောင့်အရပ်၌။

၉။ ပုရတ္ထိမာယ ဒိသာယ – အရှေ့မျက်နှာအရပ်၌။

**မှတ်ချက်။** ။ ဤသို့အလိုရှိရာ အရပ်တစ်ခုခုမှစ၍ (လက်ယာရစ်) အစဉ်အတိုင်း လှည့်ကြား၍ ရှေဦးစွာ ကြားပြီးသော နိမိတ်ကို ထပ်ကြားပြီးမှ ရပ်အပ်၏။

အယံ ပဗ္ဗတော–ဤတောင်သည်၊ အယံပါသာဏော–ကျောက်သည်၊ ဣဒံ ဝနံ–ဤတောသည်၊ အယံ ရုက္ခော–ဤသစ်ပင်သည်၊ အယံ မဂ္ဂေါ–ဤလမ်းသည်၊ အယံ ဝမ္မိကော–ဤတောင်ပို့သည်၊ အယံ နဒီ–ဤမြစ်သည်၊ ဣဒံ ဥဒကံ–ဤရေသည်၊ ဟု–နိမိတ်နှင့် လိင်အား လျှော်စွာဆိုအပ်၏။ အဝေးနိမိတ်ကြားဖြစ်က၊ သော ပဗ္ဗတော–ထိုတောင်သည်၊ သော ပါသာဏော–ထိုကျောက်သည်၊ ဣဒံ ဝနံ၊ သော ရုက္ခော၊ ထိုသော မဂ္ဂေါ၊ သော ဝမ္မိကော၊ သောနဒီ၊ တံ ဥဒကံ) ဟု တေ၊ သဒ္ဒါဖြင့် ဆိုအပ်၏။ ။ အဋ္ဌကထာ၌၊ သော ပဗ္ဗကော နိမိတ္တံ– ဟု တေ သဒ္ဒါဖြင့် သာမည–ဆိုထားသောကြောင့်၊ နိမိတ်အနီးကြားရာ၌လည်း၊ တေ သဒ္ဒါဖြင့် ကြားနိုင်ပါသည်။ ။

## သာသနရက္ခိတသိမ် သမုတ်ပွဲအခမ်းအနား အစီအစဉ်

သာသနာသက္ကရာဇ် – ၂၅၄၆–ခုနှစ်၊

ကောဇာသက္ကရာဇ် – ၁၃၆၄–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄) ရက်၊ (ကြာသပတေးနေ့)

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြို့သစ်ရပ်ကွက်၊ ဒီဃာယုက ကျောင်းတိုက်အတွင်း၌ သမုတ်အပ်သော သာသနရက္ခိတ ခဏ္ဍာသိမ်မြတ်၏ သိမ်သမုတ်ပွဲ အခမ်းအနား အစီအစဉ်ပါ ဘုရား။

၁။ သိမ်သမုတ်ပွဲသို့ ကြွရောက်တော်မူကြသော သံဃာတော်အရှင်များမှ နမော တဿ–ဘုရားရှိခိုး သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ပေးပါရန်၊

၂။ သိမ်သမုတ်ပွဲသို့ ကြွရောက်တော်မူသော ဆရာတော်ဘုရားကြီး (၃)ပါးမှ သိမ်နှုတ်ကမ္မဝါစာကို ဖတ်ကြားချီးမြှင့်ပေးပါရန်၊ (ရေလယ်ဆရာတော်၊ မြို့ရွှေဆရာတော်၊ မာမကဆရာတော်)

၃။ ကြွရောက်တော်မူကြသော သံဃာတော်အရှင်မြတ်များမှ မေတ္တာသုတ်ပရိတ် ချီးမြှင့်ပေးပါရန်၊

၄။ နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက် ဆရာတော်မှ သိမ်အကြောင်း သိကောင်းစရာ ဩဝါဒပေးတော်မူပါရန်၊

၅။ သိမ်နိမိတ်စောင့် သံဃာတော် (၈)ပါးတို့ မိမိတို့ကျရာ သိမ်နိမိတ်ရှိရာအရပ်သို့ သွားရောက်၍ နေရာယူကြရန်၊

၆။ အောက်ဖော်ပြပါ ဆရာတော်ကြီး (၅)ပါးမှ အနီးနိမိတ်၊ အဝေးနိမိတ် ချီးမြှင့်ပေးပါရန်၊

## အနီးနိမိတ်ကြား

(က) နိုင်ငံတော်ဩဝါဒါစရိယ ရေလယ်ဆရာတော် ပထမနိမိတ် ကြားပေးပါရန်၊

(ခ) မြို့နယ်သံဃနာယက-ဒုတိယဥက္ကဌ မြို့ရှေ့ဆရာတော် ဒုတိယ နိမိတ် ကြားပေးပါရန်၊

(ဂ) နိုင်ငံတော်ဗဟိုဝန်ဆောင် ပရိယတ္တိမာမကဆရာတော် တတိယ နိမိတ် ကြားပေးပါရန်၊

(ဃ) နိုင်ငံတော်ဗဟိုဝန်ဆောင် မြသိန်းဆရာတော် စတုတ္ထနိမိတ် ကြားပေးပါရန်၊

## အဝေးနိမိတ်ကြား

(င) နိုင်ငံတော်ဩဝါဒါစရိယ ရေလယ်ဆရာတော် ပဉ္စမ အဝေးနိမိတ် ကြားပေးပါရန်၊

၇။ မြန်မာနိုင်ငံတွင် နေ-လ အသွင် ထင်ရှားသော ဆရာတော်ကြီး (၅)ပါးတို့၏ မှူးဖြင့် သမာနသံဝါသ ဥတ္တိဒုတိယ သိမာသမ္မုတိ ကမ္မဝါစာ (၅)ကြိမ် ဖတ်ကြားချီးမြှင့်ပေးပါရန်၊

(က) တိပိဋက ဓမ္မဘဏ္ဍာဂါရိက၊ မင်းကွန်းဆရာတော်ကြီး၏မှူးဖြင့် ပထမ

(၁) နိုင်ငံတော်သြဝါဒါစရိယ၊ ပါဠိတက္ကသိုလ်ရေလယ်ဆရာတော်

(၂) မြို့နယ်သံဃနာယက-ဒုတိယဥက္ကဋ္ဌ မြို့ရွှေဆရာတော်

(၃) နိုင်ငံတော်ဗဟိုဝန်ဆောင် ပရိယတ္တိမာမကဆရာတော်

(ခ) ပခုက္ကူဆရာတော် ဦးဂန္ဓသာရ၏ မှူးဖြင့် ဒုတိယကမ္မဝါစာအကြိမ်၌

(၁) နိုင်ငံတော်ဗဟိုဝန်ဆောင် မြသိန်းတန်ဆရာတော်

(၂) မြို့နယ်+တိုင်းဝိနည်းဓိုရ် မှန်နန်းဆရာတော်

(၃) ကမ္မဋ္ဌာန်းဆရာတော်

(ဂ) မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ (အဂ္ဂမဟာပဏ္ဍိတ) ဦးနာဒရ မှူးဖြင့် တတိယအကြိမ်၌

(၁) လောကုတ္တရာ ဆရာတော်

(၂) မှန်ကျောင်းဆရာတော်

(၃) ဒီဃာယုက ဆရာတော်

(ဃ) မြင်းခြံမြို့၊ ကိုးဆောင် ဆရာတော် ဦးသောဘိတ (မဟာန-ဥက္ကဋ္ဌ) မှူးဖြင့် စတုတ္ထအကြိမ်၌

(၁) မင်းလမ်းသရက်တောကျောင်း ဆရာတော်

(၂) မြို့သစ်တောင် (နေ+လ) ဆရာတော်

(၃) ဒီဃာယုကကျောင်း - ဦးခေမာစာရ

(င) အဘယာရာမ ဆရာတော်ဘုရားကြီး၏ (ရွှေကျင်)မှုဖြင့် ပဉ္စမကမ္မဝါစာ အကြိမ်၌

(၁) ဝင်းကျောင်းဆရာတော်

(၂) မင်္ဂလာအောင်မြေဆရာတော်

(၃) ရေလယ်ကျောင်းတိုက်၊ ဦးဣန္ဒောဘာသ

၈။ မြန်မာနိုင်ငံတွင် နေ+လ အသွင် ထင်ရှားသော ဆရာတော်ကြီး (၅) ပါးတို့၏ မှုဖြင့် အဝိပ္ပဝါဒ ဥတ္တိဒုတိယ သိမာသမ္မုတိ ကမ္မဝါစာ (၅) ကြိမ် ဖတ်ကြားချီးမြှင့်ပေးပါရန်

(က) ပထမကမ္မဝါစာအကြိမ်

(ခ) ဒုတိယကမ္မဝါစာအကြိမ်

(ဂ) တတိယကမ္မဝါစာအကြိမ်

(ဃ) စတုတ္ထကမ္မဝါစာအကြိမ်

(င) ပဉ္စမကမ္မဝါစာအကြိမ်

(၇) အစီအစဉ်အရ ချီးမြှင့်တော်မူကြသော ဆရာတော်များမှ ကမ္မဝါစာ ချီးမြှင့်ပေးပါရန်

၉။ သံဃာတော်အရှင်မြတ်များမှ ဇယန္တော ဗောဓိယာမူလေ စသော (၅) ဂါထာတို့ဖြင့် ချီးမြှင့်ပေးပါရန်၊

၁၀။ ပျော်ဘွယ်မြို့၊ ပရိယတ္တိမာမကဆရာတော်မှ သိမ်သမုတ်အောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် ဇယန္တော ဗောဓိယာမူလေ စသော အောင်ဂါထာကို ချီးမြှင့်ပေးပါရန်၊

၁၁။ သာသနာရက္ခိတသိမ်တော် အောင်မြင်ကြောင်း သီမာသမ္မုတိ ဇေယျ မင်္ဂလာ ကောင်းချီး၊ သြဘာစာကို (ရေလယ်စာချဦးပါမောက္ခ) ဆရာတော်မှ ဖတ်ကြားချီးမြှင့်ပြီး ထိုးစည်၊ ထိုးမောင်းများ တီးခတ်ပေးရန် (သေနတ်၊ ဗျောက်အိုးများပစ်ဖောက်ခြင်း၊ မီးချူးမီးပန်းများ လွှတ်တင်ခြင်းများ ပြုလုပ်နိုင်ပါသည်)

၁၂။ နိုင်ငံတော်သြဝါဒါစရိယ ရေလယ်ဆရာတော်ဘုရားကြီးမှ ငါးပါးသီလ ချီးမြှင့်ပြီး ရေစက်ချ အမျှပေးဝေရန်၊

၁၃။ ကြွရောက်တော်မူကြသော သံဃာတော်အရှင်မြတ်များမှ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" (၃) ကြိမ်ရွတ်ဆို၍ သိမ်သမုတ်အောင်ပွဲ အခမ်းအနား ပြီးဆုံးကြောင်း ကြေငြာရန်။ ။

(ဤတွင် သိမ်သမုတ်အခမ်းအနား အစီအစဉ် ပြီး၏)

## **ဓမ္မဒါန ကုသိုလ်ရှင်**

ပျော်ဘွယ်မြို့၊ ရှမ်းပွဲရပ်
ကျောင်းဒါယကာကြီး **ဦးရွှေဘော်** +
ကျောင်းဒါယိကာမကြီး **ဒေါ်စောမှီ** မိသားစုတို့က
သီမာဝိနိစ္ဆယာဒိကျမ်း
ဖြစ်မြောက်ရေးအတွက်
ကျပ်ငွေ ၃၀၀၀၀၀ (သုံးသိန်း) တိတိကို
စေတနာသဒ္ဓါ ရက်ရောစွာ
စွန့်ကြဲလှူဒါန်းခဲ့ပါကြောင်း
မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ပျော်ဘွယ်ရေလည်ဆရာတော်

# " အမှားပြင်ဆင်ချက်နှင့် ဖြည့်စွက်ချက် "

| | စာမျက်နှာ | ကြောင်းရေ | အမှား | + | အမှန် |
|---|---|---|---|---|---|
| နိဒါန်း | ၈ | ၂၂ | သီလသမ္မုတိ | + | သီမသမ္မုတိ |
| | ၂၈ | ၁၈ | သိမ်မရှိပါက | + | သိမ်ရှိပါက |
| | ၄၆ | ၈ | မြေခံရက်ရာ | + | မြေခံရက်ရာဇာ |
| | ၄၉ | ၂၀ | သိမ်မရှိပါက | + | သိမ်ရှိပါက |
| | ၆၀ | ၂၂ | စေ့ဆောင် | + | စေ့ဆော် |
| | ၆၁ | ၁၇ | ဆည်ရွှာ | + | ဒီဃာယုက |
| | ၆၁ | ၂၃ | ပေမှံ(၄၇-၄၇) | + | ပေမှံ(၃၅)(၃၅) |
| | ၆၄ | ၂ | ( )နာရီ( ) မိနစ် | + | ည(၁၁)နာရီ(၄၀)မိနစ် |
| | ၆၆ | ၆ | ( )နာရီ( ) မိနစ် | + | ည(၁၁)နာရီ(၅၈)မိနစ် |

## ဖြည့်စွက်ချက်

၆၇ ၆ သိမ်မြေနှုတ်ဖယား(၁)(၂)တောင်နှင့်ပေ တွဲပြခြင်း

(က)မြေတိုင်းတာခြင်း၊အလျှား(၅)တောင်အနံ(၂)တောင်ထွာ(ကွက်ငယ်)

(ခ)အတွင်းသိမ်မြေပမာဏ၊အလျှား(၂၅)တောင်၊အနံ(၂၅)တောင်၊(အရှေ့၊အနောက်)

(ဂ)သီမန္တရစ်၊ (၂)တောင်ထွာ (လေးဘက်ပတ်လည်)

(က)မြေတိုင်းတာခြင်း၊အလျှား(၇)ပေ၊အနံ(၃)ပေ(၆)လက်မ(ကွက်ငယ်)

(ခ)အတွင်းသိမ်မြေပမာဏ၊အလျှား(၃၅)ပေ၊အနံ(၃၅)ပေစီ၊ (အရှေ့၊အနောက်)

(ဂ)သီမန္တရစ်၊ (၃)ပေ(၆)လက်မ (လေးဘက်ပတ်လည်)

**မှတ်ချက်။** ။ တောင်ထွာနှင့် ကြိုက်က၊တောင်ထွာဖြင့် ဇယားပြုလုပ်ပါ။
ပေလက်မနှင့် ကြိုက်က၊ပေ၊လက်မဖြင့် ဇယားပြုလုပ်ပါ။

**သတိပြုရန်။** ။ ဥဒကံဘန္တေ(ပါဠိ) ရေနိမိတ်ပါ ဘုရား ( မြန်မာ )
ဥဒကံဘန္တေ(ပါဠိ) ရေ. . ပါ ဘုရား ( မြန်မာ )
အချို့က နိမိတ်ပါဖြေကြသည်။အချို့က နိမိတ်မပါဘဲ ရေပါဘုရားဟုဖြေကြသည်။
မိမိနှစ်သက်ရာ ဖြေဆိုနိုင်သည်။

၆၂+၉၈(က) ကမ္မဝါစာဖတ်သောအခါ-
အစီအစဉ်( ၇ )(က)အရ (တိပိဋက မူဖြင့်) ပထမကမ္မဝါစာအကြိမ်၌ ၊အဝိပ္ပဝါသ
သီမာသမ္မုတိကမ္မဝါစာကို (၁)ပါးချင်းတစ်ကြိမ်၊(၂)ပါးတွဲ တစ်ကြိမ်(၃)ပါးတွဲ တစ်ကြိမ်
ချီးမြှင့်ပြီး ဒု/တ/စ/မ/အကြိမ်များ၌ (၃)ပါးတွဲ ချီးမြှင့်ရန် ဖြစ်သည်။



သိမ်နှုတ်၊ သိမ်သမုတ်အတွက် အထူးစီစဉ်ရေးသားအပ်သော

# သီမာဝိနိစ္ဆယာဒိကျမ်း

## ဘဒ္ဒန္တ ကောဝိဒ

(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ)

ပျော်ဘွယ် – ရေလယ်ဆရာတော်